# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၂)ရက် ၊ တနင်္ဂနွေနေ့ ၊ (10-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၀၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် ရန်ကုန်မြို့အခြေစိုက်သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများ လက်မှတ်ရေးထိုး




နေပြည်တော် ဩဂုတ် ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ဩဂုတ် ၇ ရက်တွင် ကွယ်လွန်ခဲ့သည့်အတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်ကို ရန်ကုန်မြို့ စကားဝါလမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဩဂုတ် ၈ ရက်မှ စတင်၍ ဖွင့်လှစ်ထားရာ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက ဝမ်းနည်းကြောင်း လာရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။

ယနေ့တွင် မြန်မာနိုင်ငံဆိုင်ရာသံရုံးအကြီးအကဲများဖြစ်သည့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jong Ho Bom၊ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. IskanderAzizov၊

စာမျက်နှာ ၁၈ ကော်လံ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် ရန်ကုန်မြို့အခြေစိုက်သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက လက်မှတ်ရေးထိုးကြစဉ်။


## တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဩဂုတ် ၉

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်အရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ဩဂုတ် ၁၁ ရက်မှ ၁၅ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ကယားပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ရန်ကုန်တိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် နေရာကွက်၍ မိုးကြီးမည်။

စာမျက်နှာ ၁၈ ကော်လံ ၁

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်၏ ဩဂုတ် ၉ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဩဂုတ် ၁၁ ရက်မှ ၁၂ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ







ရတနာပုံ
၂၀၂၅ ခုနှစ် ဩဂုတ် ၁၀ ရက်
အယ်ဒီတာ့အာဘော်

# အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုတွင်ပါဝင်

အာဟာရသည် ကျန်းမာရေးကောင်းမွန်ခြင်းအတွက် အခြေခံအုတ်မြစ်ဖြစ်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးမှုနှင့် စွမ်းဆောင်မှုများကို တိုးတက်စေရန် ငယ်ရွယ်သည့်အချိန်မှစ၍ အာဟာရပြည့်ဝစွာစားသုံးရေးသည် အရေးကြီးသည်။ မြန်မာနိုင်ငံတွင် ၂၀၀၃ ခုနှစ်မှစတင်၍ နှစ်စဉ် ဩဂုတ်လတစ်လလုံး "အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ"အဖြစ်သတ်မှတ်၍ ရက်သတ္တပတ်လှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိပြီး ရက်သတ္တပတ်လှုပ်ရှားမှုများအနက် ဩဂုတ်လဒုတိယပတ်သည် ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ဖြစ်သည်။

မိခင်ဝမ်းတွင်းသန္ဓေသားဘဝမှစ၍ အသက်နှစ်နှစ်အရွယ်အထိ ပထမရက် ၁၀၀၀ သည် ကလေးငယ်များအတွက် အာဟာရပြည့်ဝရန်အရေးကြီးသည်။ မွေးဖွားစကလေးငယ်များအား မိခင်နို့ချိုကိုစနစ်တကျ တိုက်ကျွေးပြီးနောက် ငါးနှစ်အောက်ကလေးငယ်များနှင့် ငယ်ရွယ်သူကျောင်းသားလူငယ်များ အာဟာရပြည့်ဝရေးသည်လည်း အရေးကြီးသည်။ ကလေးငယ်များသည် အပင်ပေါက်လေးများကဲ့သို့ ဖွံ့ဖြိုးမှုအရှိန်မြန်ဆန်နေသောအရွယ်ဖြစ်သည်။ ထိုအရွယ်တွင် အာဟာရဓာတ်စုံလင်ကြွယ်ဝစွာဖြင့် ကျွေးမွေးမှသာ ကျန်းမာကြံ့ခိုင်၍ ကောင်းစွာကြီးထွားနိုင်မည်ဖြစ်ပြီး အာဟာရဓာတ်ပြည့်စုံကြွယ်ဝသကဲ့သို့ ဉာဏ်ရည်ဉာဏ်သွေးလည်း ကောင်းမွန်လာမည်ဖြစ်သည်။

ကျောင်းနေအရွယ်ကလေးများသည် ဖွံ့ဖြိုးကြီးထွားရန် အားယူသောအချိန်ကာလဖြစ်သဖြင့် အနာဂတ်တွင် ကျန်းမာသန်စွမ်းသော လူတော်၊ လူကောင်းများဖြစ်လာရန် ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးနှင့်ညီညွတ်သည့်အမူအကျင့်များကို ကျောင်းသားအရွယ်ကတည်းက ပြုစုပျိုးထောင်ပေးရန် အလွန်အရေးကြီးသည်။ ကျောင်းများတွင် ကျန်းမာရေးအသိပညာတိုးပွားရေးနှင့် ကျောင်းသားလူငယ်များ၏ ကြီးထွားဖွံ့ဖြိုးမှုအတွက် မူကြိုနှင့်မူလတန်းကျောင်းများတွင် အစာအာဟာရမျှတစွာစားသုံးတတ်လာစေရေးအတွက် အာဟာရပညာပေးခြင်း၊ ကျောင်းဈေးသည်များနှင့် ကျောင်းဈေးဆိုင်များကို စနစ်တကျစစ်ဆေး၍ အန္တရာယ်ကင်းသောအစားအသောက်များရောင်းချရန်အတွက် ကြီးကြပ်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရမည်။ ကျောင်းကျန်းမာရေး အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ်ကင်းရေးအပြင် ကျောင်းတွင်းအာဟာရကို စနစ်တကျအကောင်အထည်ဖော်ခြင်းသည် ကျောင်းသား၊ ကျောင်းသူများ၏ ကျောင်းသင်ခန်းစာများသင်ယူလေ့လာရာတွင် သန့်ရှင်းသောပတ်ဝန်းကျင်၊ ကျန်းမာသောကိုယ်ကာယနှင့် ကြံ့ခိုင်သောစိတ်ဓာတ်ရှိစေရန် အထောက်အကူဖြစ်စေသည်။

နိုင်ငံတော်၏လမ်းညွှန်မှုဖြင့် ငါးနှစ်အောက်ကလေးများကို ဗီတာမင်အေနှင့် သံချဆေးများတိုက်ကျွေးခြင်း၊ ကိုယ်အလေးချိန်ခြင်း၊ လက်မောင်းလုံးပတ်တိုင်းခြင်း၊ အာဟာရပြည့်ဝစွာစားသုံးရန် ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး ကြည့်ရှုစစ်ဆေးခြင်း၊ ကျောင်းအခြေပြု ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများဘေးကင်းစေရေးစစ်ဆေးခြင်း၊ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ဆောင်ခြင်းတို့ကို ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ မိမိတို့ရင်သွေးငယ်လေးများ၏ ကာယ၊ ဉာဏဖွံ့ဖြိုးတိုးတက်မှုနှင့် တစ်သက်တာကျန်းမာသောလူနေမှုပုံစံကိုရရှိရန် လေ့ကျင့်ပျိုးထောင်နိုင်သည့်အကောင်းဆုံးအရွယ်သည် ကျောင်းနေအရွယ်ဖြစ်သည်။ ထိုသို့ လေ့ကျင့်ပျိုးထောင်နိုင်ပါက ကလေးများသည် ကျောင်းတွင်းစွမ်းဆောင်ရည်များတိုးတက်လာပြီး ပညာရေးတွင် အောင်မြင်မှုများဆွတ်ခူးနိုင်ရုံသာမက အနာဂတ်တွင် နိုင်ငံတော်အတွက် အားထားရသော အဖိုးတန်လူငယ်များဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များတွင် မိဘပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၅၇၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မုံရွာ ဩဂုတ် ၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၅၇၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၉၃၀၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၅၇၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၇၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ ပဲတောင့်ရှည် စတဲ့သီးနှံတွေ စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးဖို့၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် နှစ်စဉ် ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးသော ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း၊ ဟင်းသီးဟင်းရွက် စိုက်မည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် ကျော်ခေါင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် ဩဂုတ် ၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျှော့ကျစေရန်ရည်ရွယ်၍ ကျော်ခေါင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၇ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျော်ခေါင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၁၀ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ်သန်း ၃၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် ဩဂုတ် ၉

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်အိအိမိုးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ မနောသုခဆန်သည် ဆန်ကြမ်းအုပ်စုတွင် ပါဝင်သည့်ဆန်အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ဒီဘက်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့တဲ့ မနောသုခဆန်တွေက အရည်အသွေးကောင်းပါတယ်။ ဒါကြောင့် အဆက်မပြတ် တင်ပို့နေရပါတယ်။ ဒီဘက်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့တဲ့ဆန်အမျိုးအစားတွေထဲမှာ မနောသုခဆန်က အဝယ်လိုက်ခဲ့လို့ ဇူလိုင်လအတွင်း အိတ်ရေများများရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းကနေ အဓိကထား တင်ပို့ ရောင်းချနေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိမိုးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် မနောသုခဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၂၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များ အရောင်းအဝယ် ကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် မုံပင်ဆုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သာစည် ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျွဲတပ်ဆုံကျေးရွာအုပ်စု မုံပင်ဆုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း နှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ မုံပင်ဆုံကျေးရွာတွင် လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

မုံပင်ဆုံကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၆၉ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လ တတိယပတ်မှစ၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၃၄ အေ၊ ၇၆ x ၇၇ လမ်းကြားနေ သမီး ဒေါ်ခင်မမ မိသားစုတို့က မိခင်ကြီး ဒေါ်ခင်ကြည်အား ရည်စူး၍ ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ တာဝန်ကျဆရာဝန် ဒေါက်တာ ဦးညွန့်သန်းက လက်ခံရယူစဉ်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၃၄၆၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၃၄၆၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၇၇၀၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၄၆၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ဖူးစားပြောင်း ဧက ၂၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၃၄၆၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ဖူးစားပြောင်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၅၈၀၄ ဧက၊ ကနီမြို့နယ်တွင် ၂၇၆၉ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၂၁၅ ဧက၊ ပုလဲမြို့နယ်တွင် ၄၆၇၅ ဧက စုစုပေါင်း ၁၃၄၆၃ ဧကဖြစ်ကြောင်း၊ ဖူးစားပြောင်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၁၁၅၀၀၊ ကနီမြို့နယ်တွင် ၂၁၅၆ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၂၉၆၂ ဧက၊ ပုလဲမြို့နယ်တွင် ၁၁၀၈၇ ဧက စုစုပေါင်း ၂၇၇၀၅ ဧကဖြစ်ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်ဦးမြို့နယ် ထနောင်းဝင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စုတည်ကျေးရွာအုပ်စု ထနောင်းဝင်းကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ သိရှိလိုက်နာရမည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စီမံကိန်းစာရင်းဇယားများ ပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၁ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များကထနောင်းဝင်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၄၀ ကို စီမံကိန်းရန်ပုံငွေကျပ်၂၁ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးအနု ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးအနု ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်စန်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးအနု ပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကွမ်းသီးအနု ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးအနုများ တင်ပို့အားကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်တွင်သာမက အခြားဈေးကွက်ကပါ ဝယ်လိုအားကောင်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ထဲကနေ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့လက ကွမ်းသီးနု ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ လက်ရှိ ကွမ်းသီးအနု တစ်ပိဿာကို ငွေကျပ် ၁၁၅၀၀ ထိ ပေါက်ဈေးရှိပါတယ်။ လက်ရှိ ကွမ်းသီးတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်သူတွေ လုပ်ငန်းအဆင်ပြေပြေ လည်ပတ်လုပ်ကိုင်နေရပါတယ်"ဟု ဘိုကလေးမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်စန်းက ပြောပြသည်။

ဘိုကလေးမြို့နယ်က ထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များက ကွမ်းသီးခြံများသို့ သွားရောက်ဝယ်ယူပြီး စနစ်တကျရွေးချယ်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် အခြားဈေးကွက်သို့ ပြန်လည်တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခင်က ကွမ်းသီးအစိမ်း၊ အမှည့်ဈေးကွက်နှစ်မျိုးသာရှိပြီး ယခုအခါ ရင့်မှည့်ချိန်ထိ စောင့်ရောင်းရန်မလိုဘဲ ကွမ်းသီးအနုသီးများကို အရောင်းအဝယ်ပြုလုပ်နေကြောင်း ဘိုကလေးမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်စန်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

မျိုးသူ(ကုန်သွယ်မြင့်)

နိုင်ငံတစ်နိုင်ငံအတွက် မြေကြီးမှရှေ့သီးရန်အပြင် စက်ရုံအလုပ်ရုံများက ရှေ့သီးရန်အတွက်လည်း ကုန်ထုတ်လုပ်မှုများကို တိုးမြှင့်ထုတ်လုပ်သွားရန် လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်ရှေ့သီးရန်အတွက် ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးကို ဆောင်ရွက်ခြင်းသည် မဖြစ်မနေလုပ်ကို လုပ်ဆောင်ရမည့်အချက်ကြီး ဖြစ်သည်။ နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးနှင့် ချမ်းသာကြွယ်ဝလာရေးအတွက် ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေးသည် များစွာအရေးကြီးသည်။ စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်လာရေး၊ စက်မှုလက်မှုထုတ်ကုန်များတိုးတက်လာရေး၊ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာရေးတို့သည် မဖြစ်မနေလုပ်ကိုင်ကြရမည်ဖြစ်သည်။ နိုင်ငံတိုင်းအတွက် စီးပွားရေးကို အခြေခံအားဖြင့် စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍဟု သုံးမျိုးရှိသည်။ အဆိုပါကဏ္ဍကြီးများ အချိုးညီညီ ဖွံ့ဖြိုးတိုးတက်လာလျှင် နိုင်ငံ၏စီးပွားရေးလည်း လိုက်ပါမြင့်တက်လာမည်။ ထိုအထဲတွင် စိုက်ပျိုးရေးကဏ္ဍမှဖြစ်စေ၊ စက်မှုကဏ္ဍမှဖြစ်စေ ကုန်ထုတ်လုပ်မှုတိုးတက်လာပါက နိုင်ငံ၏ကုန်ထုတ်စွမ်းအားလည်းလိုက်ပါတိုးတက်လာမည်ဖြစ်သည်။

ကုန်ထုတ်လုပ်မှုတိုးတက်ခြင်းဖြင့် အဓိကရရှိမည့်အခွင့်အလမ်းများမှာ အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာခြင်း၊ ပြည်ပပို့ကုန်များတိုးတက်လာပြီး နိုင်ငံခြားငွေများ တိုးတက်ရရှိလာစေခြင်း၊ GDP တိုးတက်လာခြင်း၊ တစ်ဆက်တည်းအားဖြင့် ပြည်သူတစ်ရပ်လုံး၏ လူနေမှု အဆင့်အတန်းမြင့်မားလာစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။

**အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာခြင်း**

နိုင်ငံတွင် စက်မှုလက်မှုလုပ်ငန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများမှ ထုတ်ကုန်ပစ္စည်းများကို တိုးတက်ထုတ်လုပ်သည်နှင့်အမျှ ငွေကြေးလည်ပတ်မှုလည်းများပြားလာပြီး လုပ်ငန်းသည် ထပ်မံမြင့်တက်လာမည်ဖြစ်သည်။ လုပ်ငန်းကို တိုးချဲ့နိုင်သည်နှင့်အမျှ လုပ်သားများ၊ ဝန်ထမ်းများကို ပိုမိုခန့်ထားနိုင်လာမည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ မြန် မာနိုင်ငံသည် ဆင်းရဲသောနိုင်ငံဖြစ်သော်လည်း သဘာဝသယံဇာတနှင့် မြေယာပေါများသော အခြေအနေတွင်ရှိသဖြင့် စိုက်ပျိုးရေးကဏ္ဍတွင်လည်း တိုးတက်ထုတ်လုပ်နိုင်သည့် အခြေအနေရှိသည်။ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုကဏ္ဍနှစ်ရပ်လုံးကို တိုးတက်အောင်ဆောင်ရွက်နိုင်သည်နှင့် အမျှ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါများလာမည်ဖြစ်သည်။ အထည်ချုပ်လုပ်ငန်းကဲ့သို့ လူအင်အားလိုအပ်သော စက်မှုကုန်ထုတ်လုပ်ငန်းများကို ကြည့်ပါ။ စက်ရုံများတိုးတက်များပြားလာသည်နှင့် အမျှ ကုန်ထုတ်လုပ်မှု ပြုလုပ်နိုင်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ပေါက်လာမည်ဖြစ်သည်။

**ပြည်ပပို့ကုန်မြင့်တက်ခြင်းနှင့် ပို့ကုန်ဝင်ငွေတိုးတက်ခြင်း**

ပြည်ပပို့ကုန်များ တိုးတက်စေလိုပါက ကုန်ထုတ်လုပ်မှု တိုးတက်နေရန်လိုအပ်သည်။ ထုတ်ကုန်ပစ္စည်းများ တိုးတက်နေမှသာ ပြည်ပပို့ကုန်များ အရေအတွက်နှင့် အရည်အသွေးနှစ်မျိုးလုံး တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။ ထိုသို့တိုးတက်လာသည်နှင့်အမျှ နိုင်ငံအတွက် ပို့ကုန်မှရသော နိုင်ငံခြားငွေကြေးများ ပိုမိုတိုးတက်ရရှိလာမည်ဖြစ်သည်။ ပို့ကုန်မှရသော နိုင်ငံခြားငွေကြေးတို့တိုးတက်ရရှိစေရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် ပို့ကုန်များတိုးတက်လာစေရန် အထောက်အကူပြုကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ပို့ကုန်များ တိုးတက်လာစေရန်အတွက် အဘက်ဘက်မှကြိုးပမ်းရာတွင် မြန်မာနိုင်ငံအနေဖြင့် အမျိုးသားပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အမျိုးသားပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာတွင် ဦးစားပေးကဏ္ဍကြီးများရွေးချယ်ပြီး ငါးနှစ်အတွင်း ဆောင်ရွက်ရမည့်စီမံချက်၊ စီမံကိန်းများကိုချမှတ်၍ သက်ဆိုင်ရာဌာနအသီးသီးက အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ ဆန်စပါး ပို့ကုန်တစ်ခုကို ဥပမာအနေဖြင့် လေ့လာကြည့်မည်ဆိုပါက မြန်မာနိုင်ငံသည် နိုင်ငံခြားသို့ ဆန်နှင့် ဆန်ကွဲကိုရောင်းချပေးလျက်ရှိသည်။ အဆိုပါ ဆန်၊ ဆန်ကွဲများကိုပြည်ပသို့တင်ပို့ရောင်းချခြင်းဖြင့် မြန်မာနိုင်ငံသည် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာကို ရရှိနေပြီဖြစ်သည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆန်၊ ဆန်ကွဲကို တစ်လလျှင် တန်ချိန် နှစ်သိန်းခန့်ဖြင့် တစ်နှစ်အတွက် တန်ချိန် နှစ်သန်းခွဲခန့်ထိ တင်ပို့နိုင်ခဲ့သည်။ ပို့ကုန်မှ ရရှိငွေအနေဖြင့်အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ရရှိခဲ့သည်ဟုသိရသည်။ ဆန်၊ ဆန်ကွဲတင်ပို့မှုသည် ယခုထက် တိုးတက်လာပါက ပို့ကုန်မှရငွေမှာလည်း ပို၍တိုးတက်လာမည်ဖြစ်သည်။ ထိုသို့ တိုးတက်ရရှိလာစေရန် အဓိကလိုအပ်ချက်သည် စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာရေးပင်ဖြစ်သည်။ စပါးစိုက်ပျိုးမှုတိုးတက်လာမှသာ စပါးထွက်ရှိမှုပိုမိုရရှိလာမည်ဖြစ်ပြီး ဆန်စက်များ ပိုမိုကြိတ်ခွဲလာရမည်၊ ဆန်၊ ဆန်ကွဲထုတ်လုပ်မှုလည်း လိုက်ပါတိုးတက်လာမည်ဖြစ်သည်။ ဆန်၊ ဆန်ကွဲဆိုသော ကုန်ပစ္စည်းများ ပိုမိုများပြားလာမှသာ ပြည်ပတင်ပို့မှုလည်း တိုးတက်လာပြီး ပို့ကုန်မှရရှိသော နိုင်ငံခြားငွေလည်း နိုင်ငံတော်ဝင်ငွေအဖြစ် တိုးတက်လာမည်ဖြစ်သည်။ နိုင်ငံအတွက်လည်း အခွန်အခများပိုမိုရရှိလာပြီး နိုင်ငံအတွက် လိုအပ်သော အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းများ၊ တံတားများ၊ ဆည်များ စသည်တို့ကို ပြန်လည်တည်ဆောက်နိုင်မည်ဖြစ်သည်။ အဆိုပါ အခြေခံအဆောက်အအုံများက ကုန်ထုတ်လုပ်မှုအတွက် ပြန်လည်အကျိုးပြုပြီး ဖွံ့ဖြိုးတိုးတက်မှု၊ GDP တိုးတက်မှုတို့ကို နောက်တစ်ဖန် တိုးတက်လာစေသည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှုတိုးတက်လာရေးသည် နိုင်ငံကိုအဘက်ဘက်မှ တိုးတက်စေသည့် ကြီးမားသောတွန်းတင်ပေးမှုကြီးဖြစ်သည်နှင့်အညီ ကုန်ထုတ်လုပ်မှုတိုးတက်ခြင်းကြောင့် နိုင်ငံတော်သည် ရွှေပင်ရွှေသီးများ ဖူးပွင့်ဝေဆာစေနိုင်မည်ဖြစ်သည်။

**နိုင်ငံစီးပွားရေးတိုးတက်လာခြင်း**

ကုန်ထုတ်လုပ်မှုတိုးတက်ခြင်း၏ အကျိုးကျေးဇူးများသည် အရှိန်ရလာသည်နှင့်အမျှ ထပ်ဆင့်အကျိုးကျေးဇူးများတိုးပွားလာမည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုတိုးတက်သည်နှင့်အမျှ နိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများပြားလာသည်။ အလုပ်အကိုင်အခွင့်အလမ်းများပြားလာသဖြင့် ပြည်သူများ၏ဝင်ငွေသည်လည်း တိုးတက်လာမည်ဖြစ်သည်။ ထိုသို့ ငွေကြေးတိုးတက်လာခြင်းနှင့် နိုင်ငံ၏ GDP သည်လည်းတိုးတက်လာမည်ဖြစ်သည်။ အထက်တွင် ဖော်ပြသကဲ့သို့ နိုင်ငံသူ၊ နိုင်ငံသားများ၏ ဝင်ငွေသည်လည်း တိုးတက်လာသည်။ ထိုအခါ ငွေသုံးစွဲနိုင်မှုသည်လည်း တိုးတက်လာပြီး ကုန်ပစ္စည်းများကို ဝယ်လိုအားလည်းများပြားလာသည်။ တစ်ဖက်မှကြည့်လျှင် လူနေမှုအဆင့်အတန်းလည်း ထပ်မံတိုးတက်လာမည်ဖြစ်သည်။ ထိုအခါတွင် သုံးစွဲထားသော ငွေကြေးများသည် ကုန်ထုတ်လုပ်ငန်းများကို ကုန်ပစ္စည်းများပိုမိုထုတ်လုပ်ရန် တွန်းအားများဖြစ်လာပြီး ကုန်ထုတ်လုပ်မှုကိုတိုးစေသည်။ ထိုသို့ တိုးတက်မှုများသည် ငွေကြေးလည်ပတ်မှုအရှိန်ကို ပိုမိုမြင့်တက်လာစေပြီး နိုင်ငံတော်နှင့်အတူ ပြည်သူလူထု၏ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် ပြည်ပအတွက်ရည်ရွယ်သော ကုန်ပစ္စည်းများ ထုတ်လုပ်မှုသည်လည်း လိုက်ပါတိုးတက်လာမည်ဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုပွင့်လင်းလာမည်ဖြစ်ပြီး အလုပ်လက်မဲ့ကိုလည်း ပျောက်ကွယ်စေမည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုများ တိုးတက်ရန်လိုအပ်သည်နှင့်အမျှ နည်းပညာသုံးစွဲမှုသည်လည်း လိုက်ပါမြင့်တက်လာမည်ဖြစ်ပြီး ဆန်းသစ်တီထွင်မှုများ နည်းပညာများကြောင့် ကုန်ထုတ်လုပ်မှုကိုလည်း ဆတိုးတိုးတက်လာစေမည်ဖြစ်သည်။ နည်းပညာများကို ကမ္ဘာနှင့်အညီ လိုက်နိုင်လာသည်နှင့်အမျှ နိုင်ငံအနေဖြင့်အဆင့်ဆင့် တိုးတက်မြင့်မားလာမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း နည်းပညာကြောင့် ကုန်ပစ္စည်း၏အရည်အသွေးများသည်လည်း လိုက်ပါမြင့်တက်လာမည်ဖြစ်သည်။

ထိုသို့ ကုန်ပစ္စည်းများ၏ အရည်အသွေးပိုမိုမြင့်မားလာသည်နှင့်အမျှ တောင်းဆိုမှု Demand လည်း တိုးတက်ရရှိလာမည်ဖြစ်သည်။ တောင်းဆိုမှုများပြားလာသည်နှင့်အမျှလည်း ကုန်ထုတ်လုပ်မှုကို တိုးတက်စေပါမည်။ ကုန်ချောများ ထုတ်လုပ်မှုများလာသည်နှင့်အမျှ စက်ရုံအလုပ်ရုံများကိုလည်း တိုးတက်စေပြီး ကုန်ကြမ်းလိုအပ်ချက်သည် ပိုမိုလိုအပ်လာသည်။ ထိုအခါ ပြည်တွင်းမှ ကုန်ကြမ်းထုတ်လုပ်မှုသည်လည်း မြင့်တက်လာရသည်။ ထို့ကြောင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ခြင်း၏ အဓိကသော့ချက်သည် ကုန်ထုတ်လုပ်မှုတိုးတက်ခြင်းပင်ဖြစ်သည်။

စာရေးသူတို့နိုင်ငံတွင် များသောအားဖြင့် ကုန်ကြမ်းနှင့် တစ်စိတ်တစ်ပိုင်း ကုန်ကြမ်းများကိုသာ ပြည်ပတင်ပို့နိုင်မှု များပြားသည်။ ထိုအချက်ကို ကျော်လွှားနိုင်ရန်အချက်သည် စက်မှုလက်မှုလုပ်ငန်းများ တိုးတက်ခြင်းနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ခြင်းပင်ဖြစ်သည်။ ဤနေရာတွင် လက်မှုလုပ်ငန်းနှင့် Hand Made ဟူသော လက်မှုထည်များ၏ အခန်းကဏ္ဍကိုလည်း အရေးကြီးသော အခန်းကဏ္ဍတစ်ခုအဖြစ် မှတ်ယူပြီး ပိုမိုထုတ်လုပ်နိုင်ရန် ကြိုးစားရမည်ဖြစ်သည်။ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားစသည့်နိုင်ငံများတွင်လည်း လက်မှုပစ္စည်းများကို ပြည်တွင်းတွင်သာမက ပြည်ပသို့လည်း တိုးတက်ရောင်းချခြင်း၊ ပြည်ပခရီးသွားများ တိုးတက်လာစေရန် ဆွဲဆောင်ခြင်းတို့ကိုပြုလုပ်ပြီး အနုပညာနှင့် လက်မှုပစ္စည်းများထုတ်လုပ်မှုမှ နိုင်ငံခြားဝင်ငွေကို ကောင်းစွာ ရရှိစေသည်။ အထူးသဖြင့် ဗီယက်နမ်နိုင်ငံသည် လက်မှုအထည်များမှ နှစ်စဉ် အမေရိကန်ဒေါ်လာ သန်းရာဂဏန်းကျော် ကောင်းစွာဝင်ငွေရရှိနေပြီဖြစ်သည်။ ဝါးဖြင့်ပြုလုပ်သော လက်မှုထည်များသည် နိုင်ငံတကာတွင် ကောင်းစွာ ထိုးဖောက်နိုင်ပြီး နိုင်ငံခြားဝင်ငွေရရှိသည်ကိုတွေ့နေရသည်။ စာရေးသူတို့နိုင်ငံသည်လည်း အဆိုပါဝါးထည်များထုတ်လုပ်မှုတွင် နောက်ကျနေသော်လည်း မြန်မာ့ကြိမ်ထည်ပစ္စည်းများတွင် နိုင်ငံတကာမှ ဝယ်လိုအားမြင့်မားလျက်ရှိသည်။

**လျှော့သုံးပို့ရှာပါ**

ထို့ကြောင့် နိုင်ငံ၏စီးပွားရေးကို တိုးတက်စေရေးသည် ကုန်ထုတ်လုပ်မှုတိုးတက်ခြင်းပင်ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပတွင် ရောင်းဝယ်နိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ရမည်။ ပြည်တွင်းတွင် ကုန်ထုတ်လုပ်မှုအမျိုးမျိုးတိုးတက်အောင် ထုတ်လုပ်နိုင်ပါက ပြည်ပမှဝယ်ယူတင်သွင်းရသည်များကိုလျှော့ချနိုင်မည်၊ ပြည်ပမှဝယ်ယူတင်သွင်းရသည်ကိုလျှော့ချပြီး ပြည်ပသွင်းကုန်အစားထိုးအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံခြား

စာမျက်နှာ ၅ သို့ ➤

❖ ပြည်တွင်း၊ ပြည်ပတွင် ရောင်းဝယ်နိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ရမည်။ ပြည်တွင်းတွင် ကုန်ထုတ်လုပ်မှုအမျိုးမျိုးတိုးတက်အောင် ထုတ်လုပ်နိုင်ပါက ပြည်ပမှဝယ်ယူတင်သွင်းရသည်များကိုလျှော့ချနိုင်မည်၊ ပြည်ပမှ ဝယ်ယူတင်သွင်းရသည်ကိုလျှော့ချပြီး ပြည်ပသွင်းကုန်အစားထိုးအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေများကို ပြည်ပမှတင်သွင်းရမှုအတွက် သုံးစွဲရခြင်းလျှော့နည်းမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံခြားငွေကို လျှော့သုံးနိုင်လာမည်ဖြစ်သည်။ ထိုသို့ နိုင်ငံခြားဝင်ငွေကို လျှော့သုံးနိုင်ရေး၏ အဓိကအချက်မှာ ပြည်ပအစားထိုးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးပင်ဖြစ်ပြီး ပြည်တွင်းဖြစ်ကိုအားပေးရေးပင်ဖြစ်သည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ခံစားမှုကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

## နှလုံးသားကို အလှဆင်ပါ

- အမုန်းတရားကို စိတ်မှာမတွေး
  နှလုံးသားလေး ဖြူစင်စေ၊
  ဒေါသမာန် အာဃာတတို့
  မထားနှင့်လေ၊
  မေတ္တာတရား ပွားများစေ
  နှုတ်မှာခြွေ သကာပျား၊
  ကိုယ်ချင်းစာ စိတ်ကိုမွေးလို့
  ဖေးကူကြအများ။

- ဖြဟ္မစိုရ်တရား လက်ကိုင်ထားလို့
  မေတ္တာတရား ဖြူစင်ပါ၊
  မေတ္တာသည် စမ်းပမာအေးလို့
  ပန်းလိုမွှေးကာ၊
  လူသားအချင်းချင်း ချစ်ခင်ပါ
  စိတ်စေတနာ ကောင်းအောင်ထား၊
  သတ္တဝါတွေ ဘေးမဖြစ်စေဖို့
  မေတ္တာတွေပွား။

- လေးပါးဆို သင်္ဂဟတရား
  ရင်မှာထား ထာဝစဉ်၊
  ကောင်းမှုတွေ နေ့စဉ်မပြတ်
  ကျင့်အပ်လို့ပင်၊
  ပရဟိတစိတ်ထား ထူထောင်အစဉ်
  မှုဘောင်အသွင် ကောင်းရာတဲ့၊
  လောကကို အလှဆင်ကြလို့
  ဘဝတစ်ခွင် စိတ်ကောင်းမွေး
  နေ့ာင်ရေးရှေးရှု။ ။

ပန်းမာလာ

# အိမ်မဲမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၉၅၄၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မြောင်းမြ ဩဂုတ် ၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၉၅၄၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။



အိမ်မဲမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးလျာထား ဧက ၁၄၃၀၁၀ ကို မေလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါး ၁၁၉၅၄၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စပါးလျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ဒေသခံ တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ စသည့်ဌာနအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

''အိမ်မဲမြို့နယ်မှာ စပါးကို ဧက ၁၄၃၀၁၀ ထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ စပါး ၁၁၉၅၄၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စပါးတွေအခက်အခဲမရှိ စနစ်တကျရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပေါင်းစပ်ဆောင်ရွက်နေပါတယ်။ ဒီလိုပေါင်းစပ်ဆောင်ရွက်ခဲ့လို့ အခုလို အခက်အခဲမရှိ စိုက်ပျိုးနိုင်တာဖြစ်ပါတယ်''ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

➤ စာမျက်နှာ ၄ မှအဆက်

ငွေများကို ပြည်ပမှတင်သွင်းရမှုအတွက် သုံးစွဲရခြင်းလျော့နည်းမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံခြားငွေကိုလျှော့သုံးနိုင်လာမည်ဖြစ်သည်။ ထိုသို့ နိုင်ငံခြားဝင်ငွေကို လျှော့သုံးနိုင်ရေး၏အဓိကအချက်မှာ ပြည်ပအစားထိုးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးပင်ဖြစ်ပြီး ပြည်တွင်းဖြစ်ကို အားပေးရေးပင်ဖြစ်သည်။

တစ်ဖက်တွင်လည်း ချွေတာရုံ၊ လျှော့သုံးရုံသာမက ပို၍ရှာရန်လည်းလိုအပ်သည်။ ပို၍ရှာရမည့်လုပ်ငန်းမှာလည်း ပြည်ပတင်ပို့နိုင်သည့်သီးနှံများကို ပိုမို၍စိုက်ပျိုးထုတ်လုပ်ရေး၊ စက်ရုံအလုပ်ရုံများမှ ကုန်ချောများပိုမိုထုတ်လုပ်၍ ပြည်ပတင်ပို့နိုင်ရေးဖြစ်သည်။ ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကြောင့် နိုင်ငံတော်မှစားသုံးဆီထုတ်လုပ်ရေးနှင့် ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးရေး၊ ပန်းတိုင်အထွက်နှုန်းများ ရောက်ရှိကျော်လွန်ရေးတို့ကို အားပေးမြှင့်တင်ခြင်းကြောင့် ပြည်ပသွင်းကုန်အစားထိုးနိုင်သည့် စားသုံးဆီများကိုပြည်တွင်းတွင် ပိုမိုထုတ်လုပ်နိုင် သည့်အခြေအနေရောက်ရှိလာနေသည်ကို မြင်တွေ့နေရသည်။ လျှော့သုံးခြင်းကြောင့် တိုးတက်လာသည့်အခြေအနေများဖြစ်သည်။ ပြည်ပတင်ပို့နိုင်သည့် ဆီစက်ကြီးများလည်း တိုးတက်ပေါ်ပေါက်လာနေပြီဖြစ်သည်။ အနာဂတ်တွင် ပြည်ပသို့စားသုံးဆီများကို တင်ပို့လာနိုင်ပါက ပြည်တွင်းဆီထွက်သီးနှံများကိုလည်း ပိုမိုထုတ်လုပ်လာရန်ဖြစ်ပြီး အဆင့်ဆင့်တွန်းအားများဖြစ်လာပါမည်။ ပြည်ပတင်ပို့နိုင်သည့် ဆီစက်ကြီးများဖြင့် အရည်အသွေးမြင့်ဆီများကို ကြိတ်ခွဲထုတ်လုပ်ပြီး ပြည်ပတင်ပို့ရေးကိုလည်း ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပြည်ပသွင်းကုန်များကိုလျှော့ချနိုင်ရေးအတွက် သွင်းကုန်အစားထိုးကုန်ထုတ်လုပ်မှုကို တိုးတက်အောင်လုပ်ကိုင်ရမည်။ ပြည်တွင်းတွင် ဖူလုံသည့်ကုန်ပစ္စည်းများကို ပြည်ပသို့တိုးတက်တင်ပို့နိုင်အောင် တစ်နည်းအားဖြင့် နိုင်ငံခြားငွေပိုရှာနိုင်အောင် ဆောင်ရွက်ရမည်။ ထို့ကြောင့် ပြည်သူများ၊ စားသုံးသူများသည် လျှော့သုံးသည့်အနေဖြင့် ပြည်ပအစားထိုးကုန်ပစ္စည်းများကို တိုးတက်ထုတ်လုပ်ရပါမည်၊ တစ်ဖက်တွင်လည်း ပိုရှာသည့်အနေဖြင့် ပြည်ပပို့နိုင်သည့် ကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်ရမည်။ ဤသို့ ဟန်ချက်ညီညီဆောင်ရွက်ခြင်းဖြင့် နိုင်ငံစီးပွားရေးသည်လည်း ဆက်တိုက်စဉ်ဆက်မပြတ်တိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# ကော့ကရိတ်မြို့နယ် အင်းရှည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ကော့ကရိတ် ဩဂုတ် ၉

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းရှည်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆာဒေါက်ဖော့က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အင်းရှည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဒသမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၂၀၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၂၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၇၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် သိန်း ၆၄၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

ကိုသက်




# ရုရှားသမ္မတနှင့် အမေရိကန်သမ္မတတို့ ဩဂုတ် ၁၅ ရက်တွင် အလက်စကာပြည်နယ်၌ တွေ့ဆုံမည်

**ဝါရှင်တန် ဩဂုတ် ၉**

လာမည့် ဩဂုတ် ၁၅ ရက်တွင် အလက်စကာပြည်နယ်၌ ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဩဂုတ် ၈ ရက်တွင် အတည်ပြုကြေညာခဲ့သည်။

ယူကရိန်းပဋိပက္ခ အဆုံးသတ်ရေးအတွက် ဆွေးနွေးညှိနှိုင်းရန် လာမည့် ဩဂုတ် ၁၅ ရက်တွင် အလက်စကာပြည်နယ်၌ ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံမည့် အစီအစဉ်ကို သမ္မတဒေါ်နယ်ထရမ့်က လူမှုမီဒီယာစာမျက်နှာပေါ်၌ ရေးသားအတည်ပြုထားကြောင်း သိရသည်။

သုံးနှစ်ကျော်ကြာ ယူကရိန်းပဋိပက္ခကို အဆုံးသတ်ပေးနိုင်မည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ရပ် ရယူနိုင်ရန် နီးစပ်လာပြီဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက် သမ္မတဒေါ်နယ်ထရမ့်က ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်ကို ကြေညာခဲ့ခြင်းဖြစ်သည်။

မကြာမီ ရယူနိုင်ဖွယ်ရှိမည့် အဆိုပါ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ ယူကရိန်းနိုင်ငံအနေဖြင့် နယ်မြေအချို့ ဆုံးရှုံးခံရနိုင်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ဩဂုတ် ၈ ရက်တွင် ပြောကြားထားသည်။

ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်ကို ရုရှားအစိုးရကလည်း အွန်လိုင်းကြေညာချက်တစ်ရပ်ဖြင့် အတည်ပြုထားသည်။

ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့အနေဖြင့် ယူကရိန်းပြဿနာအတွက် ရေရှည်တည်တံ့မည့် အဖြေကိုရှာဖွေရန် အဓိကထားဆွေးနွေးမည် ဖြစ်ကြောင်း ရုရှားသမ္မတ၏ နိုင်ငံခြားရေးမူဝါဒအကြံပေး ယူရီအူရှာကော့ဗ်က ထုတ်ဖော်ပြောကြားထားသည်။

Ref : RT

Trs : KKO

# ကင်ညာအလယ်ပိုင်း ရထားလမ်းကူး၌ ရထားနှင့်ခရီးသည်တင်ယာဉ် ဝင်တိုက်မှုဖြစ်ပွား

**နိုင်ရိုဘီ ဩဂုတ် ၉**

ကင်ညာနိုင်ငံ အလယ်ပိုင်း ရထားလမ်းကူးတစ်ခု၌ ဩဂုတ် ၇ရက်က ခရီးသည်တင်ဘတ်စကားတစ်စီးနှင့် ရထားတစ်စီးတို့ ဝင်တိုက်ခဲ့ရာ အနည်းဆုံး လူလေးဦးသေဆုံး၍ အများအပြားဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ရထားနှင့်ဝင်တိုက်ခဲ့သော ခရီးသည်တင်ဘတ်စကားမှာ ပိုက်လိုင်းကုမ္ပဏီတစ်ခုမှ အလုပ်သမားများ လိုက်ပါလာသော ဘတ်စကားဖြစ်ကြောင်း ကင်ညာတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရထားနှင့် ခရီးသည်တင်ဘတ်စကား ဝင်တိုက်မှုဖြစ်စဉ်အတွင်း ဒဏ်ရာရရှိခဲ့သူများကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ထားပြီး ဒဏ်ရာပြင်းထန်သူသုံးဦးကို ရဟတ်ယာဉ်ဖြင့် နိုင်ရိုဘီမြို့သို့ ပို့ဆောင်ထားကြောင်း သိရသည်။

သို့ရာတွင် ကင်ညာမီဒီယာများ၏ အဆိုအရ ရထားနှင့် ခရီးသည်တင်ဘတ်စကား ဝင်တိုက်မှုတွင် သေဆုံးသူ အနည်းဆုံး ခြောက်ဦးထိရှိခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကင်ညာတာဝန်ရှိသူများက ရထားနှင့်ဘတ်စကားဝင်တိုက်မှု နောက်ခံအကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

ရထားနှင့်ဘတ်စကားဝင်တိုက်မှုဖြစ်စဉ်သည် ကင်ညာအလယ်ပိုင်း နိုင်ဗာရှာအမည်ရှိ မြို့အနီးဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# အိန္ဒိယဝန်ကြီးချုပ်နှင့် ရုရှားသမ္မတတို့ ဖုန်းခေါ်ဆိုဆွေးနွေး



**ဒေလီ ဩဂုတ် ၉**

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ဩဂုတ် ၈ ရက်တွင် ရုရှားသမ္မတပူတင်နှင့် ဖုန်းခေါ်ဆိုဆွေးနွေးမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရုရှားသမ္မတပူတင်နှင့် ပြုလုပ်ခဲ့သည့် ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် ယူကရိန်းပဋိပက္ခကို အဓိကထားဆွေးနွေးခဲ့ကြောင်း အိန္ဒိယဝန်ကြီးချုပ် မိုဒီက ပြောကြားထားသည်။

အိန္ဒိယ ထုတ်ကုန်များအပေါ် အမေရိကန်အစိုးရက ၂၅ ရာခိုင်နှုန်း အခွန်စည်းကြပ်မှုထပ်မံပြုလုပ်ခဲ့ပြီးနောက် အိန္ဒိယဝန်ကြီးချုပ်နှင့် ရုရှားသမ္မတတို့ ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ရုရှားရေနံများ ဆက်လက်ဝယ်ယူနေမှုအတွက် အိန္ဒိယနိုင်ငံကို အပြစ်ပေးသည့်အနေဖြင့် အိန္ဒိယထုတ်ကုန်များအပေါ် အမေရိကန်အစိုးရက အခွန်စည်းကြပ်မှု ထပ်မံမြှင့်တင်ခဲ့ခြင်းဖြစ်သည်။

ဩဂုတ် ၈ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် ဝန်ကြီးချုပ်မိုဒီနှင့် သမ္မတပူတင်တို့သည် ရုရှား-အိန္ဒိယ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ရန် အတည်ပြုခဲ့ကြသည်။

ယင်းအပြင် ၂၃ ကြိမ်မြောက် အိန္ဒိယ- ရုရှား ထိပ်သီးညီလာခံတက်ရောက်ရေးအတွက် သမ္မတပူတင်ကို ဝန်ကြီးချုပ်မိုဒီက ဖိတ်ကြားခဲ့ကြောင်း အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

Ref : RT

Trs : KKO

# အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ ကြားဝင်ညှိနှိုင်းမှုဖြင့် အဇာဘိုင်ဂျန်နှင့် အာမေးနီးယားနိုင်ငံတို့ ငြိမ်းချမ်းရေးရယူ

**ဝါရှင်တန် ဩဂုတ် ၉**

အမေရိကန်နိုင်ငံ၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ရယူခဲ့သည့် ငြိမ်းချမ်းရေးသဘောတူညီချက်ကို အဇာဘိုင်ဂျန်နိုင်ငံနှင့် အာမေးနီးယားနိုင်ငံတို့က ဩဂုတ် ၈ ရက်တွင် လက်မှတ်ရေးထိုး ခဲ့ကြောင်း သိရသည်။



အဆိုပါသဘောတူညီချက်ကို ဝါရှင်တန်မြို့ အိမ်ဖြူတော်၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် တွေ့ဆုံဆွေးနွေးပြီးနောက် အဇာဘိုင်ဂျန်သမ္မတ အီလ်ဟာမ်အယ်လ်လီယက်ဗ်နှင့် အာမေးနီးယား ဝန်ကြီးချုပ် နီကိုးလ်ပါရှင်ယန်တို့က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

၃၅ နှစ်ကြာ ပဋိပက္ခများဖြစ်ခဲ့ရသည့် အဇာဘိုင်ဂျန်နှင့် အာမေးနီးယားတို့အနေဖြင့် ယခုအချိန်တွင် မိတ်ဆွေနိုင်ငံများဖြစ်လာပြီဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေး သဘောတူညီချက်အရ ပဋိပက္ခများကို ရပ်ဆိုင်းရန်၊ သံတမန်ဆက်ဆံရေး လမ်းကြောင်းများဖွင့်လှစ်ရန်နှင့် တစ်နိုင်ငံ အချုပ်အခြာပိုင်နက် နယ်မြေတည်တံ့ခိုင်မြဲမှုကို တစ်နိုင်ငံက လေးစားရန် အဇာဘိုင်ဂျန်နှင့် အာမေးနီးယားနိုင်ငံတို့က သဘောတူထားကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

အာမေးနီးယားနှင့် အဇာဘိုင်ဂျန်တို့သည် အဇာဘိုင်ဂျန်နိုင်ငံအတွင်း တည်ရှိသော်လည်း အာမေးနီးယား လူမျိုးအများစု နေထိုင်သည့် နာဂေါ်နီ-ကာရာဘက်ခ်ဒေသနှင့် ပတ်သက်၍ နှစ်ပေါင်းများစွာ ပဋိပက္ခများဖြစ်ခဲ့ကြသည်။

အဇာဘိုင်ဂျန်နှင့်အာမေးနီးယားတို့သည် ဆိုဗီယက်ပြည်ထောင်စုဝင်များဖြစ်ခဲ့ဖူးပြီး အစဉ်အလာအားဖြင့် ရုရှားနိုင်ငံ၏ ဩဇာသက်ရောက်သော နိုင်ငံများဖြစ်ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တောင်ကိုရီးယားဘက်သို့ မျက်နှာမူနေရာချထားသည့် အသံချဲ့စက်များ မြောက်ကိုရီးယားပြန်လည်ဖြုတ်သိမ်း

**ဆိုးလ် ဩဂုတ် ၉**

နှစ်နိုင်ငံ နယ်စပ်တစ်လျှောက်၌ တောင်ကိုရီးယားနိုင်ငံဘက်သို့ မျက်နှာမူ နေရာချထားသည့် ဝါဒဖြန့် အသံချဲ့စက်အချို့ကို မြောက်ကိုရီးယားနိုင်ငံက ပြန်လည်ဖြုတ်သိမ်းထားသည်ဟု တောင်ကိုရီးယားတပ်မတော်က ယနေ့တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

မြောက်ကိုရီးယား ဆန့်ကျင်ရေးဝါဒဖြန့် ထုတ်လွှင့်မှုများအတွက် အသုံးပြုနေသည့် အသံချဲ့စက်များကို တောင်ကိုရီးယားနိုင်ငံက ဖြုတ်သိမ်းပေးခဲ့ပြီးနောက် အဆိုပါသတင်းပေါ်ထွက်လာခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံအနေဖြင့် နယ်စပ်တစ်လျှောက်ချထားသည့် အသံချဲ့စက်များအား ဆက်လက်ဖြုတ်သိမ်းနေခြင်း ရှိ၊ မရှိကို အတည်ပြုရန် လိုအပ်ဆဲဖြစ်ကြောင်း တောင်ကိုရီးယားတပ်မတော်သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

မြောက်ကိုရီးယား နိုင်ငံနှင့် တောင်ကိုရီးယား နိုင်ငံတို့ကြား ဆက်ဆံရေးပြေလည်ရန်အတွက် ကြိုးပမ်းမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတသစ်လီဂျေးမြောင်က ပြောကြားထားသည်။

သမ္မတလီဂျေးမြောင်လက်ထက် မူဝါဒ အပြောင်းအလဲများအရ တောင်ကိုရီးယား နိုင်ငံသည် နယ်စပ်တစ်လျှောက်ရှိ ဝါဒဖြန့် အသံချဲ့စက်များကို တောင်ကိုရီးယားနိုင်ငံက ဩဂုတ် ၄ ရက်တွင် ဖယ်ရှားခဲ့သည်။


တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံသည် ၁၉၅၀-၁၉၅၃ ကိုရီးယားကျွန်းဆွယ်ပဋိပက္ခကို အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ဖြင့်သာ အဆုံးသတ်ထားခြင်းဖြစ်ရာ လက်တွေ့အားဖြင့် ပဋိပက္ခဖြစ်နေဆဲအခြေအနေတွင်သာ ရှိသေးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ဂျိမ်းဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က အယ်ဖာစင်တော်ရီအေကြယ်ကိုလှည့်ပတ်နေသည့် ဂြိုဟ်တစ်စင်းကိုတွေ့ရှိ



**နယူးယောက် ဩဂုတ် ၉**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံ ခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ ဂျိမ်းဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်သည် အယ်ဖာစင်တော်ရီ အေအမည်ရှိ ကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်နေသည့် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းကို ရှာဖွေတွေ့ရှိထားကြောင်း ဩဂုတ် ၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် ဂျိမ်းဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်၏ MIRI ကင်မရာစနစ်ဖြင့် ရိုက်ကူးထားသော အယ်ဖာစင်တော်ရီအေ ကြယ်စနစ် ဓာတ်ပုံများကို လေ့လာခဲ့ပြီးနောက် အထက်ဖော်ပြပါဂြိုဟ်သစ်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်သစ်သည် အယ်ဖာစင်တော်ရီအေကြယ်နှင့် မနီးလွန်း မဝေးလွန်းသည့်အရပ်တွင် တည်ရှိနေပြီး အယ်ဖာစင်တော်ရီအေကြယ် အလင်းအားထက် အဆ ၁၀၀၀၀ ပိုနည်းပါးသည်ဟု သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

သို့ရာတွင် ၎င်းဂြိုဟ်မှာအရွယ်အစားကြီးမားသည့် ဓာတ်ငွေ့ဂြိုဟ်တစ်စင်းဖြစ်ဖွယ်ရှိရာ သက်ရှိများ ရှင်သန်ရန်မဖြစ်နိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အယ်ဖာစင်တော်ရီအေသည် ကမ္ဘာဂြိုဟ်နှင့်အနီးဆုံး ကြယ်တစ်စင်းဖြစ်ပြီး ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် လေးနှစ်ခန့်အကွာ၌ တည်ရှိသည်။

အယ်ဖာစင်တော်ရီအေကြယ်သည် အယ်ဖာစင်တော်ရီသုံးစင်းတွဲ ကြယ်စနစ်အတွင်း တည်ရှိသော ကြယ်တစ်စင်း ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## တရုတ်အမျိုးသားအာကာသအေဂျင်စီက လန်ယုလဆင်းယာဉ်သစ်ကို အဆင်းအတက်စနစ်များ စမ်းသပ်ပြုလုပ်ခဲ့

**ပေကျင်း ဩဂုတ် ၉**

တရုတ်အမျိုးသားအာကာသ အေဂျင်စီသည် လန်ယုအမည်ရှိ လဆင်းယာဉ်သစ်ကို အဆင်း အတက်စနစ်များ စမ်းသပ်မှု ပြုလုပ်ခဲ့ကြောင်း ဩဂုတ် ၈ ရက် သတင်းများတွင်ဖော်ပြထားသည်။

လန်ယုလဆင်းယာဉ်သည် အာကာသယာဉ်မှူးနှစ်ဦးလိုက်ပါသွားနိုင်သည့် လဆင်းယာဉ်ဖြစ်ပြီး လပေါ်သို့လူသားများစေလွှတ်ရေး အစီအစဉ်အရ တည်ဆောက်ထားသည့် အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသားအာကာသ အေဂျင်စီသည် ၂၀၃၀ ပြည့်နှစ် မတိုင်မီ လပေါ်သို့ လူသားများ စေလွှတ်ရန် ရည်မှန်းထားသည်။

လန်ယုလဆင်းယာဉ်၏အဆင်းအတက်စွမ်းဆောင်ရည်စမ်းသပ်မှုကို တရုတ်အမျိုးသားအာကာသ အေဂျင်စီက စီပေပြည်နယ် ဟွေ့လိုင်းခရိုင်၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လန်ယုအာကာသယာဉ်သည် အာကာသယာဉ်မှူး နှစ်ဦးအပြင် လမျက်နှာပြင်လေ့လာရေးယာဉ် တစ်စင်းနှင့် သိပ္ပံပညာစူးစမ်းလေ့လာရေးစနစ်များကိုပါ လပေါ်သို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။



စမ်းသပ်မှုအတွင်း လန်ယုလဆင်းယာဉ်၏အဆင်းအတက်စနစ်များမှာ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ခဲ့သည်ဟု တရုတ် မီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## နေထက် အဆပေါင်း နှစ်ဘီလီယံထိ ဒြပ်ထုပိုများသော အာကာသတွင်းနက်တစ်ခုကို သိပ္ပံပညာရှင်များရှာဖွေတွေ့ရှိ

**လန်ဒန် ဩဂုတ် ၉**

ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ အရွယ်အစားအကြီးမားဆုံး အာကာသတွင်းနက်များထဲတွင် ပါဝင်သည့် အာကာသတွင်းနက် တစ်ခုကို ဗြိတိန် သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဩဂုတ် ၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ အာကာသတွင်းနက်၏အရွယ်အစားမှာ ဒြပ်ထုအားဖြင့် နေဒြပ်ထုထက် အဆပေါင်း ၃၆ ဘီလီယံပိုကြီးမားကြောင်း ဗြိတိန်နိုင်ငံ ပို့စ်မောက်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

နှိုင်းယှဉ်ကြည့်ပါက ကမ္ဘာဂြိုဟ်တည်ရှိရာ နဂါးငွေ့တန်းကြယ်စု ဗဟိုချက်ရှိ ဆာဂျီတေးရီးယပ်အေစတား အာကာသတွင်းနက်မှာ အရွယ်အစားအားဖြင့် နေဒြပ်ထုထက် အဆပေါင်း ၄ ဒသမ ၁၅ သန်းထိသာရှိကြောင်း သိရသည်။

ဗြိတိန်သိပ္ပံပညာရှင်များတွေ့ရှိထားသော Cosmic Horseshoe အမည်ရှိအာကာသတွင်းနက်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ငါးဘီလီယံအကွာတွင် တည်ရှိပြီး ၎င်းတွင်းနက်သည် အထိုက်အလျောက် ငြိမ်သက်နေသည့် အာကာသတွင်းနက် တစ်ခုဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Cosmic Horseshoe အာကာသတွင်းနက်သည် ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ အာကာသတွင်းနက်များ အနက်အရွယ်အစားအကြီးမားဆုံး အာကာသတွင်းနက် ၁၀ ခုစာရင်း၌ ပါဝင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## အရက်ထုတ်ကုန်များ၌ ကင်ဆာအန္တရာယ် သတိပေးချက်ထည့်သွင်းပေးရန် ဗြိတိန်သုတေသနပညာရှင်များ တောင်းဆို

**လန်ဒန် ဩဂုတ် ၉**

အရက်သောက်သုံးမှုကြောင့် ကင်ဆာရောဂါများဖြစ်ပွားနိုင်မှု သတိပေးချက်များကို အရက်ထုတ်ကုန်များ၌ ထည့်သွင်းပေးရန် ဗြိတိန်ကင်ဆာသုတေသနပညာရှင်များက တောင်းဆိုထားကြောင်း ဩဂုတ် ၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

အရက် သောက်သုံးမှုနှင့် ကင်ဆာရောဂါများကြား ဆက်စပ်နေကြောင်း လေ့လာတွေ့ရှိချက်များ ပေါ်ထွက်လာခဲ့ပြီးနောက် ဗြိတိန်ကင်ဆာသုတေသနပညာရှင်များက အထက်ပါအတိုင်း တောင်းဆိုထားခြင်းဖြစ်သည်။

အရက် ထုတ်ကုန်များ၌ ကင်ဆာရောဂါအန္တရာယ် သတိပေးချက်များ ထည့်သွင်းထားခြင်းဖြင့် အရက်သောက်သုံးမှုနှင့် ဆက်စပ်နေသော ကျန်းမာရေးပြဿနာများကို အများပြည်သူများ ပို၍သတိထားမိစေမည်ဖြစ်ကြောင်း ဗြိတိန်ကင်ဆာ သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန်ကင်ဆာသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်များအရ အရက်သေစာသောက်သုံးမှုကြောင့် ရင်သားကင်ဆာ၊ အူမကြီးကင်ဆာ၊ ဦးခေါင်းကင်ဆာ၊ လည်ပင်းကင်ဆာ၊ အသည်းကင်ဆာ၊ ခံတွင်းကင်ဆာရောဂါများ ဖြစ်နိုင်ခြေ သိသိသာသာမြင့်တက်လာတတ်ကြောင်း သိရသည်။

အထူးသဖြင့် အရက်သောက်သုံးမှုကြောင့် အမျိုးသမီးများ၌ ရင်သားကင်ဆာရောဂါနှင့်ဆက်စပ်နေသော အက်စထရိုဂျင်ဟော်မုန်းပေါ်ထွက်မှု အဆင့်မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန်နိုင်ငံ၌ နှစ်စဉ်စစ်ဆေးတွေ့ရှိရသော ရင်သားကင်ဆာရောဂါဖြစ်စဉ်များအနက် ရှစ်ရာခိုင်နှုန်းမှာ အရက်သောက်သုံးမှုနှင့် တိုက်ရိုက် ဆက်စပ်နေကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## အရေပြားကင်ဆာနှင့် HPV ဗိုင်းရပ်တို့ကြား တိုက်ရိုက်ဆက်စပ်မှုရှိနေ

**နယူးယောက် ဩဂုတ် ၉**

အရေပြားကင်ဆာရောဂါဖြစ်ပွားမှုနှင့် HPV ဗိုင်းရပ်တို့ကြား တိုက်ရိုက်ဆက်စပ်မှုရှိနေကြောင်းကို အမေရိကန်အမျိုးသားကျန်းမာရေးအင်စတီကျုမှ သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဩဂုတ် ၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

လူအရေပြားပေါ်၌ တွေ့ရှိရတတ်သည့် Human Papilloma virus(HPV) ဗိုင်းရပ်ပုံစံတစ်မျိုးသည် ခုခံအားစနစ် အားနည်းသူများ၌ အရေပြား ကင်ဆာရောဂါဖြစ်ပွားစေနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ရှေးယခင်က အရေပြား ကင်ဆာရောဂါ ဖြစ်ပွားမှုများ၌ ၎င်း HPV ဗိုင်းရပ်ကို အရေပြား ကင်ဆာရောဂါ၏ တိုက်ရိုက် နောက်ခံအကြောင်းတရားအဖြစ် သတ်မှတ်ထားခြင်းမရှိခဲ့ကြောင်း သိရသည်။

သို့ရာတွင် ယခုအခါ အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ HPV ဗိုင်းရပ်ကြောင့် အရေပြားကင်ဆာဆဲလ်များ ဖွံ့စည်းဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# တိုက်စစ်မှူးမက်ဆီ ကစားသမားဘဝတစ်လျှောက် ပြိုင်ပွဲစုံတွင် အုပ်စုအဆင့်မှ ကျော်ဖြတ်နိုင်သည့် မှတ်တမ်းကောင်းရရှိ



**ဝါရှင်တန် ဩဂုတ် ၉**

မေဂျာလိဂ် ဖလားပြိုင်ပွဲတွင် တိုက်စစ်မှူး မက်ဆီ၏ အင်တာမီယာမီအသင်းက မက္ကဆီကို ကလပ် ပူးမက်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ယူ၍ ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့သောကြောင့် တိုက်စစ်မှူးမက်ဆီသည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ပြိုင်ပွဲစုံတွင် ရှုံးထွက်အဆင့် တက်ရောက်နိုင်ခဲ့သည့် မှတ်တမ်းကောင်းကို ရရှိခဲ့သည်။

မက်ဆီသည် အဆိုပါပြိုင်ပွဲ ဒုတိယအဆင့်တွင် မက္ကဆီကို ကလပ် နီကာရှာအသင်းနှင့် ကစားစဉ်က ပွဲချိန် ၁၁ မိနစ်တွင် ကြွက်သားဒဏ်ရာကြောင့် လူစားလဲထွက်ခွာခဲ့ရပြီး ယခုတတိယအဆင့်တွင် အသင်းနှင့်ပါဝင်နိုင်ခြင်းမရှိသော်လည်း အသင်းဖော်ကစားသမားများ၏ စွမ်းဆောင်မှုကြောင့် သုံးဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရယူနိုင်ခဲ့ကာ ကွာတားဖိုင်နယ်အဆင့်သို့ ရောက်ရှိခဲ့သောကြောင့် ၎င်းအနေဖြင့် ကစားသမားဘဝတွင် နိုင်ငံအသင်းနှင့် ကလပ်အသင်း နှစ်ခုစလုံးတွင် အုပ်စုအဆင့်မှကျော်ဖြတ်နိုင်သည့် မှတ်တမ်းကောင်းတစ်ရပ်ကို ထပ်မံပိုင်ဆိုင်ခဲ့သည်။

တိုက်စစ်မှူး မက်ဆီ၏ပြိုင်ဘက်ကောင်းဖြစ်သည့် တိုက်စစ်မှူး စီရော်နယ်ဒိုမှာ ကစားသမားဘဝတွင် နိုင်ငံအသင်း၊ ကလပ်အသင်းများနှင့်အတူ အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသည့် အကြိမ် ငါးကြိမ်ရှိခဲ့ပြီး ၂၀၀၄ ခုနှစ် အေသင် အိုလံပစ်ပြိုင်ပွဲ၊ ၂၀၀၅-၂၀၀၆ ခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ၊ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၊ ၂၀၂၀-၂၀၂၁ ခုနှစ် ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ပြိုင်ပွဲနှင့် ၂၀၂၂-၂၀၂၃ ခုနှစ် ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ပြိုင်ပွဲတို့တွင်ဖြစ်သည်။

လက်ရှိတွင် အင်တာမီယာမီအသင်းသည် လာမည့် ဩဂုတ် ၂၀ ရက်တွင် တီဂရီအသင်းနှင့် ကွာတားဖိုင်နယ်အဆင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် အနိမ့်ဆုံးတတိယနေရာ ရရှိပါက ၂၀၂၆ ခုနှစ် ကွန်ကာကပ် ချန်ပီယံလိဂ်ဖလားကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : SI

Trs : ML

# လက်စတာဂိုးသမား ဟာမန်ဆန်ကို ဝက်စ်ဟမ်းအသင်း စတာလင်ပေါင် ၁၈ သန်းဖြင့်ခေါ်ယူ

**လန်ဒန် ဩဂုတ် ၉**

ဝက်စ်ဟမ်း အသင်းသည် ဂိုးသမား ဖေဘီယန်စကီးကို အလွတ်ပြောင်းရွှေ့ခွင့် ပြုခဲ့ပြီးနောက် ဂိုးသမားလိုအပ်ချက်အတွက် ကြိုးပမ်းခဲ့ရာ လက်စတာအသင်းဂိုးသမား ဟာမန်ဆန်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၈ သန်းဖြင့် ခေါ်ယူနိုင်ခဲ့သည်။

ဟာမန်ဆန်သည် လက်စတာအသင်းအား ၂၀၂၃-၂၀၂၄ ခုနှစ် ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့်ရရှိအောင် အဓိကနေရာမှ ပါဝင်စွမ်းဆောင်နိုင်ခဲ့ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်၂၇ ပွဲ ပါဝင်ကစားခဲ့ရာတွင် ပေးဂိုး ၅၈ ဂိုးထိ ခွင့်ပြုခဲ့ရကာ ဂိုးမပေးရသည့် ပွဲစဉ်တစ်ပွဲသာ ရှိခဲ့သည့်အပြင် ပင်နယ်တီ ကာကွယ်မှုတစ်ကြိမ် ပြုလုပ်ခဲ့သည်။

သို့သော် အသင်းအနေဖြင့် ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် အမှတ်ပေးဇယား အဆင့်(၁၈) နေရာတွင်သာ ရပ်တည်နိုင်ခဲ့သောကြောင့် ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းခဲ့ပြီးနောက် ဝက်စ်ဟမ်းအသင်းက ဂိုးသမားလိုအပ်ချက်အတွက် ပရီးမီးယားလိဂ်အတွေ့အကြုံရှိသည့် ဟာမန်ဆန်ကို ခေါ်ယူရန် ကမ်းလှမ်းခဲ့ရာ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၈သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီး မကြာမီ တရားဝင်လက်မှတ် ရေးထိုးသွားမည်ဖြစ်သည်။

အသက် ၂၅ နှစ်ရှိ ဟာမန်ဆန်သည် ၂၀၂၃ ခုနှစ် နွေရာသီ အပြောင်းအရွှေ့ကာလက လက်စတာအသင်းသို့ ရောက်ရှိခဲ့ပြီး အသင်းနှင့် ၂၀၂၈ ခုနှစ်မှ စာချုပ်ကုန်ဆုံးမည်ဖြစ်ကာ အသင်းအတွက် လက်စွမ်းပြကစားနိုင်ခဲ့သော်လည်း ၎င်းအနေဖြင့် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပါဝင်ကစားလိုသည့်အတွက် ဝက်စ်ဟမ်းအသင်း၏ ကမ်းလှမ်းမှုကို လက်ခံ၍ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML



# ဘာစီလိုနာအသင်းနည်းပြ ဖလစ်ကို တစ်ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ငွေပြစ်ဒဏ်ချမှတ်ကြောင်း ယူအီးအက်ဖ်အေကြေညာ

**နီယွန် ဩဂုတ် ၉**

ပြီးခဲ့သည့် ဘောလုံးရာသီ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်ဒုတိယ အကျော့ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဘာစီလိုနာအသင်းနှင့် အင်တာမီလန်အသင်းတို့ ပွဲစဉ်တွင် ကွင်းလယ်ဒိုင်ကို စောဒကတက်ခဲ့သည့် နည်းပြဖလစ်ကို ယူအီးအက်ဖ်အေက ချန်ပီယံလိဂ်ပြိုင်ပွဲ တစ်ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ငွေ ယူရို ၂၀၀၀၀ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း ကြေညာခဲ့သည်။

အဆိုပါပွဲစဉ်သည် တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်ရှိခဲ့သည့်ပွဲစဉ်ဖြစ်ခဲ့ပြီး တစ်ဖက်သုံးဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သဖြင့် အချိန်ပိုဆက်လက်ကစားခဲ့ပြီး မိနစ် ၁၂၀ ထိ ကစားခဲ့ရပြီးနောက် ဘာစီလိုနာအသင်းက အချိန်ပိုသွင်းဂိုးဖြင့် ရှုံးနိမ့်၍ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသော်လည်း ပွဲချိန်အတွင်း နည်းပြဖလစ်နှင့် အဖွဲ့ဝင်များက ကွင်းလယ်ဒိုင်၏ ဆုံးဖြတ်ချက်ကို စောဒက တက်မှုများပြုလုပ်ခဲ့သောကြောင့် ယူအီးအက်ဖ်အေက စစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် နည်းပြဖလစ်နှင့် လက်ထောက်နည်းပြ မားကက်ဆော့ချ်ကို ယူအီးအက်ဖ်အေက ချမှတ်ထားသည့် ပြိုင်ပွဲစည်းမျဉ်းနှင့် ရှန်းရှင်းဆန်ခတ်မှုဖြစ်ပွားစေရန် အခြေခံစည်းမျဉ်းများ ချိုးဖောက်ခဲ့မှုကြောင့် လာမည့်ရာသီ ချန်ပီယံလိဂ်အဖွင့်ပွဲစဉ်ကို ကြီးကြပ်ခွင့် ပိတ်ပင်ခဲ့ပြီး ဒဏ်ငွေ ယူရို ၂၀၀၀၀ စီ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

၂၀၂၅-၂၀၂၆ ချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်ကို ပြီးခဲ့သည့် ဇူလိုင်လကတည်းက စတင်ကျင်းပလျက်ရှိနေကာ လာမည့် ဩဂုတ် ၂၆ ရက်၊ ၂၇ ရက်တို့တွင် ခြေစစ်ပွဲ ပြီးဆုံးမည်ဖြစ်ပြီး လာမည့် စက်တင်ဘာလလယ် ၁၆ ရက်မှ ၁၈ ရက်အတွင်းတွင် အဖွင့်ပွဲစဉ်များကို စတင်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ ရှုံးထွက်အဆင့်ကို ၂၀၂၆ ဖေဖော်ဝါရီလတွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး နောက်ဆုံးအဆင့် ဗိုလ်လုပွဲစဉ်ကို လာမည့် ၂၀၂၆ ခုနှစ် မေ ၃၀ ရက်တွင် ဟန်ဂေရီနိုင်ငံ ဘူတာပတ်မြို့တွင် ကျင်းပပြုလုပ်မည် ဖြစ်ကြောင်း သိရသည်။

Ref : GSFN

Trs : ML

## အားကစားသတင်းအတိုအထွာများ

- ❑ လီဗာပူးအသင်းအနေဖြင့် ၂၀၂၅-၂၀၂၆ ရာသီသစ်အတွက် အကျီရောင်းချခဲ့ရာ သမိုင်းတစ်လျှောက် စံချိန်တင်ရောင်းချမှု ပြုလုပ်နိုင်ခဲ့ပြီး တိုက်စစ်မှူး ဖလိုရီယန်ဝစ်နှင့် ယာဉ်မတော်တဆမှုကြောင့် ဆုံးပါးသွားသည့် ဂျိုတာတို့၏ အကျီများသည် ရက်သတ္တပတ်အတွင်း ဝယ်ယူမှုအများဆုံးဖြစ်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ❑ ပီအက်စ်ဂျီအသင်းက လိုင်လီအသင်းမှ ဂိုးသမား ချီဗာလီယာကို ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ အပြင် ကစားသမားအတွက် အပိုဆုကြေး ယူရို ၁၅ သန်းပေးချေ ခေါ်ယူနိုင်ခဲ့ပြီးနောက် ငါးနှစ်စာချုပ်ချုပ်ဆိုမည်ဖြစ်ကာ အသင်းမှဦးစားပေး ဂိုးသမား ဒွန်နာရမ်မာ၏နေရာတွင် အစားထိုးမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ML

# အေစီမီလန်တိုက်စစ်မှူး မိုရာတာကို ကိုမိုအသင်းက အငှားစာချုပ်ဖြင့်ခေါ်ယူခဲ့ကြောင်း ထုတ်ပြန်

**ရောမ ဩဂုတ် ၉**

အေစီမီလန်အသင်းတိုက်စစ်မှူး မိုရာတာကို နည်းပြဖာဘရီဂတ်စ်၏ ကိုမိုအသင်းက အပြီးသတ်ဝယ်ယူခွင့်ပါသည့် တစ်ရာသီ အငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း အသင်းတာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်။

မိုရာတာသည် ယခုနှစ် ဇန်နဝါရီအပြောင်းအရွှေ့ကာလက အေစီမီလန်အသင်းမှ တူကီယဲ ကလပ်ဂါလာတာစာရေးအသင်းသို့ တစ်နှစ်အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ပြီးနောက် ယခုအခါ စာချုပ်သက်တမ်း ခြောက်လကျန်ရှိနေသော်လည်း အေစီမီလန်အသင်းက ဂါလာတာစာရေးအသင်းကို စာချုပ်လျော်ကြေး ယူရို ငါးသန်းပေးချေ၍ ပြန်လည်ခေါ်ယူခဲ့ပြီး ကိုမိုအသင်းသို့ အငှားစေလွှတ်ခဲ့သည်။

၎င်းသည် ဂါလာတာစာရေးအသင်းတွင်ကစားခဲ့စဉ်က ပြိုင်ပွဲစုံ ၁၆ ပွဲတွင် သွင်းဂိုးခုနစ်ဂိုးသွင်းယူ၍ ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့သော်လည်း အေစီမီလန်အသင်းအနေဖြင့် မိုရာတာကို စာချုပ်ကုန်ဆုံးပါက အသင်းသို့ ပြန်လည်ခေါ်ယူရန် အစီအစဉ်မရှိသောကြောင့် အငှားစာချုပ်ဖျက်သိမ်း၍ အပြီးသတ် ဝယ်ယူခွင့်ပါသည့် ကိုမိုအသင်းသို့သာ ရောင်းချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။




ကိုမိုအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက စီးရီးအေသို့ ပြန်လည် တက်ရောက်ခဲ့ပြီးနောက်ပိုင်း နည်းပြဖာဘရီဂတ်၏ ဦးဆောင်မှုဖြင့် ခြေစွမ်းပိုင်း တိုးတက်လာခဲ့ကာ ရာသီပိတ်သိမ်းချိန်တွင် အမှတ်ပေးဇယား အဆင့်(၁၀)တွင် ရပ်တည်နိုင်ခဲ့ပြီး လက်ရှိအပြောင်းအရွှေ့ကာလတွင်လည်း မန်စီးတီးအသင်းမှ ပါရိုနီ၊ ရီးရဲလ်မက်ဒရစ်မှရာမွန်၊ဘက်တစ်အသင်းမှ ရိုဒရီဂွက်ဇ်တို့အပါအဝင် လူငယ်ကစားသမား အများအပြားခေါ်ယူအားဖြည့်ခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# အာဆင်နယ်အသင်းက လူငယ်ကစားသမား နဝမ်နာရီကို ငါးနှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆို




လန်ဒန် ဩဂုတ် ၉

အာဆင်နယ်အသင်းက အသင်းမှ လူငယ်တိုက်စစ်ကစားသမား နဝမ်နာရီကို ငါးနှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်။

နဝမ်နာရီသည် ပြီးခဲ့သည့် ဘောလုံးရာသီက အာဆင်နယ်အသင်းကြီးနှင့် စတင်ပူးပေါင်းခဲ့ပြီးနောက် စီနီယာကစားသမားများ ဒဏ်ရာရရှိနေချိန်တွင် ပါဝင်ကစားခွင့်ရရှိခဲ့ပြီးနောက် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

နဝမ်နာရီနှင့် အာဆင်နယ်အသင်းတို့ စာချုပ်သက်တမ်းမှာ တစ်နှစ်သာ ကျန်ရှိတော့သည့်အတွက် အာဆင်နယ်အသင်းက သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ပြီး ၂၀၃၀ ပြည့်နှစ်ထိ ငါးနှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။

နဝမ်နာရီက အစောပိုင်းက ပွဲကစားခွင့်များ ရရှိလိုနေသည့်အတွက် အသင်းမှထွက်ခွာပြီး ပုံမှန်ပွဲထွက်ခွင့် ရရှိမည့်အသင်းသို့ ပြောင်းရွှေ့လိုနေသော်လည်း အာဆင်နယ်အသင်းက ကြယ်ပွင့်ကစားသမားတစ်ဦးကိုလက်မလွှတ်လိုသောကြောင့် သက်တမ်းတိုး စာချုပ်အတွက် ဆွေးနွေးခဲ့ရာမှ ငါးနှစ်စာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ဘိုင်ယန်မြူးနစ်အသင်းမှ ကိုးလ်မန်းကို အယ်နာဆာအသင်းခေါ်ယူရန် ကြိုးပမ်း

ရီယာ့ဒ် ဩဂုတ် ၉

ဆော်ဒီထိပ်တန်းကလပ် အယ်နာဆာအသင်းက ဘိုင်ယန်မြူးနစ်အသင်းက အရောင်းစာရင်းတင်ထားသည့် ကိုးလ်မန်းကိုခေါ်ယူရန်အတွက် တရားဝင်ကြိုးပမ်းနေကြောင်း သိရသည်။

အယ်နာဆာအသင်းသည် လာမည့်ဘောလုံးရာသီတွင် ချန်ပီယံဆုများစိန်ခေါ်နိုင်ရန်အတွက် လက်ရှိအပြောင်းအရွှေ့ကာလတွင် ဥရောပမှ ထိပ်တန်းကစားသမားများကို ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ကိုးလ်မန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်သာကျန်ရှိတော့ပြီး စာချုပ်သက်တမ်းတိုးရန် အဆင်မပြေဖြစ်နေသည့်အတွက် ဘိုင်ယန်မြူးနစ်အသင်းက ရောင်းချရန်ဆုံးဖြတ်ထားခြင်းဖြစ်သည်။

ကိုးလ်မန်းသည် အစောပိုင်းနှစ်များက အဓိကကစားသမားအဖြစ် ပါဝင်ခဲ့သော်လည်း နောက်ပိုင်းနှစ်များတွင် ဒဏ်ရာပြဿနာများဖြင့်သာ ရုန်းကန်နေရသည့်အတွက် ဘိုင်ယန်မြူးနစ်အသင်းက ရောင်းချရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

အယ်နာဆာအသင်းက ဆုဖလားများပြန်လည်စိန်ခေါ်နိုင်ရန် အဓိကကစားသမား စီရော်နယ်ဒိုကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပြီးနောက် နည်းပြသစ်အဖြစ် ဂျော်ဂျီဂျီးဆပ်ကို ခန့်အပ်ခဲ့ပြီး ဥရောပမှ ထိပ်တန်းကစားသမားများကို ခေါ်ယူရန် ကြိုးပမ်းနေပြီး မာတီနက်ဇ်နှင့် ဂျာအိုဖီးလစ်တို့ကို ခေါ်ယူခဲ့ပြီးနောက် ကိုးလ်မန်းကို ဆက်လက်ခေါ်ယူရန် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဆွေးနွေးမှုများလုပ်ဆောင်နေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA



# ယာမာတိုနှင့် ထိုးသတ်ခဲ့သည့်ပွဲစဉ်တွင် ရရှိခဲ့သည့်ဒဏ်ရာကြောင့် ကိုတာရီသေဆုံးခဲ့ကြောင်း ဂျပန်လက်ဝှေ့အဖွဲ့ချုပ်အတည်ပြု

တိုကျို ဩဂုတ် ၉

Oriental and Pacific Boxing Federation စူပါဖယ်သာဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် ဂျပန်လက်ဝှေ့သမားများ ဖြစ်ကြသည့် ယာမာတိုနှင့် ကိုတာရီတို့ ဩဂုတ် ၂ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ထိုးသတ်ခဲ့ရာ သရေရလဒ်ဖြင့်သာ အဆုံးသတ်ခဲ့သော်လည်း အဆိုပါ စိန်ခေါ်ပွဲစဉ်၌ ကိုတာရီသည် ဦးခေါင်းဒဏ်ရာ ရရှိခဲ့ပြီး ယင်းဒဏ်ရာကြောင့်ပင် ပွဲအပြီး၌ အရေးပေါ်ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။

ဆေးရုံတွင် ဒဏ်ရာအားစစ်ဆေးခဲ့ရာဦးနှောက်ပျက်စီးသည့် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ICU အခန်းတွင် အရေးပေါ်အခြေအနေဖြင့် ဆေးကုသမှုခံယူခဲ့ရာ ဆေးကုသမှုခံယူခဲ့ပြီး ခြောက်ရက်အကြာတွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဂျပန်လက်ဝှေ့အဖွဲ့ချုပ်က ယနေ့တွင် အတည်ပြုခဲ့သည်။

အသက် ၂၈ နှစ်အရွယ်သာရှိသေးသည့် ကိုတာရီ၏ ဦးခေါင်းဒဏ်ရာအား ခွဲစိတ်ကုသမှုခံယူခဲ့ရာတွင် အောင်မြင်မှုရခဲ့သည်ဟု တာဝန်ရှိသူများက ထုတ်ပြန်ခဲ့သော်လည်း ရက်တရက်သေဆုံးခဲ့ခြင်းဖြစ်သည်။

ဂျပန်လက်ဝှေ့အဖွဲ့ချုပ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက “ကိုတာရီကောင်းရာမွန်ရာ ရောက်ပါစေလို့ ဆုတောင်းပေးပါတယ်။ ကိုတာရီ သေဆုံးမှုအတွက်လက်ဝှေ့လောကတစ်ခုလုံးက ဝမ်းနည်းပူဆွေးနေပါတယ်။ ကိုတာရီဟာ ဩဂုတ် ၂ ရက်က ထိုးသတ်ခဲ့တဲ့ စိန်ခေါ်ပွဲစဉ်မှာ ဦးခေါင်းဒဏ်ရာရရှိခဲ့တာဖြစ်ပါတယ်။ကိုတာရီဟာကြိုးဝိုင်းထဲမှာ တကယ့်တိုက်ခိုက်ရေးသမား တစ်ယောက်လို ရဲရင့်တဲ့သူပါ။ အားကစား စိတ်ဓာတ်လဲရှိတဲ့ လက်ဝှေ့သမား တစ်ယောက်လဲဖြစ်ပါတယ်။ ဂျပန်လက်ဝှေ့အဖွဲ့ချုပ်အနေနဲ့ ကိုတာရီရဲ့မိသားစုနဲ့ထပ်တူဝမ်းနည်းရပါတယ်။ ဂျပန်လက်ဝှေ့လောကတစ်ခုလုံးကလဲ ကိုတာရီရဲ့သေဆုံးမှုအတွက် ဝမ်းနည်းပူဆွေးနေပါတယ်”ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ကိုတာရီသည် ပရော်ဖက်ရှင်နယ်လက်ဝှေ့လောကတွင် ကျင်လည်လာခဲ့သည့် ကာလတစ်လျှောက် စိန်ခေါ်ပွဲပေါင်း ၁၂ ပွဲထိုးသတ်ထားပြီး အချိန်တိုအတွင်း ချန်ပီယံစိန်ခေါ်ခွင့် ထိုးသတ်ခွင့်ရခဲ့သည့် လက်ဝှေ့သမားလည်းဖြစ်သည်။

Ref : Daily Mail

Trs : AZL

# ချဲလ်ဆီးအသင်းက ဂျက်ဆင်ကို အသင်းကစားသမားစာရင်းမှ ထုတ်ပယ်

လန်ဒန် ဩဂုတ် ၉

ချဲလ်ဆီးအသင်းက လက်ရှိ အပြောင်းအရွှေ့ ကာလတွင် ရောင်းချရန် ဆုံးဖြတ်ထားသည့် တိုက်စစ်ကစားသမား ဂျက်ဆင်ကို အသင်းကစားသမားစာရင်းမှ ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

ဂျက်ဆင်သည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ဗီလာရီးရဲလ်အသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက အသင်း အဓိကကစားသမားအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

သို့သော် ဂျက်ဆင်သည် ပြီးခဲ့သည့် ဘောလုံးရာသီနှောင်းပိုင်းကာလတွင် ခြေစွမ်းပိုင်းကျဆင်းမှုနှင့်အတူ မလိုလားအပ်သည့် အနီကတ် ပြသခံရမှုများကြောင့် နည်းပြမာရက်စ်ကာက အသင်းပွဲထွက်ကစားသမားစာရင်းမှ ထုတ်ပယ်ခဲ့ပြီး လက်ရှိအပြောင်းအရွှေ့ကာလတွင် ချဲလ်ဆီးအသင်းက ရောင်းချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂျက်ဆင်သည် လက်ရှိရာသီကြိုခြေစမ်းပွဲ ခရီးစဉ်တွင်လည်း ဦးစားပေးကစားသမားစာရင်းမှ ချန်လှပ်ခံရပြီးနောက် အရောင်းစာရင်းတင်ထားခဲ့ပြီး ယခုအခါကစားသမားစာရင်းမှပင် ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ဂျက်ဆင်အနေဖြင့် မန်ယူအသင်းနှင့် သတင်းများထွက်ပေါ်ခဲ့သော်လည်း မန်ယူအသင်းက လိုက်ပ်ဇစ်အသင်းမှ ဆက်ကိုအား ခေါ်ယူခဲ့ပြီးနောက် ၎င်းကို ဆော်ဒီကလပ်အသင်းများကသာခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# FedEx St Jude Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို အင်္ဂလန်ဂေါက်သီးရိုက်ကစားသမားဖလက်ဝုဒ် ဦးဆောင်

တန်နက်စီ ဩဂုတ် ၉

အမေရိကန်နိုင်ငံ တန်နက်စီပြည်နယ်တွင် ကျင်းပနေသည့် FedEx St Jude Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီး အင်္ဂလန်ဂေါက်သီးရိုက်ကစားသမားဖလက်ဝုဒ်ကစုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကိုဦးဆောင်ထားနိုင်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။



အမေရိကန် ဂေါက်သီးရိုက်ကစားသမားဘာတီယာ၊မိုရီကာဝါနှင့် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်ရိုစ်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ကီတာယာမာနှင့် နီမက်ခ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်ထားနိုင်ခဲ့ကြသည်။

ဖလက်ဝုဒ်သည် PGA Tour ပြိုင်ပွဲများတွင် ၁၆၁ ကြိမ်ထိပါဝင်ယှဉ်ပြိုင်ထားသော်လည်း PGA Tour ဆုဖလားတစ်ကြိမ်တစ်ခါမျှ ရယူထားနိုင်ခြင်း မရှိသေးဘဲ ကစားသမားဘဝ၏ ပထမဆုံးသော PGA Tour ဆုဖလားကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

ဖလက်ဝုဒ်က “PGA Tour မှာ ဘာအောင်မြင်မှုမှ မယူနိုင်သေးဘူး။ PGA Tour ပြိုင်ပွဲတော်တော်များများမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးတယ်။ ရလဒ်ကောင်း တချို့လဲရခဲ့ဖူးပါတယ်။ ဒါပေမဲ့လဲ ပထမဆုံးသော PGA Tour ဆုဖလားကို ကိုင်မြှောက်ခွင့်မရသေးဘူး။ အခုဒီပြိုင်ပွဲမှာတော့ ရလဒ်ကောင်းတွေရထားသလို အမှတ်ပေးဇယားကိုလဲ ဦးဆောင်ခွင့်ရထားတယ်။ ဘာတွေဖြစ်လာမလဲဆိုတာတော့ ပြိုင်ပွဲပြီးမှပဲသိရတော့မယ်။ အခုတော့ဘာကိုမှကြိုပြောလို့ မရနိုင်သေးတဲ့ အခြေအနေဖြစ်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# လေထုညစ်ညမ်းမှုကြောင့် ပတ်ဝန်းကျင်နှင့် ကျန်းမာရေးအပေါ်သက်ရောက်မှုများ အပိုင်း(၂)

ယနေ့ခေတ်ကာလတွင် လေထုညစ်ညမ်းမှုသည် ပတ်ဝန်းကျင်အရည်အသွေးကို ထိခိုက်ကျဆင်းစေသည့် ညစ်ညမ်းမှုတစ်ခုဖြစ်သည်။ ထို့ကြောင့် လေထုညစ်ညမ်းမှုသည် ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်သာယာလှပရေးနှင့် လူသားတို့၏ကျန်းမာရေးကို အဓိကခြိမ်းခြောက်သည့် ညစ်ညမ်းမှုဖြစ်လာသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ လေ့လာမှုများတွင် ဖော်ပြချက်များအရ ကမ္ဘာ့လူဦးရေ၏ ၉၉ရာခိုင်နှုန်းခန့်သည် အရည်အသွေးညံ့ဖျင်းသောလေကို ရှူရှိုက်နေကြရကြောင်း သိရသည်။ ထို့ပြင် လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် လူပေါင်း ခုနစ်သန်းခန့်သည် အရွယ်မတိုင်မီသေဆုံးနေကြရသည်ဟုဖော်ပြထားသည်။ ထို့ကြောင့် လေထုညစ်ညမ်းမှုသည် ပေါ့ဆထား၍မရသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာတစ်ရပ်ဖြစ်လာသည်။ ထို့ကြောင့် မိမိပတ်ဝန်းကျင်ရှိ လေထု၏ညစ်ညမ်းမှုပမာဏကို လူသားများအနေဖြင့် သိရှိရန်လိုအပ်လာသည်။ ထိုသို့သိရှိထားမှသာ ကျန်းမာရေးဆိုင်ရာပြဿနာများ မဆိုးရွားမီ ဆောင်ရန်၊ ရှောင်ရန်များကို လိုက်နာဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

ပတ်ဝန်းကျင်တွင် လေထုညစ်ညမ်းမှုအမြင့်ဆုံးအချိန်မျိုးတွင် အိမ်အတွင်း၌သာ နေထိုင်ခြင်း၊ ထိုသို့လေထုညစ်ညမ်းမှုအမြင့်ဆုံးအချိန်တွင် ညစ်ညမ်းသည့်လေများ အိမ်အတွင်း မဝင်နိုင်စေရန် အိမ်ပြတင်းပေါက်များကို ပိတ်ထားခြင်း၊ ခန္ဓာကိုယ်အတွင်း ညစ်ညမ်းသောလေများ ဝင်ရောက်မှုကို လျှော့ချနိုင်ရန် လေထုညစ်ညမ်းမှုအမြင့်ဆုံးအချိန်တွင် ပြင်းထန်သော ကိုယ်ကာယလှုပ်ရှားမှုများပြုလုပ်မှုကို ရှောင်ကြဉ်ခြင်း၊ ရေဓာတ်မခန်းခြောက်စေရန် ရေများများသောက်ပေးခြင်းတို့ဆောင်ရွက်ခြင်းသည် ပြင်ပလေထုညစ်ညမ်းမှုကို အတိုင်းအတာတစ်ခုထိ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

ချက်ပြုတ်ရာတွင်ဖြစ်စေ၊ အိမ်တွင်းအလင်းရောင်ရရှိစေရန်ဖြစ်စေ ကျေးလက်ဒေသတချို့တွင် ရေနံဆီနှင့် ပလတ်စတစ်လောင်စာများကို အသုံးပြုကြလေ့ရှိသည်။ ထိုသို့အသုံးပြုခြင်းသည် အဆောက်အအုံအတွင်း တစ်နည်းအားဖြင့် အိမ်တွင်းလေထုညစ်ညမ်းမှုကို ဖြစ်စေသည်။ ထို့ကြောင့် အိမ်တွင်းလေထုညစ်ညမ်းမှုကိုလျှော့ချရန် ရေနံဆီနှင့် ပလတ်စတစ်လောင်စာများကို အသုံးမပြုခြင်း၊ ချက်ပြုတ်ကြော်လှော်သည့်မီးဖိုချောင် လေဝင်၊ လေထွက် ကောင်းအောင်ထားခြင်း၊ အိမ်တွင်ခြင်ဆေးခွေထွန်းခြင်းနှင့် အမွှေးတိုင်ထွန်းခြင်းများကို လျှော့ချခြင်း၊ အိမ်တွင်းအင်ဂျင်စက်များ လောင်စာဆီထည့်မောင်းနှင်မှုများကို လျှော့ချခြင်း၊ အိမ်နှင့်ရုံးများရှိ ဖုန်များကို သန့်ရှင်းရာတွင် စိုစွတ်သောကြမ်းတိုက်တံကိုအသုံးပြုခြင်း၊ ရုပ်ကြွင်းလောင်စာသုံးယာဉ်များအသုံးပြုမှုကို လျှော့ချခြင်း၊ လေထုညစ်ညမ်းမှု အမြင့်ဆုံးအချိန်မျိုးတွင် နှာခေါင်းစည်းများကို အသုံးပြုခြင်းတို့ ဆောင်ရွက်သင့်ပေသည်။

လေထုအရည်အသွေးကို သိရှိနိုင်ရန် ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်(UNEP)သည် လေထုညစ်ညမ်းစေသောအရာများကို အာရုံခံကိရိယာများ အသုံးပြု၍ လေထုအရည်အသွေးတိုင်းတာမှုများကို ဆောင်ရွက်လျက်ရှိသည်။ UNEP ၏အဆိုအရ တချို့နိုင်ငံများသည် လေဆာရောင်ခြည်ကို အသုံးပြု၍ လေထုညစ်ညမ်းစေသည့်အရာများ၏ သိပ်သည်းမှုကိုတိုင်းတာကြပြီး တချို့နိုင်ငံများသည် ဂြိုဟ်တုမှ ဖမ်းယူရရှိသော ဓာတ်ပုံများကိုအသုံးပြု၍ နိုင်ငံများ၏ လောင်စာသုံးစွဲမှုမှထွက်ရှိလာသော ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကိုတိုင်းတာ၍ လေထုညစ်ညမ်းမှုကို ထုတ်ပြန်ကြကြောင်း သိရသည်။

လေထုညစ်ညမ်းမှုကိုဖြစ်စေသည့် အဓိကအကြောင်းတရားများမှာ သဘာဝအလျောက်နှင့် လူသားများ၏ ဆင်ခြင်မဲ့လုပ်ဆောင်မှုများကြောင့်ဖြစ်သည်။ တောမီးလောင်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ သဲမုန်တိုင်း၊ ဖုန်မုန်တိုင်းများကြောင့် လေထုအရည်အသွေးကျဆင်းလာရသကဲ့သို့ ရုပ်ကြွင်းလောင်စာဆီများကို ယာဉ်များတွင်အသုံးပြုခြင်း၊ ယာဉ်အစီးရေများ တစ်နှစ်ထက်တစ်နှစ် များပြားလာခြင်း၊ ချက်ပြုတ်သည့်အခါ ရုပ်ကြွင်းလောင်စာများ



အသုံးပြုချက်ပြုတ်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများတိုးချဲ့လာကြခြင်း စသည်တို့ကြောင့်လည်း လေထုသည် တစ်နှစ်ထက်တစ်နှစ် ညစ်ညမ်းလာရခြင်းဖြစ်သည်။

ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်(UNEP)က သတ်မှတ်ထားသည့် လူသားတို့၏ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးကို ထိခိုက်စေသည့် လေထုညစ်ညမ်းစေသောအရာများထဲ၌ ကာဗွန်မိုနောက်ဆိုက်၊ PM2.5၊ PM10၊ မြေပြင်အဆင့်ရှိအိုဇုန်းဓာတ်ငွေ့၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့၊ ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့ စသည်တို့ပါဝင်သည်။ ထိုဓာတ်ငွေ့များသည် လေထုညစ်ညမ်းမှုကိုဖြစ်စေပြီး လူသားတို့၏ကျန်းမာရေးကိုထိခိုက်စေသည်။

ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့ကို မော်တော်ယာဉ်များက အများဆုံးထုတ်လွှတ်သည်။ ၎င်းဓာတ်ငွေ့သည် သွေး၏အောက်ဆီဂျင်လည်ပတ်မှုကို ထိခိုက်စေသဖြင့် ဦးနှောက်နှင့်နှလုံးသို့ အောက်ဆီဂျင်ရောက်ရှိမှု နည်းပါးခြင်းကြောင့် မူးဝေခြင်း၊ သတိလစ်ခြင်းများ ဖြစ်စေနိုင်ပြီး ကိုယ်ဝန်ဆောင်များ ရှူရှိုက်မိပါက သန္ဓေသား၏ ကြီးထွားဖွံ့ဖြိုးမှုကို အနှောင့်အယှက်ဖြစ်စေသည်။ ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို အများအားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့်စက်ရုံ၊ ရေနံချက်စက်ရုံနှင့် သံရည်ကျိုလုပ်ငန်းများက အများအပြားထုတ်လွှတ်သည်။ ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့သည် နှလုံးနှင့် အဆုတ်ရောဂါများကို ဖြစ်ပေါ်စေသည်။ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို မော်တော်ယာဉ်များနှင့် ဘွိုင်လာများက ထုတ်လွှတ်သည်။ ထိုဓာတ်ငွေ့သည် ခန္ဓာကိုယ်၏ခံနိုင်ရည်အားကို လျော့ကျစေနိုင်ပြီး ရောဂါကူးစက်မှု၏ခုခံစွမ်းအားကို လျော့နည်းစေသည်။ သီးပင်စားပင်၊ သစ်ပင်များ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့နှင့်ထိတွေ့မိပါက အဆိပ်အတောက်ဖြစ်စေ၍ အပင်ကြီးထွားမှုနှင့် မျိုးစေ့အောင်မြင်ဖြစ်ထွန်းမှုကို ထိခိုက်စေသည်။ မြေပြင်အဆင့်ရှိ အိုဇုန်းဓာတ်ငွေ့ကို မြေပြင်အထက် ၁၀ မိုင်မှ မိုင် ၃၀ အတွင်းရှိ အိုဇုန်းလွှာတွင် တွေ့ရှိရသည်။ နေရောင်ခြည်သည် နိုက်ထရိုဂျင်အောက်ဆိုက်နှင့် ဟိုက်ဒရိုကာဗွန်တို့နှင့် ဓာတ်ပြုပြီး အိုဇုန်းဓာတ်ငွေ့ဖြစ်ပေါ်လာသည်။ ထိုဓာတ်ငွေ့သည် လူသားတို့ကို ချောင်းဆိုးရင်ကျပ်၊ ပန်းနာရောဂါများကို ဖြစ်ပေါ်စေသည်။

လေထဲတွင်ပါဝင်သည့်ဒြပ်အမှုန်များ(Particulate Matter–PM)ကို အတိုင်းအတာဖြင့် ဖော်ပြရလျှင် မျက်စိဖြင့်မြင်ရသော PM များသည် လူသားတို့၏ ဆံခြည်မျှင်အချင်းထက်သေးငယ်ပြီး အချင်း ၅၀ မှ ၇၀ မိုက်ခရိုမီတာထိရှိသည်။ ထိုအရွယ်အစားထက်သေးငယ်သော အချင်း ၁၀ မိုက်ခရိုမီတာ၊ အချင်း ၂ ဒသမ ၅ မိုက်ခရိုမီတာနှင့်အောက်အရွယ်အစားများလည်းရှိသည်။ PM များ၏ အမှုန်အရွယ်အစားသေးငယ်လေ ကျန်းမာရေးအန္တရာယ်ပိုများလေဖြစ်သည်။ ကျန်းမာရေးအတွက်ဆိုးကျိုးအရှိဆုံးဖြစ်သည့် အဆိုပါ အချင်း ၁၀ မိုက်ခရိုမီတာကို PM10 ဟုခေါ်ဆိုကြပြီး အချင်း ၂ဒသမ၅ မိုက်ခရိုမီတာနှင့်အောက်အရွယ်အစားရှိ အမှုန်များကို PM2.5 ဟုလူသိများသည်။ လေထုထဲတွင် ပျံ့နှံ့နေသော အမှုန်၊ မီးခိုး၊ သဲမှုန့်၊ ဖုန်မှုန့်များသည် PM10 များဖြစ်ပြီး တောမီးလောင်ကျွမ်းမှုနှင့် မီးလောင်ကျွမ်းမှုမှ ထွက်လာသောအမှုန်များ၊ မီးခိုးခေါင်းတိုင်များ၊ မီးဖိုများ၊ စွမ်းအင်ထုတ်စက်ရုံများနှင့် မော်တော်ယာဉ်များမှထွက်သော ကာဗွန်ပါဒြပ်ပေါင်းမှုန်များ၊ သတ္တုမှုန်စသည်တို့သည် PM2.5 များဖြစ်ကြသည်။

PM10 သည် အဆုတ်၏ အစိတ်အပိုင်းများဖြစ်သော လေပြွန်နှင့်လေပြွန်ငယ်များထဲကို ဝင်နိုင်ပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့် အဆုတ်ရောဂါများကို ဖြစ်စေသည်။ PM2.5 သည် အလွန်သေးငယ်သည့်အတွက် အဆုတ်၏အတွင်းပိုင်းထိ ဝင်ရောက်နိုင်သည့်အပြင် သေးငယ်သောထိုအမှုန်များက သွေးကြောအတွင်းထိပါ ဝင်နိုင်ပြီး လူသားများ၏ အဓိကအင်္ဂါအစိတ်အပိုင်းများကို ဒုက္ခပေးနိုင်ကြောင်း အမေရိကန်နိုင်ငံသဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအေဂျင်စီနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)တို့၏ လေ့လာမှုများအရ သိရသည်။ အထက်တွင်ဖော်ပြထားသည့် အမျိုးမျိုးသော ဓာတ်ငွေ့နှင့် အခြားအရာများကြောင့် လေထုညစ်ညမ်းလာပါက ကင်ဆာရောဂါအပြင် အခြားအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါအမျိုးမျိုးကိုလည်း ဖြစ်ပွားစေသည်။

ထိုသို့ လေထုထဲရှိ လေထုညစ်ညမ်းစေသည့်အရာများ၏ပါဝင်မှုကို နိုင်ငံတကာလေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI) များနှင့်တိုင်းတာဖော်ပြကြသည်။ လေထုအရည်အသွေးညွှန်းကိန်းကို သုညမှ ၅၀၀ ထိ သတ်မှတ်ကာ လေထုအရည်အသွေးများကို ခွဲခြားသတ်မှတ်ပေးသည်။ ဆွစ်ဇာလန်လေထုအရည်အသွေး နည်းပညာကုမ္ပဏီ(IQ Air)၏ ထုတ်ပြန်ချက်အရ ၂၀၂၃ခုနှစ် လေထုအညစ်ညမ်းဆုံးနိုင်ငံများမှာ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ အိန္ဒိယ၊ တာဂျစ်ကစ္စတန်၊ ဘူကီနာဖာဆို၊ အီရတ်၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ နီပေါ၊ အီဂျစ်၊ ကွန်ဂို စသည့်နိုင်ငံများဖြစ်ပြီး အသန့်ရှင်းဆုံးလေထုရှိရာနိုင်ငံများမှာ ပြင်သစ်၊ မောရစ်သျှ၊ အိုက်စလန်း၊ ဂရီနာဒါ၊ ဘာမြူဒါ၊ နယူးဇီလန်၊ ဩစတြေးလျ၊ အက်စတိုးနီးယား၊ ဖင်လန်၊ ဆွီဒင်နိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

WHO ၏လေ့လာမှုများအရ AQI လေထုအရည်အသွေးညွှန်းကိန်း ၁၀၀ ခန့်သည် ဘေးကင်းသောလေထုဖြစ်ပြီး ညစ်ညမ်းမှုကင်းစင်ကာ လေထုအရည်အသွေးညွှန်းကိန်း ၄၀၀ – ၅၀၀ ကြားသည့် လေထုအရည်အသွေးအတော်ဆိုးရွားနေပြီး ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ လေထုညစ်ညမ်းမှုကြောင့် ကျန်းမာရေးဆိုင်ရာပြဿနာများဖြစ်သော အသက်ရှူရခက်ခဲခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ နှာခေါင်းယားယံခြင်းနှင့် လည်ချောင်းနာခြင်းတို့ ဖြစ်စေပြီး ရေရှည်တွင် အဆုတ်တစ်ရှူးများပျက်စီးခြင်း၊ ပန်းနာရင်ကျပ်ကဲ့သို့သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ ကင်ဆာရောဂါများအပြင် အရွယ်မတိုင်မီသေဆုံးခြင်း စသည်တို့ကို ဖြစ်ပွားစေသည်။

သို့ဖြစ်ပါ၍ လေထုညစ်ညမ်းမှုသည် လူသားတို့အတွက် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတို့ကိုပါ ထိခိုက်စေနိုင်သည့်အတွက် လူသားအားလုံးအတူတကွ တက်ညီလက်ညီပူးပေါင်းကာ သစ်ပင်များ စိုက်ပျိုးပေးခြင်း၊ ရှိပြီးသားသစ်ပင်နှင့် သစ်တောများကို ထိန်းသိမ်းခြင်း၊ ရုပ်ကြွင်းလောင်စာများအသုံးပြုမှုကို လျှော့ချခြင်း၊ အနံ့ဆိုးသော အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းတို့ဖြင့် မိမိတို့ နေထိုင်ရာပတ်ဝန်းကျင်လေထုမှသည် မိမိ၏ နိုင်ငံတစ်ဝန်း လေထုညစ်ညမ်းမှုဖြစ်ပွားခြင်းကို ကာကွယ်သွားကြရပါမည်။ ထိုသို့ ကမ္ဘာ့လေထုသန့်စင်ရေးကို လူသားအားလုံးက ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းသွားကြမှသာ အနာဂတ်တွင် သန့်ရှင်းလတ်ဆတ်သောလေထုနှင့် ကျန်းမာသောလူနေမှုဘဝကို မိမိတို့၏အနာဂတ်မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**– Air pollution and your health by https://www.niehs.nih.gov/**

**မေဇင်ထွန်း**

# ဆိုပျော်ခေတ်မှ သီချင်းများ အမည်ရှိ တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် The Heart of Rangoon –THOR ၌ ပြုလုပ်မည်




**ရန်ကုန် ဩဂုတ် ၉**

တေးသံရှင် နွဲ့ယဉ်ဝင်း၊ သီရိကိုကို၊ ချောစုခင်နှင့် ဆိုပျော်ခေတ်မှ တေးသံရှင်များပါဝင်သည့် ဆိုပျော်ခေတ်မှသီချင်းများ အမည်ရှိ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon –THOR ၌ ဩဂုတ် ၁၀ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါ တေးဂီတဖျော်ဖြေပွဲကို စီစဉ်သူ တေးသံရှင် နွဲ့ယဉ်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါဆိုပျော်ခေတ်မှသီချင်းများအမည်ရှိ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် နွဲ့ယဉ်ဝင်း၊ သီရိကိုကို၊ ချောစုခင်နှင့် ဆိုပျော်ခေတ်မှတေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Alarm Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"The Heart of Rangoon – THOR မှာ Alarm Music Band တီးဝိုင်းနဲ့ အစီအစဉ်ကောင်းလေး တစ်ခုရှိပါတယ်။ ကျွန်မနဲ့အတူ သီရိကိုကိုနဲ့ ချောစုခင်တို့က တစ်ခေတ်တစ်ခါက MRTV ဖန်သားပြင်မှာ စောင့်မျှော်ကြည့်ရှုရတဲ့ ဆိုကြမယ်ပျော်ကြမယ်ရဲ့ ကြယ်ပွင့်လေးတွေဖြစ်တဲ့ စိုးအောင်(ကောင်းကင်ပြာ)၊ အံ့မော်ဦး၊ အာကာဟိန်း၊ ကြည်သာဟိန်း၊ မင်းဇော်၊ ဝင်းသော်တာ၊ အငယ်လေး စတဲ့တေးသံရှင်တွေကလဲ တဝကြီး ဖျော်ဖြေသွားကြမဲ့ညမို့ ဒီပွဲလေးကို လက်မလွှတ်တမ်း လာရောက် အားပေးစေချင်ပါတယ်"ဟု တေးသံရှင် နွဲ့ယဉ်ဝင်းက ပြောပြသည်။

တေးသံရှင် နွဲ့ယဉ်ဝင်း၊ သီရိကိုကို၊ ချောစုခင်နှင့် ဆိုပျော်ခေတ်မှ တေးသံရှင်များ ပါဝင်သည့် ဆိုပျော်ခေတ်မှ သီချင်းများ အမည်ရှိ တေးဂီတဖျော်ဖြေပွဲကို ဩဂုတ် ၁၀ ရက် ည ၆ နာရီ မိနစ် ၃၀ ကနေ ည ၉ နာရီထိ ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း တေးသံရှင် နွဲ့ယဉ်ဝင်းက ပြောပြ၍ သိရသည်။

ASH

# Amazon MGM ၏ ရုပ်ရှင်ဇာတ်ကားနှစ်ကား၌ မင်းသား ဒေ့ဘာတစ္စတာ ပါဝင်မည်ဖြစ်

**နယူးယောက် ဩဂုတ် ၉**

Amazon MGM စတူဒီယို၏ ရုပ်ရှင်ဇာတ်ကား နှစ်ကား၌ အက်ရှင်မင်းသား ဒေ့ဘာတစ္စတာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၈ ရက် သတင်းများအရ သိရသည်။

မင်းသား ဒေ့ဘာတစ္စတာသည် Amazon MGM စတူဒီယို၏ Highlander ဇာတ်ကားနှင့် Road House–2 ဇာတ်ကားတို့၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Highlander ဇာတ်ကားတွင် မင်းသား ဒေ့ဘာတစ္စတာသည် မင်းသား ဟင်နရီကာဗေးနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် Highlander(1980) ဇာတ်ကားကို ဒါရိုက်တာ ချက်စတာဟဲစကီးက ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

ထို့ပြင် မင်းသား ဒေ့ဘာတစ္စတာသည် ဒါရိုက်တာ အီယာနီရှုလာ တာဝန်ယူရိုက်ကူးမည့် Road House–2 ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား၌ မင်းသား ဒေ့ဘာတစ္စတာသည် မင်းသား ဂျိတ်ဂျီလန်ဟီးနှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**





# ပျိုးဇာတ်လမ်းတွဲကို ဩဂုတ် ၁၀ ရက်တွင် Mee Mee Mway You Tube Channel နှင့် Facebook Page တို့မှ ထုတ်လွှင့်ပြသမည်ဖြစ်

**ရန်ကုန် ဩဂုတ် ၉**

Mee Mee Mway Film Pro–duction က ရိုက်ကူးထုတ်လုပ်သည့် ပျိုးဇာတ်လမ်းတွဲကို ဩဂုတ် ၁၀ ရက်တွင် Mee Mee Mway You Tube Channel နှင့် Facebook Page တို့မှ ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ပိုင်စိုးသူက ပြောပြ၍ သိရသည်။

အဆိုပါ ပျိုးဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ထက်မြက်နိုင်ဇင်က ရေးသားထားပြီး ဒါရိုက်တာ ဝင့်ဥမ္မာကျော်က Mee Mee Mway Film Pro–duction အတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။




"လူငယ်လေးတွေရဲ့ သိမ်မွေ့ နူးညံ့တဲ့ မေတ္တာဘွဲ့ ဒရာမာဇာတ်လမ်းတွဲလေးကို ကြည့်ခွင့်ရမှာပါ။ ဘယ်တော့မှ မရိုးနိုင်တဲ့ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းလေးတစ်ပုဒ်ကို ဘယ်လိုပုံဖော်ထားကြသလဲဆိုတာ စောင့်ကြည့်အားပေးကြစေချင် ပါတယ်"ဟု အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင် သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ပိုင်စိုးသူက ပြောပြသည်။

အဆိုပါ ပျိုးဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် ပိုင်စိုးသူ၊ လင်းသစ်အောင်၊ ဩဂုတ်မိုး၊ စိုးမိုးကြည်၊ မို့ခမ်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# အလာစကာပြည်နယ်နောက်ခံပြု ဒရာမာဇာတ်ကား၌ ဒါကိုတာဖန်းနင်း၊ ဂျိတ်ဂျွန်ဆင်၊ ကိုရီမိုက်ကယ်စမစ်တို့ပါဝင်မည်

**နယူးယောက် ဩဂုတ် ၉**

အလာစကာပြည်နယ်ကိုနောက်ခံထားရိုက်ကူးမည့် ဒရာမာရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး ဒါကိုတာဖန်းနင်း၊ မင်းသား ဂျိတ်ဂျွန်ဆင်၊ ကိုရီမိုက်ကယ်စမစ်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၈ ရက် သတင်းများအရ သိရသည်။

တရားဝင် ဇာတ်ကားနာမည် မပေးရသေးသည့် အဆိုပါဒရာမာဇာတ်ကားကို ဒါရိုက်တာ ဂျိုးဆွင်းဘဲ့က ရိုက်ကူးမည်ဖြစ်ပြီး အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ ဂျိုးဆွင်းဘဲ့က တာဝန်ယူရေးသားမည်ဖြစ်သည်။

လက်ရှိတွင် အဆိုပါဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကိုမသိရသေးကြောင်း သိရသည်။

မင်းသမီး ဒါကိုတာဖန်းနင်း၊ မင်းသား ဂျိတ်ဂျွန်ဆင်နှင့် ကိုရီမိုက်ကယ်စမစ်တို့သည် အဆိုပါ ဇာတ်ကား၏ ထုတ်လုပ်သူများအဖြစ် တာဝန်ယူထားသည်။

အဆိုပါဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို လက်ရှိတွင် ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# Fast and Loose ဇာတ်ကားအတွက် ဒါရိုက်တာသစ်တစ်ဦး Netflix ရှာဖွေနေ



**နယူးယောက် ဩဂုတ် ၉**

Fast and Loose ဇာတ်ကားမှ ဒါရိုက်တာ မိုက်ကယ်ဘေး နုတ်ထွက်ခဲ့ပြီးနောက် Netflix ကုမ္ပဏီသည် ဒါရိုက်တာသစ်တစ်ဦးရှာဖွေနေကြောင်း ဩဂုတ် ၈ ရက် သတင်းများအရ သိရသည်။

ဇာတ်ကား ဖန်တီးမှုပိုင်းနှင့် ပတ်သက်၍ မင်းသား ဝီစမစ်နှင့် သဘောထားကွဲပြားခဲ့ပြီးနောက် Fast and Loose ဇာတ်ကားမှ ဒါရိုက်တာ မိုက်ကယ်ဘေး နုတ်ထွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Fast and Loose ဇာတ်ကားတွင် မက္ကဆီကိုနိုင်ငံ တီဂျူယာနာမြို့၌ ရုတ်တရက် နိုးထလာသော မှတ်ဉာဏ်များပျောက်ဆုံးနေသည့် အမျိုးသားတစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် လျှို့ဝှက်သည်းဖိုအက်ရှင်ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျွန်ဟိုဘား၊ အားရစ်ဟိုးဘား၊ ခရစ်ဘရစ်နာတို့က ရေးသားပေးထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ယခုနှစ် အောက်တိုဘာလအတွင်း စတင်ရိုက်ကူးရန် စီစဉ်ထားရာ Netflix အနေဖြင့် မိုက်ကယ်ဘေးနေရာတွင် အစားထိုးမည့် ဒါရိုက်တာတစ်ဦးကို ရှာဖွေနေရခြင်းဖြစ်ပြီး Netflix ကုမ္ပဏီသည် Fast and Loose ဇာတ်ကား ရုံတင်မည့်ရက်ကို ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# Dabayin Township plants more than 19,000 acres of pigeon pea


A farmer growing pigeon peas in a field using machinery.

**Dabayin August 9**

YeU District Agriculture Department stated that local farmers have so far planted 19,007 acres of pigeon pea as monsoon crops in Dabayin Township of Sagaing Region.

During the 2025–2026 monsoon cropping season, a plan was made to cultivate 20,201 acres of pigeon pea in Dabayin Township. Planting began in May this year, and as of today, 19,007 acres have already been cultivated.

"For this year's monsoon season, over 20,000 acres of pigeon pea are planned for cultivation in Dabayin Township. So far, more than 19,000 acres have been planted, and cultivation is ongoing. Efforts are underway to meet the full targeted acreage. We are also working to ensure good yields. Pigeon pea is being grown both as a sole crop and as an intercrop," said U Zaw Myint Tun, Head of the YeU District Agriculture Department.

This year, the Dabayin Township Agriculture Department has been providing farmers cultivating pigeon pea with field-based technical guidance to promote the use of quality and pure seeds, proper cultivation methods, pest prevention, and yield improvement.

In addition, the Dabayin Township Agriculture Department has been sharing techniques with farmers to reduce the cost of foliar fertilizer by using a mixture of urea and molasses. This method helps lower cultivation costs, keeps the plants pest-free, and promotes healthy growth. 206

# More than 3,000 acres of vegetables cultivated in Kyaukmyaung Sub-Township

**Kyaukmyaung August 9**

Local farmers have planted a total of 2,006 acres of vegetables as monsoon crops in Kyaukmyaung Sub-Township of Sagaing Region, according to the statistics of Kyaukmyaung Sub-Township Agriculture Department.

During the 2025-2026 monsoon cropping season, a plan was made to cultivate 4,895 acres of vegetables in Kyaukmyaung Sub-Township. Planting began in May this year, and as of today, 3,006 acres have already been cultivated.

"For this year's monsoon season, more than 4,000 acres of vegetables are planned for cultivation in Kyaukmyaung Sub-Township. So far, over 3,000 acres have already been planted, and efforts are ongoing to meet the full target. The crops include roselle, chilli, cauliflower, coriander, potato, cabbage, mustard, ridge gourd, eggplant, and bottle gourd. Farmers are being provided with technical support to grow all these vegetables using the GAP system. They are also being trained to minimize chemical residue and grow vegetables in a way that is safe for health," said Daw Khin Win, Head of the Kyaukmyaung Sub-Township Agriculture Department.


A vegetable plantation in Kyaukmyaung Sub-Township.

This year, the Kyaukmyaung Sub-Township Agriculture Department has been providing vegetable farmers with training to implement GAP (Good Agricultural Practices), as well as technical guidance to ensure the produce harvested is health-compliant. Support is also being given to help farmers expand their vegetable cultivation.

In Kyaukmyaung Sub-Township, a variety of seasonal vegetables are cultivated annually. These vegetable crops have proven successful, contributing to household income. The Township Agriculture Department is continuing to educate farmers on proper cultivation techniques, pest prevention, and the use of natural fertilizers, organic pesticides, and repellents. 206

# Over 20,000 acres of green gram grown in Wetlet Township

**Wetlet August 9**

Local farmers have planted 20,254 acres of green gram in Wetlet Township of Sagaing Region, according to the township Agriculture Department.

In 2025-26 cultivation season, local authorities earmarked cultivation of 38,525 acres of green gram in Wetlet Township but farmers planted 20,254 acres of crops against the target cultivation.

"For this year's monsoon cropping season in Wetlet Township, over 38,000 acres of green gram are planned for cultivation. So far, more than 20,000 acres have already been cultivated. Efforts are ongoing to meet the full targeted acreage. In terms of green gram cultivation, awareness is being raised to encourage expansion, and farmers are being educated to use quality, pure seeds to ensure better yields," said Daw Kyin San, Head of the Wetlet Township Agriculture Department.

This year, for farmers growing green gram in Wetlet Township, the Township Agriculture Department has been providing education and support on the use of quality, regionally suitable and pure seeds, proper cultivation practices, pest prevention, systematic use of chemical fertilizers, and achieving good yields.

During this monsoon season, in cultivating various types of pulses, the department has also been working together with farmers to ensure good yields and quality. This includes promoting the use of quality and pure seeds, input efficiency, and post-harvest technologies such as timely collection and storage. 206

# 14 terrorists killed in military operation in SW Pakistan

**Islambad August 9**

The Pakistan military has killed 14 terrorists in an operation early Saturday morning in Zhob district of the country's southwest Balochistan province.

The Inter-Services Public Relations (ISPR), the media wing of the Pakistan army, said in a statement that the security forces conducted an operation in the vicinity of the Sambaza area of the district along the Pakistan-Afghanistan border.

The military said that 14 terrorists were killed during the operation, and weapons, ammunition and explosives were also recovered from the killed militants.

The military added that it is a continuation of the operation, which started late Thursday night in the area in which 33 terrorists were killed by Friday morning.

"The number of terrorists killed in two days of anti-infiltration operation has risen to 47, including the 14 killed on Saturday morning," the military said.

Xinhua

# Trump administration demands UCLA pay 1 bln USD to settle antisemitism allegations

**Los Angeles August 9**

The U.S. government has demanded the University of California, Los Angeles (UCLA) pay a 1-billion-U.S.-dollar settlement to resolve accusations of antisemitism, offering to restore frozen federal grant funding in return, officials have said.

UC President James B. Milliken, who oversees the 10-campus system that includes UCLA, said in a statement Friday that the university "just received a document from the Department of Justice and is reviewing it."

"As a public university, we are stewards of taxpayer resources and a payment of this scale would completely devastate our country's greatest public university system as well as inflict great harm on our students and all Californians," Milliken noted.

He added that UCLA and the UC system play a vital role in developing life-saving technologies, advancing the U.S. economy, and protecting national security.

A draft agreement sent to the school Friday would require UCLA to pay the federal government 1 billion dollars in installments and set up a 172-million-dollar claims fund for people affected by violations of Title VI of the Civil Rights Act, which prohibits employment discrimination based on race, color, religion, sex, or national origin, CNN reported.

Xinhua


A pro-Palestinian protester confronts police officers outside Dodd Hall in the University of California Los Angeles in Los Angeles, California, the United States on June 10, 2024.

# Farmers grow more than 2,500 acres of maize and sweet corns in Shwebo Township


A sweet corn plantation in Shwebo Township.

**Shwebo August 9**

This year, local farmers grew a total of 2,597 acres of maize and sweet corn as monsoon crops in Shwebo Township of Sagaing Region, according to the Shwebo Township Agriculture Department.

In 2025-26 monsoon crop cultivation season, local authorities earmarked cultivation of 400 acres of maize and 2,441 acres of sweet corns, totalling 2,841 acres. But, local farmers started cultivation of crops in June this year. So far, they have planted 351 acres of maize and 2,246 acres of sweet corns, totalling 2,587 acres.

U Hsan Oo, Head of Shwebo Township Agriculture Department, unveiled: "Local authorities set a plan to grow more than 2,800 acres of maize and sweet corns in Shwebo Township this monsoon. So far, local farmers have planted more than 2,500 acres of crops against the target cultivation. Our department helped local farmers grow maize and corns successfully and prevent pests."

Officials of the Township Agriculture Department conducted training courses for local farmers and agricultural staff to enhance their capacity for growing maize and sweet corns successfully with field demonstration, prevention of FAW and making natural fertilizers and pests to reduce agricultural costs.

In Shwebo Township, maize yields more than 50 baskets per acre with K500,000 of agricultural cost and sweet corns, 15,000 cobs with more than K500,000 of cultivation charge.

206

# Ayadaw Township grows over 4,000 acres of rain-fed cotton

**Ayadaw August 9**

More than 4,000 acres of cotton have been planted in Ayadaw Township, Monywa District, Sagaing Region during this year's rain crops planting season, according to the statistics of the Department of Agriculture for Monywa District.

In the 2025-2026 rain crops planting season, Ayadaw Township is planning to plant 10,041 acres of cotton, and planting has begun since May this year, and 4,830 acres have been planted to date.

"This year, Ayadaw Township is planning to plant more than 10,000 acres of cotton. More than 4,000 acres have been planted to date. Planting is ongoing. In order to grow cotton crops, we are providing cotton seeds so that farmers can easily plant good and clean varieties before the season," said Daw San San Myint, head of the Department of Agriculture for Monywa District.

The cost of cotton cultivation is 350,000 kyats per acre, and the yield is around 1,000 visses per acre.

Cotton is successfully cultivated in 19 townships in Sagaing, Monywa, Yinmabin, Shwebo and Kanbalu districts in Sagaing Region.

206


A monsoon cotton plantation.

# Farmers plant over 1,000 acres of black gram in Monywa District

**Monywa August 9**

According to Monywa District Agriculture Department, more than 1,000 acres of black gram was grown in Monywa District of Sagaing Region this year.

In 2025-26 monsoon cultivation season, local authorities set a plan to grow 2,100 acres of black gram in Monywa District but local farmers in Monywa Township planted 530 acres of black gram, Ayadaw Township 49 acres and ChaungU Township 478 acres, totalling 1,057 acres against the target cultivation.

"This year, for the upcoming monsoon crop season, over 2,000 acres of black gram cultivation is planned in Monywa District. As of today, more than 1,000 acres have already been cultivated. We are making efforts to meet the targeted acreage for black gram cultivation. During the planting period, we are also providing on-site technical support including appropriate cultivation methods, quality seeds, and pest and disease control measures," said Daw San San Myint, Head of the Monywa District Agriculture Department.

For the 2025-2026 monsoon crop season, black gram cultivation plans in Monywa District are allocated by township: 850 acres in Monywa Township and 1,250 acres in ChaungU Township, totaling 2,100 acres. Planting began in June and will continue until September this year.

It is also reported that relevant township agriculture departments are providing farmers with knowledge and support on using quality and regionally suitable seed varieties, ensuring seed purity, following correct cultivation practices, preventing pest infestations, applying fertilizers systematically, and improving crop yield.

During this monsoon crop season, various pulses are being cultivated. To ensure good yields and quality, township agriculture departments are collaborating with farmers to supply quality and pure seeds, introduce inputs, and share post-harvest techniques.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Wetlet Township cultivates over 22,000 acres of rain-fed pigeon peas

**Wetlet August 9**

A total of 22,376 acres of pigeon peas have been planted in the rainy season this year in Wetlet Township, Shwebo District, Sagaing Region, according to the statistics of the Department of Agriculture for Wetlet Township.

In the 2025-2026 rain crops planting season, 21,256 acres of pigeon peas have been planned for planting in Wetlet Township, and planting has started since May this year, and 22,376 acres have been planted to date.

"This year, 21,256 acres of pigeon peas have been planned for planting in Wetlet Township. To date, 22,376 acres have been planted. The area of pigeon peas has exceeded the current target area. We also provide services for good yields in pigeon peas," said Daw Kyin San, head of the Department of Agriculture for Wetlet Township.

This year, the Township Department of Agriculture is providing field education to farmers growing pigeon peas in Wetlet Township on how to select good and pure varieties, proper planting methods, pest control, and good yields.

206


A rain-fed pigeon pea plantation.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်ကြည်းတပ်က လေကြောင်းနှင့်ဒုံးကျည်ခြိမ်းခြောက်မှုဆိုင်ရာကာကွယ်ရေးစနစ်ကို အဆင့်မြှင့်တင်ရန်လုပ်ဆောင်နေ



အမေရိကန်ကြည်းတပ်သည် ပြိုင်ဘက်နိုင်ငံများ၏ လျင်မြန်စွာတိုးတက်လာနေသည့် လေကြောင်းအာကာသနှင့် တိုက်ခိုက်ရေးစွမ်းရည်များကို တန်ပြန်ရန်အတွက် လေကြောင်းနှင့် ဒုံးကျည်ခြိမ်းခြောက်မှုဆိုင်ရာ ကာကွယ်ရေးစနစ်ကို ပြန်လည်အဆင့်မြှင့်တင်ရန် ကြီးမားသော ပြုပြင်ပြောင်းလဲမှုတစ်ရပ်ကို လုပ်ဆောင်နေသည်ဟု The Defense Post သတင်းဌာနက ဩဂုတ် ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန် အာကာသနှင့်ဒုံးကျည်ကာကွယ်ရေးကွပ်ကဲရေးဌာန၏ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Sean Gainey က အလာဘားမားပြည်နယ်တွင် ကျင်းပသည့် ညီလာခံတစ်ခုတွင် ပြောကြားရာ၌ ဤလုပ်ဆောင်မှုသည် ပိုမိုပြိုင်ဆိုင်မှုပြင်းထန်လာသည့် နယ်ပယ်များတွင် ပေါင်းစည်းကာကွယ်ရေးဆီသို့ ဦးတည်သည့် မဟာဗျူဟာမြောက်အပြောင်းအလဲကို ဖော်ပြနေခြင်းဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဤလုပ်ဆောင်ချက်၏ အဓိကအချက်များတွင် ဉာဏ်ရည်တုနည်းပညာ (AI) သုံးစနစ်များဖြန့်ကြက်ချထားခြင်း၊ အာကာသတန်ပြန်စွမ်းရည်များ မြှင့်တင်ခြင်းနှင့် လေကြောင်း၊ ဒုံးကျည်နှင့် အာကာသဆိုင်ရာစစ်ဆင်ရေးများကြား ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေခြင်းတို့ ပါဝင်သည်။

ဤမဟာဗျူဟာကို အထောက်အကူပြုရန်အတွက် အမေရိကန်ကြည်းတပ်သည် ၎င်း၏အင်အားဖွဲ့စည်းပုံနှင့် စစ်ဆင်ရေးနယ်ပယ်ကို တိုးချဲ့လုပ်ဆောင်နေသည်။ ၎င်းတွင် Lower-Tier Air-and-Missile Defense Sensor ရေဒါစနစ်တပ်ဆင်ထားသည့် Patriot တပ်ရင်းအသစ်များ၊ Indirect Fire Protection Capability အနိမ့်ပျံကာကွယ်ရေးတပ်ရင်းများနှင့် Counter-Unmanned Aircraft Systems တန်ပြန်ဒရုန်းတိုက်ဖျက်ရေးတပ်ခွဲများကို တိုက်ပွဲဝင်အသင့်ဖြန့်ကြက်အသုံးပြုခြင်းတို့ ပါဝင်မည်ဖြစ်သည်။

ထို့ပြင် အမေရိကန်ကြည်းတပ်သည် အောက်တိုဘာလတွင် စစ်သည်များအတွက် ပထမဆုံးအာကာသဆိုင်ရာအခန်းကဏ္ဍဖြစ်သည့် အာကာသတပ်ဖွဲ့ဝင်စစ်သည်ခန့်အပ်ခြင်းကို စတင်မည်ဖြစ်ပြီး ၎င်းသည် စစ်ဆင်ရေးများအတွက် အာကာသ ပံ့ပိုးမှုများပေးခြင်းနှင့် အာကာသစွမ်းရည်များကို တပ်ဖြန့်စစ်ရေးလေ့ကျင့်မှုများတွင် ပေါင်းစည်းကူညီပေးနိုင်မည်ဖြစ်သည်။

အမေရိကန်ကြည်းတပ်သည် ၂၀၄၀ ပြည့်နှစ် လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးမဟာဗျူဟာကို ရည်မှန်းတည်ဆောက်နေကြောင်း၊ ထိုမဟာဗျူဟာတွင် မတူညီသောမြေမျက်နှာသွင်ပြင်များတွင် ဖြန့်ကြက်ထားပြီး ပူးပေါင်းမဟာမိတ်တပ်ဖွဲ့များနှင့် ပေါင်းစည်းထားသောဖွဲ့စည်းမှုပုံစံများကို အဓိကထားအကောင်အထည်ဖော်နေကြောင်း Gainey က ပြောကြားခဲ့သည်။

ယနေ့ခေတ်ပဋိပက္ခများတွင် လူသားနှင့်စက်ရုပ်ပူးပေါင်းဆောင်ရွက်မှု၊ AI အခြေပြုဆုံးဖြတ်ချက်ချမှတ်မှုနှင့် ထိုးစစ်၊ ခံစစ်ဒုံးကျည်ပစ်လွှတ်စနစ်များကို ပေါင်းစည်းထားသည့် ပိုမိုပေါ့ပါး၊ မြန်ဆန်ပြီး ပိုမိုထိရောက်သော လက်နက်စနစ်ဖွဲ့စည်းမှုပုံစံများ လိုအပ်သည်ဟုလည်း Gainey က အလေးပေးပြောကြားခဲ့သည်။

ဤအစပျိုးမှုနှင့်အညီ အမေရိကန်ကြည်းတပ် အာကာသနှင့်ဒုံးကျည်ကာကွယ်ရေးကွပ်ကဲရေးဌာနချုပ်သည် အမေရိကန် မြောက်ပိုင်းကွပ်ကဲမှုဌာနချုပ်၊ အာကာသကွပ်ကဲမှုဌာန၊ ဒုံးကျည်ကာကွယ်ရေးအေဂျင်စီတို့နှင့် ပူးပေါင်း၍ အနာဂတ်ပြည်တွင်း ကာကွယ်ရေးစနစ်များကိုပုံဖော်ရာတွင် အဓိကအခန်းကဏ္ဍမှ ဆက်လက်ပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

**US Army Launches Sweeping Overhaul to Bolster Integrated Air, Missile, and Space Defense** ကို ဘာသာပြန်ဆိုထားပါသည်။

## တရုတ်(တိုင်ပေ) MND ကTien Kung IV လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ကို ၂၀၂၆ ခုနှစ်တွင်ထုတ်လုပ်မည်



တရုတ်(တိုင်ပေ) အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန(MND) သည် Tien Kung IV (Sky Bow IV) လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ကို ၂၀၂၆ ခုနှစ်တွင် ထုတ်လုပ်မည်ဖြစ်ကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Tien Kung IV သည် တရုတ်(တိုင်ပေ) ပြည်တွင်းထုတ် Sky Bow စနစ်၏အဆင့်အမြင့်ဆုံးဗားရှင်းဖြစ်ပြီး အမျိုးသားကျုံးရှန်သိပ္ပံနှင့် နည်းပညာတက္ကသိုလ် (NCSIST)မှ Chiang Kung (Strong Bow) အဆင့်မြင့်လေကြောင်းကာကွယ်ရေးအစီအစဉ်အောက်တွင် တီထွင်ခဲ့ခြင်းဖြစ်သည်။ နည်းပညာအရ ဤဒုံးကျည်သည် အဆင့်နှစ်ဆင့်ပါ အစိုင်အခဲလောင်စာသုံးဒုံးကျည်အမျိုးအစားဖြစ်ကာ Thrust Vector Control နည်းပညာနှင့် Cold Gas Attitude Control စနစ်များတပ်ဆင်ထားပြီး ပစ်မှတ်ကို တိကျစွာတိုက်ခိုက်ဖျက်ဆီးနိုင်သည်။ ၎င်းတွင် X-band ရေဒါစနစ်သုံးသည့် Active Radar Homing Seeker ပါဝင်သောကြောင့် အလွန်အမင်း လျှပ်စစ်သံလိုက်လှိုင်း ဝင်ရောက်စွက်ဖက်မှုများရှိနေသည့် ပတ်ဝန်းကျင်မျိုးတွင်ပင် ပစ်မှတ်ကို ကိုယ်တိုင်ခြေရာခံပြီး ခွဲခြားသိမြင်နိုင်သည်။ ဤဒုံးကျည်ကို တရုတ်(တိုင်ပေ)၏ လက်ရှိ ဒုံးကျည်ကာကွယ်ရေးဖွဲ့စည်းပုံနှင့်ကိုက်ညီသော ဒေါင်လိုက်ပစ်စင်နှင့် ပေါင်းစပ်ထားပြီး ပစ်မှတ်များစွာကို တစ်ပြိုင်နက်တည်း ခြေရာခံထိန်းကျောင်းပစ်ခတ်နိုင်သည့် Phased Array ရေဒါဖြင့် ဒစ်ဂျစ်တယ်ပစ်ခတ်မှု ထိန်းချုပ်ကွန်ရက်မှတစ်ဆင့် တိုက်ပွဲဝင်စီမံခန့်ခွဲနိုင်မည်ဖြစ်သည်။

Tien Kung IV သည် အသံထက်မြန်သော ခရုဇ်ဒုံးကျည်များ၊ နည်းဗျူဟာမြောက်ပဲ့ထိန်းဒုံးကျည်များနှင့် လမ်းကြောင်းပြောင်းနိုင်သောယာဉ်များ အပါအဝင် အမျိုးမျိုးသော ဝေဟင်ခြိမ်းခြောက်မှုများကိုကြားဖြတ်တိုက်ခိုက်ဖျက်ဆီးရန် ဒီဇိုင်းထုတ်ထားသည်။ ၎င်း၏ပစ်ခတ်နိုင်သည့်အမြင့်သည် ကီလိုမီတာ ၇၀၊ အလျားလိုက်အကွာအဝေးမှာ ကီလိုမီတာ ၂၀၀ ကျော်ထိရှိပြီး အမေရိကန်ထုတ် THAAD ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်စနစ်ကဲ့သို့ပင် မဟာဗျူဟာမြောက် အဆင့်တစ်ခုတည်းတွင် တန်းဝင်စေမည်ဖြစ်သည်။ သို့သော်လည်း Tien Kung IV သည် အရွယ်အစားသေးငယ်ပြီး တရုတ်(တိုင်ပေ) ပြည်တွင်းထုတ် C4ISR (Command, Control, Communications, Computers, Intelligence, Surveillance, and Reconnaissance) စနစ်များနှင့် ပေါင်းစပ်ထားသည်။ ဤစနစ်သည် တိုက်ရိုက်ထိခိုက်ဖျက်ဆီးလမ်းညွှန်ထိန်းကျောင်းမှုနှင့် Kinetic Kill Vehicle (KKV) နည်းပညာကို ထည့်သွင်းထားသည်ဟု ယုံကြည်ရသောကြောင့် လေထုအပြင်ဘက်နှင့် လေထုအထက်ပိုင်းရှိ ပဲ့ထိန်းဒုံးကျည်ခြိမ်းခြောက်မှုများကို တိုက်ခိုက်ဖျက်ဆီးနိုင်သည့်စွမ်းရည်များ ပိုမိုမြင့်မားကောင်းမွန်နိုင်သည်။

Tien Kung IV သည် Sky Bow III စနစ်နှင့် Patriot PAC-3 MSE ဒုံးကျည်စနစ်ကြားရှိ အမြင့်နှင့် အကွာအဝေးကွာဟချက်ကို ဖြည့်ဆည်းပေးနိုင်သည့် တရုတ်(တိုင်ပေ)၏ လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးကွန်ရက်အတွက် အရေးပါသော တိုးချဲ့မှုတစ်ခုဖြစ်သည်။

Tien Kung IV ဒုံးကျည်စနစ် အစုလိုက်အပြုံလိုက်ထုတ်လုပ်မှုနှင့် ၁၀၅ မီလီမီတာ ဘီးတပ်တိုက်ယာဉ် (AFV)အသစ်များ တပ်ဖြန့်ချထားမှုတို့သည် တရုတ်(တိုင်ပေ)၏ ကိုယ်ပိုင်ကာကွယ်ရေးစွမ်းရည်ကို တည်ဆောက်ရန်အတွက် ခိုင်မာသောလုပ်ဆောင်မှုကို ထင်ဟပ်ပြနေသည်။ ဤလုပ်ဆောင်ချက်များသည် နယ်ပယ်ပေါင်းစုံမှ ခြိမ်းခြောက်မှုများကို တုံ့ပြန်နိုင်စွမ်းရှိသည့် ကာကွယ်ရေးစနစ်တစ်ခုကို တည်ထောင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

**Taiwan to mass produce Tien Kung IV surface-to-air missile to strengthen coastal defense** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ဗန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၃၁၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၃၁၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဗန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၇၈၆ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၃၁၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဗန်းမောက်မြို့နယ်အတွင်း ဟင်းသီးဟင်းရွက်ဧက ၂၇၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၃၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေ စိုက်ပျိုးဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)






# လင်းခေးမြို့နယ် ဝမ်တိန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး



**လင်းခေး ဩဂုတ် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်တိန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်း၊ လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူ၊ တာဝန်ခံအင်ဂျင်နီယာနှင့်ဝန်ထမ်းများက ဝမ်တိန်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လင်းခေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်းက ကုန်ထုတ်လမ်းဖောက်လုပ်ရာတွင် သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဝမ်တိန်းကျေးရွာ၌ လမ်းအရှည် တစ်မိုင်တစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေရှိ မြေသားလမ်းပေါ်တွင် အမြင့်ကိုးလက်မရှိသဲဖြန့်ခင်းခြင်းလုပ်ငန်း၊ အဆိုပါကုန်ထုတ်လမ်းပေါ်တွင် Pipe Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီသုံးခုက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၁၁၀ ဒသမ ၃၃၉ သန်း အသုံးပြု၍ ယခုနှစ် ဩဂုတ် ၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၁၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက ဝမ်တိန်းကျေးရွာရှိ တောင်သူများ၏ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များကို ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း လင်းခေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်းက ပြောပြ၍ သိရသည်။ **အေးသူ**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးခေါင်းပွပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မအူပင် ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးခေါင်းပွ ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဝင်းက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးခေါင်းပွ ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးခေါင်းပွ ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးခေါင်းပွများအပါအဝင် ဒေသရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"မအူပင်မြို့နယ်က ငါးခေါင်းပွတွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လပထမပတ်လောက်ကနေ ငါးခေါင်းပွတွေ တင်ပို့အား ကောင်းလာတာဖြစ်ပါတယ်။ ဒေသတွင်းမှာကို ငါးခေါင်းပွက ဝယ်လိုအားများနေပါတယ်။ ဇွန်လကထက် ဇူလိုင်လအတွင်း ပိဿာချိန် ၂၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာ ငါးခေါင်းပွတွေ ဝယ်လိုအား ကောင်းလာတာကြောင့် ငါးလုပ်ငန်းရဲ့ နယ်ပယ်အသီးသီးက သူတွေ အဆင်ပြေနေပါတယ်"ဟု မအူပင်မြို့နယ် ရေထွက်ကုန် ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဝင်းက ပြောပြသည်။

မအူပင်မြို့နယ်မှ ထွက်ရှိသည့် ငါးခေါင်းပွများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်ဈေးကွက်မှတစ်ဆင့် နေပြည်တော်နှင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးခေါင်းပွများ တင်ပို့ရောင်းချအား ကောင်းလာသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမို ကောင်းမွန်လာကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# တောင်ငူမြို့နယ် တလိုင်းနွယ်ကုန်း(အရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းမိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ဝင် ရွေးချယ်ဖွဲ့စည်းခြင်းပြုလုပ်

**တောင်ငူ ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မဟောင်ကျေးရွာအုပ်စု တလိုင်းနွယ်ကုန်း(အရှေ့)ကျေးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဝင် ရွေးချယ်ဖွဲ့စည်းခြင်းကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။


ရှေးဦးစွာ တောင်ငူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များရွေးချယ်ရာတွင် သတ်မှတ်ထားသည့် အရည်အချင်းများ၊ ထမ်းဆောင်ရမည့်လုပ်ငန်းတာဝန်များ၊ ခံစားခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ **ကိုညို**


ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးအတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပညာသင်ထောက်ပံ့ခြင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့သူများ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ




**နေပြည်တော် ဩဂုတ် ၉**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် တက်ရောက်သင်ကြားလျက်ရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများ ပညာသင်ထောက်ပံ့ခြင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သားသမီးများ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂)တွင် ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သားသမီးများ ပညာရေးသည် နိုင်ငံတော် တည်ဆောက်ရေးအတွက် အုတ်မြစ်ဖြစ်ကြောင်း၊ ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့်သာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုတည်ဆောက်နိုင်မည်ဖြစ်သည့်အတွက် အရည်အချင်းရှိသော ပညာတတ်များ ပေါ်ထွန်းလာရေး စဉ်ဆက်မပြတ် အားပေးမြှင့်တင်လျက်ရှိကြောင်း၊ ကျောင်းသား၊ကျောင်းသူများအနေဖြင့် အဆင့်အတန်းမြင့်မားသည့် ပညာရပ်များကိုသင်ယူပြီး နိုင်ငံတော်အကျိုးကို သယ်ပိုးနိုင်သည့် အနာဂတ်နိုင်ငံတော်အတွက် ထူးချွန်ထက်မြက်သည့် လူငယ်များ ဖြစ်လာစေရေး ကြိုးစားကြရန် တိုက်တွန်းပြောကြားသည်။ဝဝ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက အခြေခံပညာကျောင်းများတွင်ပညာသင်ကြားနေကြသည့် ဝန်ထမ်းများ၏ သားသမီးများအတွက် ကျောင်းသုံးစာရေးကိရိယာများ၊ တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးများဖြင့်အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများကို ဆုများ ချီးမြှင့်ပေးအပ်ရာ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ဆုရရှိသည့် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။


ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ယနေ့အခမ်းအနားတွင် အခြေခံပညာအဆင့် ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူ ၁၅၇၂၅ ဦးအတွက် ကျောင်းသုံးစာရေးကိရိယာနှင့် ဗလာစာအုပ်များ ထောက်ပံ့ခဲ့ပြီး ဘာသာစုံဂုဏ်ထူးရှင် လေးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ငါးဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၁၁ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၄၃ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၃၄ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၆၄ ဦး အပါအဝင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သူ ၁၆၁ ဦးကို ဂုဏ်ပြုလွှာနှင့် ဆုငွေများကို ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကေဗွီ ၂၃၀ သပြေဝပင်မဓာတ်အားခွဲရုံနှင့် ကေဗွီ ၂၃၀ ဘဲလင်းပင်မဓာတ်အားခွဲရုံများမှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုကို ဒုတိယဝန်ကြီး ဦးအေးကျော် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၉**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကေဗွီ ၅၀၀ မိတ္ထီလာ(ကံကောင်း) ပင်မဓာတ်အားခွဲရုံတည်ဆောက်ပြီးစီးမှု၊ ကေဗွီ ၂၃၀ သပြေဝပင်မဓာတ်အားခွဲရုံနှင့် ကေဗွီ ၂၃၀ ဘဲလင်းပင်မဓာတ်အားခွဲရုံများမှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုအခြေအနေများနှင့် Power Gen (ကျောက်ဆည်)သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှ ဓာတ်အားထုတ်လုပ်ပေးနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကေဗွီ ၅၀၀ မိတ္ထီလာ(ကံကောင်း) ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ဒုတိယဝန်ကြီးက စီမံကိန်းတပ်ဆင်စမ်းသပ်ကာလအတွင်း တာဝန်ကျဝန်ထမ်းများအနေဖြင့် ဓာတ်အားပို့လွှတ် ထိန်းချုပ်ကိရိယာများ စနစ်တကျ ကျွမ်းကျင်စွာအသုံးပြုသွားနိုင်ရေး ကြိုတင်ပြင်ဆင်လေ့လာသင်ကြားသွားရန်၊ ဝန်ထမ်းအိမ်ရာများတည်ဆောက်မှုမပြီးသေးမီ ယာယီအစီအစဉ်ဖြင့် နေထိုင်သွားရေးမှာကြားကာ ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်ပြီး Switch Yard အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ကေဗွီ ၂၃၀ သပြေဝ ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ဒုတိယဝန်ကြီးက နောင်တွင် ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားများ ချိတ်ဆက်ပို့လွှတ်လာပါက လက်ခံနိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်နှင့် ဓာတ်အားလိုင်းများအား ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အစီအမံများ ကြိုတင်ဆောင်ရွက်နိုင်ရေး မှာကြားပြီး Computer Control Room အတွင်းတွင် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကေဗွီ ၂၃၀ ဘဲလင်းပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး Control Room အတွင်း ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားခွဲရုံ Switch Yard အတွင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ပြင်ဆင်၍ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုနှင့် Switch Bay များ ထပ်မံတိုးချဲ့တည်ဆောက်သွားနိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်Power Gen (ကျောက်ဆည်) သဘာဝဓာတ်ငွေ့အင်ဂျင်သုံး ဓာတ်အားပေးစက်ရုံသို့ရောက်ရှိ၍ ဒုတိယဝန်ကြီးက သွင်းကုန်လိုင်စင် ထောက်ခံချက်ရရှိရေး အချိန်မီ ကြိုတင်တင်ပြသွားရန်မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး ဓာတ်အားပေးစက်ရုံအတွင်း အင်ဂျင်များမှ ဓာတ်အားထုတ်လုပ်ပေးနေမှုအခြေအနေများနှင့် Central Control Room အတွင်းမှ သဘာဝဓာတ်ငွေ့အင်ဂျင်သုံး ဓာတ်အားပေးစက်မောင်းနှင်မှု အချက်အလက်များကို စောင့်ကြည့်ထိန်းချုပ်နေမှု အခြေအနေများနှင့် ဓာတ်အားလိုင်းများသို့ ဓာတ်အားပို့လွှတ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

## ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၉**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့၌ ဩဂုတ် ၁၃ ရက်တွင် လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်လာနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

❖ ကျောဖုံးမှအဆက်

ဒီပြိုင်ပွဲဟာ တော်တော်လေးကို ခက်ခဲတဲ့ပြိုင်ပွဲဖြစ်တယ်။ ရက်သတ္တပတ်လုံး ဖိုင်နယ်အဆင့်ကိုတက်လှမ်းနိုင်ဖို့အတွက် အဆင့်ဆင့်ကျော်ဖြတ်ခဲ့ရတယ်။ အဆင့်တိုင်းကလည်း အရမ်းကိုခက်ခဲခဲ့တယ်။ ဖိုင်နယ်ပွဲစဉ်မှာလည်း အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ အထူးသဖြင့် ပထမပွဲငယ်ကို အရှုံးနဲ့စတင်ခဲ့တဲ့အတွက် ဖိအားဝင်ခဲ့တယ်။ ပထမပွဲငယ်မှာ ရှုံးနိမ့်ခဲ့ပြီးတဲ့နောက် ကျွန်တော့်ရဲ့ အကောင်းဆုံးတင်းနစ်စွမ်းရည်တွေကို ပြသနိုင်ခဲ့တယ်။ တကယ်လိုအပ်တဲ့အချိန်မှာ အချိန်ကိုက် အကောင်းဆုံးကစားနိုင်ခဲ့တဲ့အတွက်ကြောင့် အခုလို ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

ဘင်ရှယ်လ်တန်အတွက် ကစားသမားဘဝ သက်တမ်းတစ်လျှောက် တတိယမြောက် ဆွတ်ခူးနိုင်ခဲ့သောဆုဖလားလည်းဖြစ်ပြီး ပထမဆုံးသောဆုဖလားကို ၂၀၂၃ ခုနှစ်က တိုကျိုမြို့တွင်လည်းကောင်း၊ ဒုတိယမြောက်ဆုဖလားကို ၂၀၂၄ ခုနှစ်က ဟောက်စတန်မြို့တွင် လည်းကောင်း ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Ref : RT**

**Trs : AZL**

# ဆေးဝါးစက်ရုံ(အင်ရောင်း)အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ ဆေးဝါးစက်ရုံ(အင်ရောင်း) သို့ရောက်ရှိပြီး မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် သွေးကြောသွင်းဆေးရည် ထုတ်လုပ်ရေးဌာနရှိ အဆောက်အအုံနှင့် စက်ပစ္စည်းကိရိယာများပျက်စီးခဲ့၍ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ သွေးကြောသွင်းဆေးရည်များ ပြန်လည်ထုတ်လုပ်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူးနှင့် ဌာနတာဝန်ခံများနှင့်တွေ့ဆုံ၍ ဆေးဝါးထုတ်လုပ်သည့် အဆောက်အအုံဖြစ်သည့်အတွက် ကောင်းမွန်သည့် ထုတ်လုပ်မှုကျင့်စဉ်များနှင့် ကိုက်ညီမှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငလျင်ဇုန်အတွင်းရှိ စက်ရုံများ၌ စက်ပစ္စည်းကိရိယာများတပ်ဆင်မည်ဆိုပါက FEMA Guidelines နှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ ဆေးဝါးစက်ရုံများ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများဆောင်ရွက်လျှင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို သတ်မှတ်ရေးဆွဲထားရမည်ဖြစ်ကြောင်း၊ ဆေးဝါးအမည်သစ်များ၊ အခြေခံဆေးဝါးများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် စီမံချက်များရေးဆွဲ၍ စနစ်တကျဆောင်ရွက်ရမည့်အပြင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းစသည့် နည်းလမ်းများဖြင့်ပါ ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထုတ်ကုန်ပစ္စည်းများ အရည်အသွေးတိုးတက်ကောင်းမွန်ရေး၊ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ စက်ပစ္စည်းများ သက်တမ်းပြည့်နှင့် စွမ်းအားပြည့် အသုံးပြုနိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စက်ရုံတာဝန်ရှိသူများအနေဖြင့် နေ့စဉ်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ အမြဲမပြတ် ပြန်လည်သုံးသပ်ပြီး အားနည်းချက်များကို လျော့နည်းအောင် ပြုပြင်ဆောင်ရွက်ရန်နှင့် အားသာချက်များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဘဏ္ဍာနှစ်အတွင်းထုတ်လုပ်ရမည့် လျာထားချက်ကို ပြည့်မီအောင်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပိုက်ကျော်ခြင်းအားကစားအဖွဲ့များ လေ့ကျင့်နေမှုများနှင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အားကစားရုံ (A)နှင့် ရေကူးကန်ပြုပြင်ရေးလုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၉**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် နေပြည်တော်၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ပိုက်ကျော်ခြင်း အမျိုးသား၊ အမျိုးသမီး အားကစားသမားများနှင့် အမျိုးသမီးကွင်းသွင်းခြင်းခတ် အားကစားသမားများ၏ အဖွဲ့လိုက် လေ့ကျင့်နေမှုများ ကြည့်ရှုအားပေးပြီးအားကစားသမားများကို ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ Max Myanmar ConstructionCo.,Ltd မှ ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ဝဏ္ဏသိဒ္ဓိ ရေကူးကန်အတွင်းရှိ လေ့ကျင့်ရေး ရေကူးကန်ကြမ်းခင်းကျွံကျနေမှု၊ ရေသန့်စင်ရန်အတွက် ကလိုရင်း(Chlorine)ကန်နှင့် ရေပိုက်လိုင်းများ ပြုပြင်သန့်စင်နေမှုနှင့် အုတ်နံရံ အတွင်း၊ အပြင် ပြိုကျနေမှုများအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားသမားများ ရေကူးလေ့ကျင့်ခန်းများပြုလုပ်နိုင်စေရန်အတွက် ရေကူးကန်ပြုပြင်မှုကို ဦးစားပေးဆောင်ရွက်ပေးစေလိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစေရေး ဦးစားပေးဆောင်ရွက်ရန်နှင့် အဆောက်အအုံများကို သဘာဝဘေးအန္တရာယ်ဒဏ်နှင့် ရာသီဥတုဒဏ်ခံနိုင်စေရန်၊ ရေရှည်တည်တံ့စေရန်နှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီပြီး အမြန်ဆုံးတည်ဆောက်ပြီးစီးစေရေးတို့အတွက် စိစစ်ကြပ်မတ်ဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ **နောင်ချိုမြို့နယ်မှအဆက်**

တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ သွေးအမျိုးအစား စစ်ဆေးပေးခြင်းအနေဖြင့် ၁၆ ဦးနှင့် ၄က်ဖျားပိုးစစ်ဆေးပေးခြင်း ၁၇ ဦးတို့ကို စစ်ဆေးပေးခဲ့ပြီး ပြည်သူ့ဆေးရုံတွင် OPD လူနာများအား ဆေးစိမ်ခြင်ထောင် အလုံး၁၀၀ အား ထောက်ပံ့ပေးသည်။ ထို့ပြင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ၃၄ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



နောင်ချိုမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူတစ်ဦးကို ဆေးစိမ်ခြင်ထောင် ထောက်ပံ့ပေးစဉ်။



နောင်ချိုမြို့နယ် အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်ရောက်နေမှုကို တွေ့ရစဉ်။

ရှေ့ဖုံးမှအဆက်

သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mrs. Ponnamperuma Arachchige Prabashini Ponnamperuma၊ အင်ဒိုနီးရှားနိုင်ငံသံရုံး ယာယီတာဝန်ခံ Mr.Muhammad ArifHidayatullah၊ ပါကစ္စတန်နိုင်ငံသံရုံးယာယီတာဝန်ခံ Mr. Anwar Zeb၊ ကာတာနိုင်ငံသံရုံး ယာယီတာဝန်ခံ Dr. Rashid Abdulla AL-Kuwari၊ ဘရူနိုင်းနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr.Aizul Aziz၊ ဆော်ဒီအာရေဗျနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Abdullah A. Al-Hoshan တို့က ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လာရောက် လက်မှတ်ရေးထိုးခဲ့ကြသည်။

ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လာရောက်လက်မှတ်ရေးထိုးသော သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများ၊ ကျန်ရစ်သူမိသားစုသို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားများ ပြောကြားခဲ့ပြီး ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




















မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၉-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၃-၈-၂၀၂၅ ရက်နေ့မှ ၁၄-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၉-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၅-၈-၂၀၂၅ ရက်နေ့အတွက် မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




**❒ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာနိုင်မှု**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုး ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သိရသည်။

## မနက်ဖြန်မွန်းတည့်ချိန်ထိ ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၉

မနက်ဖြန်မွန်းတည့်ချိန်ထိ ခန့်မှန်းချက်မှာ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ မန္တလေးမြို့ပေါ် ခုနစ်မြို့နယ်ရှိ ကျောင်းတိုက်များ၌ ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၄၅၇၃၈ ပါးတို့အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကုလားပဲလှူဒါန်းပွဲအခမ်းအနား ကျင်းပ





မန္တလေး ဩဂုတ် ၉

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ၂၀၂၅ ခုနှစ် မန္တလေးမြို့ပေါ် ခုနစ်မြို့နယ်ရှိ ကျောင်းတိုက်များ၌ ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၄၅၇၃၈ ပါးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကုလားပဲ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီးတွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုသော သံဃာတော် ၄၅ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြပြီး နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီးနောက် ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လှူဒါန်းရခြင်းအကြောင်းရင်းနှင့် စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ဝါတွင်းကာလ ဝါဆိုဝါကပ် သီတင်းသုံးတော်မူကြသည့် ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းကိစ္စ အဆင်ပြေစေရန် ရည်ရွယ်၍ ဆွမ်းဆန်တော် ပစ္စယာနုဂ္ဂဟအဖြစ် လှူဒါန်းရခြင်းအကြောင်း၊ ဆရာတော်များ ပရိယတ္တိ၊ ပဋိပတ္တိများကို စိတ်ချမ်းမြေ့စွာ အားထုတ်သင်ကြားနိုင်ရန်၊ သာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရန် သာသနာ့ကိစ္စအဝဝကို လစ်ဟင်းမှုမရှိအောင် ဆရာဒကာလက်တွဲ၍ ကြိုးပမ်း ဆောင်ရွက်သွားမည့်အကြောင်း စသည်ဖြင့် သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့က သင်္ကန်း၊ နဝကမ္မဝတ္ထုငွေများနှင့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကုလားပဲ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဆရာတော်ထံသို့ တိုင်းမှူး၏ဇနီးက သင်္ကန်းနှင့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကုလားပဲ လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ သင်္ကန်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြပြီးနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှ အနုမောဒနာတရားနာယူကြည်ညို၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ယနေ့ ပြုလုပ်သော လှူဒါန်းမှု၌ မန္တလေးမြို့ပေါ် ခုနစ်မြို့နယ်ဖြစ်သော အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ ပုသိမ်ကြီး၊ အမရပူရတို့တွင် ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ ၄၀၄၀၅ ပါး၊ သီလရှင် ဆရာကြီး၊ ဆရာလေး ၅၃၃၃ ပါး စုစုပေါင်း ၄၅၇၃၈ ပါးတို့အတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဆွမ်းဆန်တော် ၅၇၁၇ ဒသမ ၂၅ အိတ်၊ ဆီ ၁၁၄၃၄ ဒသမ ၅ ပိဿာ၊ ဆား ပိဿာ ၅၀၀၊ ကြက်သွန်နီ ၁၁၄၃၄ ဒသမ ၅ ပိဿာ၊ ကုလားပဲ ၁၁၄၃၄ ဒသမ ၅ ပိဿာ စုစုပေါင်း တန်ဖိုးငွေကျပ် သိန်း ၈၈၀၀ ကျော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



# ရန်ကုန်မြို့တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသော အားကစားအဖွဲ့များကို ဒုတိယဝန်ကြီး ဦးထိန်လင်း လိုက်လံကြည့်ရှုအားပေး



ရန်ကုန် ဩဂုတ် ၉

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် ဒုတိယအမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်းရှိ မိုးလုံလေလုံအားကစားရုံသို့ ရောက်ရှိပြီး ပဏာမလက်ရွေးစင် အမျိုးသား၊ အမျိုးသမီး ဘော်လီဘော အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအလိုက် အဆင့်၌ တိုးတက်မြင့်မားအောင် ကြိုးစားကြရန်မှာကြားပြီး ပဏာမလက်ရွေးစင် အမျိုးသား ဘော်လီဘော အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တာမွေမြို့နယ် ကျိုက္ကဆံကွင်းအတွင်းရှိ မြန်မာနိုင်ငံ မြားပစ်ကွင်းသို့ရောက်ရှိပြီး ရုံးခန်း၊ အစည်းအဝေးခန်း၊ အိပ်ဆောင်၊ ထမင်းစားဆောင်တို့ကို ကြည့်ရှုစစ်ဆေး၍ ပဏာမလက်ရွေးစင် မြားပစ်အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် သဃ်န်းကျွန်းမြို့နယ် လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏာ)ရှိ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အားကစားရုံ၌ ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်နေသော ပဏာမလက်ရွေးစင် Kabaddi အားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ်ရှိ Arena Fitness & Sports အားကစားခန်းမ၌ ပဏာမလက်ရွေးစင် ဂျူဂျစ်ဆု အားကစားသမားများ လေ့ကျင့်နေမှုတို့ကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲပြုလုပ်



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း မှော်ဘီတပ်နယ်ကိုယ်စားပြုအသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဩဂုတ် ၉**

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၈ ရက် ညနေပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ်ဘောလုံးအားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊စစ်သည်၊မိသားစုဝင်များ၊ဒိုင်အဖွဲ့ဝင်များနှင့်ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် မင်္ဂလာဒုံတပ်နယ်ကိုယ်စားပြုအသင်းနှင့် မှော်ဘီတပ်နယ်ကိုယ်စားပြုအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်း အကောင်းဆုံးဆုရရှိကြသူများ၊ အသင်းလိုက်ဆုများနှင့်ဒိုင်းဆုရရှိသော မှော်ဘီတပ်နယ်ကိုယ်စားပြုအသင်းတို့ကို ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ပြန်ကြားရေး)

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဩဂုတ် ၉**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်းဘောလုံး ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားအသင်းများ၊ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်အဖြစ် ခိုလန်တပ်နယ် (က)အသင်းနှင့် မိုင်းပန်တပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်းကိုးသင်းဖြင့် ဩဂုတ် ၂၂ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ပြန်ကြားရေး)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

# မှော်ဘီမြို့နယ် နှောကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၉**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် နှောကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က နှောကုန်းကျေးရွာရှိ မိုးကောင်းပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၆ ပါးနှင့် ဒေသခံပြည်သူ ၁၁၆ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ပြန်ကြားရေး)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## ချင်းတွင်းမြစ်ရေ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၉**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေကျော်တွင် ရောက်ရှိနေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

အလားတူ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခန့်တွင် ရောက်ရှိနေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

# အခြေခံပညာကျောင်းများနှင့် မြို့နယ်ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၉**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိအခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၁၅ မြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများအတွင်း၊အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (ပြန်ကြားရေး)



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဆိုင်ရာ ပိုစတာ၊ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဖိတ်ခေါ်ခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲကို "အဂတိလိုက်စားမှုများတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ လူငယ်လူရွယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်များသည် ၁၀ နှစ်မှ ၁၅ နှစ်၊ ၁၆ နှစ်မှ ၂၀ နှစ်၊ ၂၁ နှစ် မှ ၂၅ နှစ်ဟူ၍ အသက်အရွယ်အပိုင်းအခြား သုံးခုခွဲခြား၍ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်) လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) ပိုစတာနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ Hard Copy၊ Soft Copy နှစ်စုံပြုစု၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅) နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက် (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ myat-thujack@gmail.comသို့ e-mail ဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဦးမြတ်သူ ဒုတိယညွှန်ကြားရေးမှူးချုပ် အနုပညာဦးစီးဌာန သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ၀၉-၅၁၆၁၁၂၇ နှင့် ဦးလင်းဝေအောင် ညွှန်ကြားရေးမှူး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ၀၉-၄၃၁၈၅၁၂၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | |
|---|---|
| (၁) Format | JPG A3 (297 x 420 mm) with the correct aspect ratio၊ |
| (၂) Resolution | 300 dpi၊ |
| (၃) File Size | 15 Mb ထက် မပိုစေရ၊ ၁၀ file ထက် မပိုရပါ။ |

(၄) ပိုစတာရေးဆွဲရာတွင် tabletများ၊stylusများ၊ကွန်ပျူတာပရိုဂရမ်များအသုံးပြု၍ ဂရပ်ဖစ်နည်းပညာဖြင့် ဖန်တီးရမည်။

(ဂ) ပန်းချီနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ ပန်းချီ(မူရင်း)နှင့်အတူ Hard Copy နှစ်စုံနှင့် Soft Copy CD တစ်ချပ်ပြုစု၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅)နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက် (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏Website: www.accm.gov.mm တို့တွင်အခမဲ့ Download ရယူနိုင်ပြီး ဒေါ်တာလဲ့လဲ့အောင် ညွှန်ကြားရေးမှူး အနုပညာဦးစီးဌာန သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ၀၉-၅၁၉၄၁၁ နှင့် ဒေါ်နန်းရတနာထွန်း ညွှန်ကြားရေးမှူး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ၀၉-၄၅၁၂၃၅၂၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | |
|---|---|
| (၁) File Submission Format | JPG၊ A3 (297x420 mm) with correct aspect ratio၊ |
| (၂) Resolution | 300 dpi၊ |
| (၃) File Size | 15 Mb ထက် မပိုစေရ၊ ၁၀ file ထက် မပိုရပါ။ |

(၄) ပန်းချီရေးဆွဲရာတွင် Pencil၊ Felt-tip Pen၊ Crayons၊ Paints၊ Sketch Markers၊ Sepia၊ Sanguine၊ Char-coal၊ Ink၊ Capillary Pen စသည့် ကိရိယာများ အသုံးပြု၍ ရေးဆွဲနိုင်သည်။ အီလက်ထရောနစ်ပစ္စည်းများ အသုံးပြု၍ ရေးဆွဲခြင်းမပြုရ။

(ဃ) ဗီဒီယိုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ Soft Copy (CD)နှစ်ချပ် ပြုစု၍ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇) နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက် (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ ms.khinmoeou@gmail.com သို့ e-mailဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန၏www.mrtv.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mmတို့တွင် အခမဲ့Downloadရယူနိုင်ပြီး ဒေါ်ခင်မိုးဥ ညွှန်ကြားရေးမှူး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြန်ကြားရေးဝန်ကြီးဌာန ၀၉-၅၁၉၆၈၅၀ နှင့် ဒေါ်ဇာဇာမိုး၊ ညွှန်ကြားရေးမှူး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ၀၉-၄၀၀၄၀၅၆၇၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | |
|---|---|
| (၁) Format | mp4၊ |
| (၂) Resolution | 3840 x 2160 p ထက် မပိုစေရ၊ |
| (၃) File Size | 300 Mb ထက် မပိုစေရ၊ |
| (၄) Duration | 120 Seconds ထက် မပိုစေရ၊ |
| (၅) Sound | 16-bit, stereo၊ ၁၀ ဖိုင်ထက် မပိုရပါ။ |

၃။ ပြိုင်ပွဲဝင်လက်ရာများတွင် ပြိုင်ပွဲဝင်လက်ရာ၏ခေါင်းစဉ်ရှင်းလင်းချက်စာသား(ပိုစတာများနှင့်ပန်းချီများအတွက်) သို့မဟုတ် တည်းဖြတ်ထားသော စာတန်းထိုးများ(ဗီဒီယိုများအတွက်)ကို ရှုရှားဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရန်နှင့် ပြိုင်ပွဲဝင်လက်ရာဖန်တီးသူ၏ Last name၊ First Name၊ အသက် (ဖန်တီးမှုအဖွဲ့လိုက်ဖြစ်ပါက တစ်ဦးချင်း၏ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါအချက်အလက်များ)နှင့် နိုင်ငံ စသည့် အချက်အလက်များပါဝင်ရမည်။

၄။ ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့အနက်မှ ပထမဆုရရှိသည့် ပိုစတာ၊ ပန်းချီနှင့်ဗီဒီယိုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးသို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ပေးပို့ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပထမဆုအပါအဝင် အကောင်းဆုံးပိုစတာ၊ ပန်းချီနှင့်ဗီဒီယို ၁၀ ခုစီကို အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုဆောင်ရွက်ချက်များအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံး၏ Website သို့ ပေးပို့သွားမည်ဖြစ်ပါသည်။

၅။ ပြိုင်ပွဲဝင်များသည် အောက်ပါအချက်များကို လိုက်နာရမည်-

(က) တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့် ဆန့်ကျင်သော စာသားများ၊ ဓာတ်ပုံများ၊ သရုပ်ဖော်မှုများ၊ အသုံးအနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထည့်သွင်းခြင်းမပြုရ၊

(ခ) မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်၊

(ဂ) ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်မှုများအတွက် အသုံးပြုခြင်းကို ခွင့်ပြုပေးရမည်၊

(ဃ) ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါ အချက်များကို မှန်ကန်စွာဖြည့်စွက်ပေးပို့ရမည်၊

(င) ပြိုင်ပွဲဝင်ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့ကို Artificial Intel-ligence (AI)နည်းပညာအသုံးပြု၍ ယှဉ်ပြိုင်ခြင်းမပြုရ။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မွှင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံ ရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ်ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ရေကြီးရေလျှံမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသော ဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကတ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများအား အလွယ်တကူရယူနိုင်သောနေရာတွင်ထားရှိပြီး အဆင်သင့်အနေအထားဖြစ်နေရန်နှင့် မီးတားလမ်းများပြုလုပ်ထားရှိရန်၊

(၇) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဩဂုတ် ၉

ရန်ကုန်တိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး၊အထက်ပိုင်း၊ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ကချင်ပြည်နယ်၊ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊မိုးကြိုးပစ်ခြင်း၊လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန်အကြံပြုအပ်ပါသည်။ (မိုး/၈လ)

# တရားမဝင် လုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လိုင်စင်မဲ့မော်တော်ယာဉ်၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ




**နေပြည်တော် ဩဂုတ် ၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ငါးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၉၂၀၀၀၀ ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကုန်လှောင်ရုံ၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၉၇၀၃၅ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၂၁၇၀၃၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၇ ရက်နှင့် ၈ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မုံရွာမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးနှင့် ကျိုက်စန်းကျေးမှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးတို့ပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၈ မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၄၉၈၃၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၇၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၄၉၈၃၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၈ ရက်တွင် မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့ ဟသ်ာအဝိုင်းအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၄၄၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၄၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လားရှိုးမြို့ ရေပူစမ်းလမ်းဆုံပူးပေါင်းစစ်ဆေးရေးဂိတ်၌ ချင်းရွှေဟော်မှ လားရှိုးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်း သုံးပစ္စည်း ရှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၃၃၉၉၂၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan UD Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၃၃၉၉၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင် ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၈ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ မော်တော်ယာဉ် ရှစ်စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၂၄ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၁၃ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၁၅၉၉၂၅၅ ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။

သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ (သတင်းစဉ်)

## စစ်တောင်းမြစ်ရေနှင့် သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၉**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)




## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၅ ခုနှစ် ဩဂုတ် ၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ထူးခြားသည့် နေ့အပူချိန်များ

၉ - ၈ -၂၀၂၅

| | | | | |
|---|---|---|---|---|
| ချောက် | ၃၉ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၈ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၇ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

# အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူ ၁၀၀ ကျော် ပျောက်ဆုံးနေ



**နယူးဒေလီ ဩဂုတ် ၉**

အိန္ဒိယနိုင်ငံ မြောက်ပိုင်းရှိ တောင်ကုန်းဒေသဖြစ်သော Uttarakhand ပြည်နယ်တွင် ဩဂုတ် ၅ ရက်မှ ဩဂုတ် ၈ ရက်ထိ လေးရက်ကြာ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူပေါင်း ၁၀၀ ကျော် ပျောက်ဆုံးနေကြောင်း ပြည်နယ်အာဏာပိုင်များက ဩဂုတ် ၈ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ ပျောက်ဆုံးနေသူများသည် အပျက်အစီးများအောက်တွင် ပိတ်မိနေနိုင်သဖြင့် လူအင်အားသုံး၍ အရှိန်အဟုန်ဖြင့် ရှာဖွေမှုများကို ဆောင်ရွက်နေကြောင်း၊ ပျောက်ဆုံးနေသူများကို ရှာဖွေရာတွင် ထိခိုက်မှုများမရှိစေရေး ခေတ်မီ စက်ကိရိယာများအသုံးပြု၍ သတိထား၍ရှာဖွေကာ လေကြောင်းမှ ဘေးလွတ်ရာသို့ရွှေ့ပြောင်းသယ်ဆောင်ရန် ဆောင်ရွက်ထားကြောင်း၊ သို့သော်လည်း ပျောက်ဆုံးနေသူများကို ရှာဖွေရေး ဆောင်ရွက်နေသည်မှာ လေးရက်ကြာမြင့်နေပြီ ဖြစ်သည့်အတွက် အသက်ရှင်ကျန်ရစ်ရန် အခွင့်အလမ်းများ တဖြည်းဖြည်း လျော့နည်းလာကြောင်း ပြည်နယ်အာဏာပိုင်များက ပြောကြားသည်။

လက်ရှိ ပျောက်ဆုံးနေသူ အယောက် ၁၀၀ ထဲတွင် ဒေသခံများအပါအဝင် တောင်ကုန်းဒေသဖြစ်သော Uttarakhand ပြည်နယ်သို့ အလည်အပတ်လာရောက်သူ Maharashtra ပြည်နယ်ရှိ Jalgaon ဒေသမှ ခရီးသွား ၁၆ ဦးနှင့် နီပေါနိုင်ငံသား အနည်းငယ်တို့ ပါဝင်ကြောင်း သိရသည်။

အဆိုပါ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် တောင်ကုန်းများ၏ ကမ်းပါးပြိုကျမှု၊ မြစ်ကမ်းပါးများ ပြိုကျမှုများကြောင့် ဒေသခံများထိခိုက်ဒဏ်ရာရရှိခဲ့သည့်အပြင် အဆောက်အအုံ၊ နေအိမ်ပေါင်းများစွာ ပျက်စီးခဲ့ကြောင်း စာရင်းအတိအကျကိုမူ စစ်တမ်းများ ကောက်ယူဆဲဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အိုင်အိုးဝါပြည်နယ် အရှေ့ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်

**ဝါရှင်တန် ဩဂုတ် ၉**

အမေရိကန်နိုင်ငံ အိုင်အိုးဝါ ပြည်နယ်အရှေ့ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းနေပြီး လာမည့် ရက်ပိုင်းအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်ကြောင်း National Weather Service (NWS) က သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးရေချိန်သည် သုံးလက်မမှ ငါးလက်မထိ မြင့်တက်လာနိုင်ပြီး မြစ်ရေလျှံတက်မှုများလည်း ဖြစ်ပေါ်လာနိုင်ကြောင်း၊ အိုင်အိုးဝါ ပြည်နယ် ကုန်းနိမ့်ပိုင်းဧရိယာများတွင် ရေကြီးရေလျှံမှုဖြင့် ကနဦး ရင်ဆိုင်ရဖွယ်ရှိနေပြီး မြစ်ရေလျှံတက်လာပါက မြစ်ချောင်းများ အနီးတွင် တည်ရှိနေသည့် ဧရိယာများတွင် အန္တရာယ်ရှိသည့်ရေဘေးဖြင့် ရင်ဆိုင်ရနိုင်ကြောင်း၊ မိုးရွာသွန်းမှုသည် ဩဂုတ် ၁၁ ရက်ထိ ကြာမြင့်သွားနိုင်ပြီး မိုးရွာသွန်းချိန် ကြာမြင့်မှုနှင့်အတူ ရေကြီးရေလျှံမှုအန္တရာယ် စိုးရိမ်ရကြောင်း NWS က ထုတ်ပြန်ထားသည်။

"အိုင်အိုးဝါပြည်နယ် အရှေ့ဘက်ပိုင်းမှာ မိုးသည်းထန်စွာရွာသွန်းနေပြီးတော့ မိုးရေချိန်ဟာ ၃ လက်မကနေ ၅ လက်မထိ မြင့်တက်လာနိုင်ပါတယ်။ လာမဲ့ရက်ပိုင်းအတွင်း ကုန်းနိမ့်ပိုင်းဧရိယာတွေမှာ ရေကြီးရေလျှံမှုနဲ့ စတင်ရင်ဆိုင်ရနိုင်ပါတယ်။ မိုးရွာသွန်းမှုဟာ ဩဂုတ် ၁၁ ရက်ထိ ကြာမြင့်သွားနိုင်ပြီးတော့ အိုင်အိုးဝါး ပြည်နယ် ကုန်းနိမ့်ပိုင်း ဧရိယာတွေမှာ မြစ်ရေလျှံတက်မှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု National Weather Service (NWS) မှ တာဝန်ရှိသူတစ်ဦးက သတိပေး ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အေသင်မြို့အနီးတွင် လောင်ကျွမ်းနေသောတောမီးက လူနေအိမ်များသို့ ကူးစက်လောင်ကျွမ်းခဲ့

**အေသင် ဩဂုတ် ၉**

ဂရိနိုင်ငံ အေသင်မြို့အရှေ့တောင်ဘက်ပိုင်း ကီရာတီးဒေသ အနီးတွင် ဩဂုတ် ၈ ရက်က တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီးအဆိုပါတောမီးသည် လူနေအိမ်များဆီသို့ ကူးစက်လောင်ကျွမ်းခဲ့ကြောင်း ဂရိ အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းကထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် လူနေအိမ်ခြေသို့ ကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တောမီးကူးစက်လောင်ကျွမ်းမှုဖြင့် ရင်ဆိုင်ခဲ့ရသည့် လူနေအိမ်ခြေအတွင်းမှ သေဆုံးသူတစ်ဦး၏ရုပ်အလောင်းကို တွေ့ရှိခဲ့ကြောင်း၊ တောမီးလောင်ကျွမ်းမှုသည် နေရာပေါင်း ၅၀ တွင် လောင်ကျွမ်းနေခြင်းဖြစ်ပြီး တောမီးသည် စိုက်ပျိုးမြေများတွင်လည်း လောင်ကျွမ်းနေကြောင်း ဂရိ မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။



တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူများမှာ ဆိုင်တီရီနာဧရိယာ၊ ဒီမိုလာကီဧရိယာ၊ မာလီယာစတီကာဧရိယာ၊ အဂီယာစမာဒေသ၊ ချာဗာလိုဧရိယာ၊ ဒရိစီယာဧရိယာနှင့် အရီဧရိယာတွင် နေထိုင်သူများဖြစ်ကြောင်း သိရသည်။

"အေသင်မြို့ အရှေ့တောင်ဘက်ပိုင်းကီရာတီးဒေသအနီးမှာ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပါတယ်။ တောမီးကြောင့် သက်ကြီးရွယ်အို အမျိုးသားတစ်ဦး သေဆုံးခဲ့ပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၁၉၀ ထိ အသုံးပြုထားပြီး မီးသတ်ယာဉ် ၄၄ စီးထိ အသုံးပြုထားပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်ပေးနိုင်အောင် ကြိုးစားပေးနေပါတယ်" ဟု ဂရိမီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ပါပူဝါးနယူးဂီနီနိုင်ငံတွင် ပြင်အား ၅ ဒသမ ၉ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့

**ပို့မော်ရက်စ်ဘီ ဩဂုတ် ၉**

ပါပူဝါးနယူးဂီနီနိုင်ငံတွင် ယနေ့နံနက်ပိုင်းက ပြင်းအား ၅ ဒသမ ၉ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ငလျင်ဗဟိုချက်သည် အနက် ကီလိုမီတာ ၁၀ ရှိပြီး တောင်လတ္တီတွဒ် ၄ ဒသမ ၂၁ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၅၂ ဒသမ ၈၉ ဒီဂရီတွင်ရှိကြောင်း သိရသည်။

အဆိုပါ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် နယူးဗြိတိန်ဒေသတွင် မြေပြိုမှုတချို့ ဖြစ်ပွားခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံတွင်းရှိ အဆောက်အအုံများ၊ တံတားတချို့ ပျက်စီးခဲ့ကြောင်း၊ သစ်ပင်များနှင့် လျှပ်စစ်ဓာတ်အားပေး ဓာတ်တိုင်တချို့ ပျက်စီးသွားခဲ့ကြောင်း၊ ငလျင်လှုပ်ခတ်ခဲ့သည့်အတွက်ကြောင့် ခိုင်ခံ့မှုမရှိသော အဆောက်အအုံတချို့ အက်ကွဲသွားခဲ့ရကြောင်း၊ ထို့ကြောင့် အဆောက်အအုံများ၏ ကြံ့ခိုင်မှုကို စစ်ဆေးမှုများပြုလုပ်ရန်လိုကြောင်း သိရသည်။

လတ်တလောတွင် ထိခိုက်ဒဏ်ရာရသူများသာရှိပြီး သေဆုံးသူမရှိကြောင်း၊ သို့သော် အဆောက်အအုံအပျက်အစီးများကြား ပိတ်မိနေသူတချို့ရှိသဖြင့် ရှာဖွေကယ်ဆယ်ရေးများကို ဆောင်ရွက်နေကြောင်း၊ လက်ရှိအချိန်ထိ ဆူနာမီ သတိပေးချက် ထုတ်ပြန်ထားခြင်း မရှိသေးကြောင်း နိုင်ငံအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : KZ



# ဗြိတိန်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်လာနိုင်

**လန်ဒန် ဩဂုတ် ၉**

ဗြိတိန်နိုင်ငံတွင် လာမည့်ရက်သတ္တပတ်အတွင်းအပူလှိုင်းဖြတ်သန်းလာနိုင်ဖွယ်ရှိနေပြီးအပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်ကာ လေထုညစ်ညမ်းမှုဖြစ်ပေါ်လာနိုင်ကြောင်းUK Health Security Agency (UKHSA) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မှာ အနိမ့်ဆုံး ၃၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ပြီး အပူချိန်မြင့်တက်မှုနှင့်အတူ လေထုညစ်ညမ်းမှုမှာ ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း၊ အပူလှိုင်းသည် အင်္ဂလန်နိုင်ငံ အလယ်ပိုင်း၊ တောင်ဘက်ပိုင်းနှင့် အရှေ့ဘက်ပိုင်းဒေသများသို့ ဖြတ်သန်းသွားဖွယ်ရှိနေပြီး အအေးဓာတ်မြင့်မားသည့် အင်္ဂလန်နိုင်ငံတွင် အပူချိန်ပမာဏ ၃၀ ဒီဂရီစင်တီဂရိတ်ထိမြင့်တက်လာနိုင်ခြင်းမှာ အပူချိန်မြင့်မားမှုနှင့် နေသားမကျသည့်ပြည်သူများအတွက် ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်ကြောင်း သိရသည်။

"လာမဲ့ ရက်သတ္တပတ်အတွင်း အပူလှိုင်း ဖြတ်သန်းလာနိုင်ဖွယ်ရှိနေပါတယ်။ အင်္ဂလန် နိုင်ငံ အလယ်ပိုင်း၊ တောင်ဘက် ပိုင်းနဲ့ အရှေ့ဘက်ပိုင်းဒေသတွေမှာ အပူလှိုင်းဖြတ်သန်းပြီးတော့ အပူချိန်မြင့်တက်လာနိုင်ပါတယ်။ အပူလှိုင်းဖြတ်သန်းချိန် အပူချိန်ပမာဏဟာ ၃၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်တယ်။ အပူချိန် မြင့်တက်လာနိုင်မှုနဲ့အတူ လေထုညစ်ညမ်းမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်" ဟု Met Office မှ ပြောရေးဆိုခွင့်ရှိသူ ဂရေဟမ်မက်ဂီက ပြောကြားသွားခဲ့သည်။


Ref : Russia Today

Trs : Sai Sat

ဝတ္ထုတိုကလျာ

# မိုးပေါ်က သိကြား လူ့ပြည်မှာ ပွဲစား

ထွန်းလှိုင်(မြိုင်)



၂၀၀၈ ခုနှစ် မေ ၂ ရက်၊ ၃ ရက်က တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီတိုင်းဒေသကြီးတွင် နှစ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် သုံးမြို့နယ်တို့မှ လူ၊ တိရစ္ဆာန်များ၊ အိုးအိမ်အဆောက်အအုံများ ထိခိုက်ပျက်စီးမှု မြင့်မားခဲ့သည်။ မုန်တိုင်းသင့်ခံရသော ကျေးလက်နေပြည်သူများကို ဘုန်းတော်ကြီးကျောင်းများ၊ ကျန်းမာရေး၊ ပညာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ ငါးဖမ်းကိရိယာများ တပ်ဆင်ပေးရေးတို့ကို အခမဲ့ပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။

နာဂစ်မုန်တိုင်းသင့်ဒေသများတွင် ကျွဲ၊ နွား၊ သိုး၊ ဆိတ် စသည့်တိရစ္ဆာန်များ ဆုံးရှုံးခဲ့သဖြင့် လယ်ယာလုပ်ငန်းအချိန်မီ လုပ်ကိုင်နိုင်ရန် မွေးမြူရေးကဏ္ဍပြည့်မီရန်၊ တိရစ္ဆာန်များကို အိမ်တိုင်ရာရောက် အခမဲ့ပေးခဲ့သည်။ ထိုလုပ်ငန်းများလုပ်ဆောင်ရာတွင် ဆရာမောင်တင်ထွေးတစ်ယောက် ပူးပေါင်းပါဝင်ခဲ့၏။

ဥက္ကံဒေသမှ ကျွဲ၊ နွားများကို ဝယ်ယူပို့ဆောင်ရာတွင် အခက်အခဲကြားမှ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ဝက်သားပေါက်များ ပို့ဆောင်ရာတွင် ဝက်ပွဲစားများက နားလှည့်ပါးလှည့်လုပ်လိုက်၍ ဆရာမောင်တင်ထွေး အချိုးကြီးခံလိုက်ရ၏။ ရှက်ရှက်နှင့်ပဲ ဖွင့်ပြောရပါတော့မည်။

သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ခွင့်ပြုချက်ဖြင့် အဖွဲ့အစည်းတစ်ခုမှ ဝက်သားပေါက်လေးများကို ဘိုကလေးမြို့နယ်သို့ ပို့ခွင့်ရခဲ့၏။ ဝက်သားပေါက်ဝယ်ခွင့်ကို ဥက္ကံ၊ ငဖြူလေး၊ မကျီးကွင်းဒေသများမှ ကန်ထရိုက်တစ်ဦးထံမှ ရရှိခဲ့သည်။ ကန်ထရိုက်တာနှင့် အလွန်ရင်းနှီးသောမိတ်ဆွေဖြစ်သည့် ဆရာမောင်တင်ထွေးက တာဝန်ယူဆောင်ရွက်ပေးရ၏။ ဝက်သားပေါက်များဝယ်ရာတွင်–

၁။ ကူးစက်ရောဂါ ကင်းရှင်းသောနယ်မြေမှ ဖြစ်ရမည်။

၂။ ကျန်းမာသန်စွမ်းပြီး ဒေသဝက်မျိုးဖြစ်ရမည်။

၃။ ဝက်အမွေးအရောင်ကို အနက်၊ အနီ၊ အနက်ကျား၊ အဝါအရောင်များသာဖြစ်ရမည်။

၄။ အသက်နှစ်လတွင် အလေးချိန် ငါးပိဿာ ရှိရမည်။

၅။ အထီး၊ အမ အချိုး ၂၀:၈၀ ဖြစ်ရမည်။

၆။ ရောဂါကင်းရှင်းကြောင်း မွေး/ကုဦးစီး ထောက်ခံချက်ပါရမည်။ နတ်ကွပ်၊ မျက်စိကန်းမဖြစ်စေရ။

အထက်ပါအချက်များအတိုင်း ကိုက်ညီပါက ဆရာမောင်တင်ထွေးက စိစစ်လက်ခံငွေချေပေးရ၏။ ဝက်အကောင်တစ်ရာပြည့်တိုင်း ဆရာမောင်တင်ထွေးက ကားနှင့် မအူပင်မြို့နယ်တွင် ရောဂါရှိ၊ မရှိစစ်ဆေးရန် သီးခြားထားရှိသော နေရာသို့ပို့ပေးရပါသည်။ ဝက်သားပေါက်ကောင်ရေ တစ်ထောင် ဝယ်ယူရာတွင် ဝယ်ယူရရှိမှုကြာလေလေ ဝက်သားပေါက်များ ရှားလေလေဖြစ်သည်။ အထီး၊ အမအချိုးအရောက် သတ်မှတ်ချက်ရှိသောကြောင့် ဝက်ပွဲစားများလည်း သူ့ထက်ငါ အပြိုင်ဝယ်ကြသည်။ အလေးချိန်မပြည့်သော ဝက်သားပေါက်များဝယ်ပြီး အစာတစ်နေကုန်ကျွေး၊ ဗိုက်ပြည့်ခါမှ လာရောင်းသည်များလည်း ကြုံရ၏။

ဆရာမောင်တင်ထွေး ဝက်ပေါက်ပို့တာ ငါးရာရှိသွားပြီ။ ဒီအခေါက် ခရီးရောက်မဆိုက် ဝက်လက်ခံသောဆရာက–

"ဆရာတို့ ပို့ထားတဲ့ ဝက်သားပေါက်တွေ မနေ့က ဘိုကလေးဘက် မော်တော်နဲ့သွားဖြန့်တယ်။ မော်တော်ပေါ်တင်တော့ ဝက်အဖြူ အကောင် ၂၀ တွေ့တယ်။ လက်မခံဘူး။ ဘယ်လိုလုပ်ပေးမလဲ။ ကျွန်တော်ကတော့ စာချုပ်အတိုင်း လက်ခံချင်တယ်"

ဆရာမောင်တင်ထွေး မျက်ကလူးဆန်ပျာဖြစ်သွား၏။ သေချာစိစစ်ပြီး အနီကျား၊ အဖြူအနက်၊ အနက်၊ အနီဝက်တွေလက်ခံပို့ပါလျက် ဘယ်လိုကြောင့် အဖြူတွေဖြစ်သွားရသလဲ။ မျက်စိလျှမ်းလို့ တစ်ကောင်၊ နှစ်ကောင်ဆို တော်သေးရဲ့။ အကောင် ၂၀ ကြီးများတောင်ဆိုတော့ နတ်သိကြားတွေကပဲ အဖြူရောင်ဆိုးရော့လေသလား။ မျက်လှည့်ဆရာများ မှော်အတတ်နှင့် လုပ်လိုက်လေသလား။ ဒါမှမဟုတ် ဝက်လက်ခံတဲ့ ဆရာတပည့်အလုပ်သမားတွေပဲ လက်စွမ်းပြလိုက်သလား။ သံသယစိတ်တွေ ဝင်လာတော့၏။

"ကြည့်စီစဉ်တာပေါ့ဗျာ"

ဆရာမောင်တင်ထွေးပြောကာ ဝက်သားပေါက်တွေချပြီး ဥက္ကံဒေသပြန်ခဲ့၏။

သို့ဖြစ်၍ ဆရာမောင်တင်ထွေး ဝက်သားပေါက်လက်ခံခြင်းလုပ်ငန်းကို တပည့်နှင့် လွှတ်ထား၍မရတော့။ ကိုယ်တိုင်လုပ်ရတော့၏။ ဝက်အဖြူအကောင် ၂၀ အတွက် ရတက်မအေး အဖြေမှန်ရှာဖို့ ဝက်ပေါက်အများဆုံးရောင်းချရာ သာယာဝတီမြို့နယ် မကျည်းကွင်းကျေးရွာသို့ ဆိုင်ကယ်နှင့်လာခဲ့၏။ မကျည်းကွင်းတွင် ဝက်လာပို့သော ဝက်ပွဲစား လေး၊ ငါးဦးနှင့် တွေ့လိုက်၏။ အရင်ပို့ထားတဲ့ ဝက်တွေထဲက ဝက်ဖြူတွေပါကြောင်း အကျိုးအကြောင်း ပြောပြလိုက်တော့–

"ဟာ မဖြစ်နိုင်တာဆရာရယ်၊ ကျွန်တော်တို့လာပို့တုန်းက ဆရာ့တပည့်တွေရှိတာပဲ။ မှန်လို့ဆရာပဲ ငွေရှင်းပေးလိုက်တာ။ ကျွန်တော့်ဆီက မဟုတ်ပါဘူး"

ထိုသို့ဇွတ်ငြင်းသည်။ တိကျသောအဖြေမရခဲ့ပါ။ ဆရာမောင်တင်ထွေး စိတ်မသက်သာစွာဖြင့် မကျည်းကွင်းရွာက ပြန်လာခဲ့ပါတော့သည်။ မကျည်းကွင်းရွာ အဝင်လမ်းထိပ်ဇရပ်မှာတော့ ဝက်သားပေါက်ထည့်ထားသောခြင်းတစ်ခု စက်ဘီးပေါ်တင်လျက် ဝက်ပွဲစားတစ်ယောက် အမောပန်းဖြေထိုင်နေတာ တွေ့ရ၏။ ဆရာမောင်တင်ထွေးလည်း နေကပူ၊ ချွေးကထွက်နှင့် စိတ်ပင်ပန်းလူပင်ပန်းရှိတာနှင့် ဇရပ်ပေါ် ဝင်ထိုင်လိုက်၏။

"ဝက်သားခွဲလေး လှလိုက်တာ၊ ဘယ်က ဝယ်လာတာလဲ"

ဆရာမောင်တင်ထွေး စပ်စုလိုက်၏။ ဝက်ပွဲစားက–

"ဟုတ်တယ်ဗျ၊ ကမ်းနားဘက်က ဝယ်လိုက်တာ။ ဝက်သားခွဲတွေ နာဂစ်ပေးဖို့ဆိုပြီး ပွဲစားတွေ လိုက်ဝယ်နေကြတာ၊ ရှားသွားပါပြီဗျာ"

အတွေ့အကြုံများသော ဆရာမောင်တင်ထွေး ဝက်ဖြူပြဿနာ အဖြေရှာတော့မည်။

"နေအုံးဗျ၊ နာဂစ်ပေးဖို့ ဝက်ဖြူတွေ မဝယ်ဘူးလို့ ကြားခဲ့တယ်။ ဟုတ်လား ကျုပ်တို့ရွာမှာ ဝက်ဖြူတွေပေါတယ်"

ဆရာမောင်တင်ထွေး ဥပါယ်တံမျဉ်နှင့်ပြောလိုက်၏။

"ဈေးချောင်မယ်ဆိုရင် ဝယ်မယ်ဗျာ၊ ဝက်ဖြူရော၊ ဝက်နက်ရော ဘယ်ရွာကလဲသာ ပြောခဲ့"

ဝက်ဝယ်သူက ပြောလိုက်သည့်အခါ

"နာဂစ်ဝက်ဖြူ မဝယ်ဘူးဆို ခင်ဗျားကိုယ်တိုင်မွေးမှာလား၊ ကပြားတွေဗျ၊ ကြီးထွားနှုန်းကောင်းတယ်ဗျ"

"ကိုယ်တိုင် မမွေးပါဘူးဗျာ၊ ဝက်က ဈေးကကြီးနဲ့၊ ကျုပ်တို့က ဝယ်ရောင်းဗျ၊ ဥက္ကံနွားပွဲဈေးနေ့မှ ရောင်းတာ၊ တစ်ကောင် သုံး၊ လေး၊ ငါးထောင်မြတ်ပေါ့"

"ဝက်ဖြူကို 'အင်'ထုပြီး ဝက်နက်ကျား၊ ဝက်နီကျားလုပ်ပြီး ရောင်းတာဗျ"

ဝက်ဝယ်သူက ဟိတ်ကြီးဟန်ကြီးလုပ်ပြီး ကြွားလုံးထုတ် ပြောနေ၏။

မေးပါများ စကားရ၊ စကားထဲက ဇာတိပြနေပြီ။

"ရှင်းစမ်းပါအုံး ဝက်ပွဲစားကြီးရယ်၊ ကြားဖူးနားဝရှိတာပေါ့"

ဆရာမောင်တင်ထွေးပြောရင်း အိတ်ထဲက စီးကရက်နှင့် မီးခြစ်ထုတ်ပြီး ဧည့်ဝတ်ပြုလိုက်သည်။ ဝက်ပွဲစားက စီးကရက်တစ်လိပ်ကို မီးညှိပြီး အားပါးတရ ဖွာကာ–

"ဒီလိုဗျ ဝက်ဖြူကို ရေစင်ကြယ်အောင်ချိုး၊ ကိုယ် လိုချင်တဲ့ပုံစံပြုလုပ်ထားတဲ့ နံကပ်စက္ကူဝိုင်းကို ဝက်ကိုယ်လုံးပေါ်ကပ်ထားပြီး တရုတ်ကလာတဲ့ ဆံပင်ဆိုးဆေးကို လက်ဖက်ခြောက်ရည်ဖန်ဖန်နဲ့ ကိုယ် လိုချင်တဲ့အရောင်ရအောင်ဖျော်ပြီး သွားတိုက်တံနဲ့ ပွတ်ပေးရင် ဝက်ဖြူစစ်စစ်ကနေ ဝက်နက်ကျား၊ ဝက်နီကျား ဖြစ်သွားတာပေါ့ဗျာ။ နှစ်နာရီလောက်ကြာတော့ ဝက်ကို ရေတစ်ခါထပ်ချိုးပေးလိုက်တယ်။ တစ်ပတ် ၁၀ ရက်ခံတယ်" (ဝက်ဦးခေါင်းပိုင်း မဆိုးပါ) အစာစားခြင်းနှင့် ဝပ်အိပ်ခြင်းကြောင့် သုံး၊ လေးရက်နှင့် ဆေးပျက်နိုင်ပါသည်။

ဝက်ပွဲစားက ခဏနားပြီး စီးကရက်တစ်လိပ် ထပ်ယူကာ ဆက်ပြောရှာသည်။

"ကျုပ်တို့မကျည်းကွင်းရွာက ဝက်ပွဲစားတွေ ဝက်ဖြူတွေကို 'အင်'ထုပြီး နာဂစ်က ဆရာတွေကို ရောင်းတာ"ဟုဆိုမှ အဖြေပေါ်သွားသည်။ ဆရာမောင်တင်ထွေးကိုကန်ထရိုက်တာက ဝက်ကျွမ်းကျင်တဲ့ဆရာကြီး ဆိုပြီးတာဝန်ပေးတာ မကျည်းကွင်းဝက်ပွဲစားနှင့်တွေ့မှ ဆရာလေးဖြစ်သွားတော့သည်။ ဆရာမောင်တင်ထွေး လေး၊ ငါးလိပ်လောက်ကျန်သည့် စီးကရက်ဘူးကို သဒ္ဓါကြည်ဖြူစွာဖြင့် ဝက်ပွဲစားကိုပေးခဲ့ပြီး–

"အခုမှပဲ ဗဟုသုတရတော့တယ်ဗျာ။ မနက်ဖြန်ကျုပ်တို့ရွာကို ဝက်ဝယ်လာခဲ့ပါ"ဆိုပြီး သာယာဝတီမြို့နယ်ထဲက ကြားဖူးတဲ့ရွာနာမည်ကို ပြောပြီး ဆိုင်ကယ်ကို အသော့ကလေးစီးကာ ပြန်ခဲ့၏။

ဩော် ဖြစ်မှဖြစ်ရလေ၊ ဝက်ဖြူက ဝက်နက်ကျားတွေဖြစ်ကုန်ရသလို "မိုးပေါ်မှ သိကြား၊ လူ့ပြည်မှာ ဝက်ပွဲစားကွ"ဆိုပြီး ဝက်ဖြူကောင်ကို ဆံပင်ဆိုးဆေးနဲ့အရောင်ပြောင်းနေကြတာ ကိုရီးယားစတိုင်ဖမ်းကာ ဝက်ကန်ထရိုက်များကို နားလှည့်ပါးလှည့်လုပ်ပြီး အမြတ်ထုတ်ကြပါပကောလား။

အကြောင်းစုံသိပြီဆိုတော့ ဆရာမောင်တင်ထွေး ဝက်ပေါက်များထားရာ မအူပင်မြို့သို့ ဝက်ပို့ကားနှင့်လိုက်ရပါတော့သည်။ ဝက်တာဝန်ခံဆရာနှင့်တွေ့တော့ အကျိုးအကြောင်းပြောပြသည်။ တာဝန်ခံဆရာက–

"ခြံထဲရောက်ခါစက အနီကျား၊ အနက်ကျားတွေပဲဗျ၊ တစ်ကောင်နဲ့တစ်ကောင်ပွတ်၊ တိုးဝှေ့စား၊ နေပူတော့ ရေလောင်းပေး၊ လေး၊ ငါးရက်လောက်ရှိတော့ ဝက်ဖြူတွေ၊ ဝက်နက်ကျားတွေ ချာန်လျှော ပြီး နဂိုရုပ် ဝက်ဖြူဘဝ ကူးပြောင်းလာတော့တာပဲ ဆရာရေ"

တပည့်ကျော်တွေက ဆရာမောင်တင်ထွေးကို အကြံပြုကြ၏။ တာဝန်ခံဆရာကို လာဘ်ထိုးပြီး ဒီအတိုင်း ဆေးဆိုးပြီး ဝက်ဖြန့်ခိုင်းသည်။ အဖွဲ့အစည်းတွေကို အခမဲ့ပေးတာ။ ကိုယ်အလို့၊ ကိုယ်နလို့ ခံလိုက်ရတာ သူများတွေကို ဒုက္ခမပေးချင်တော့ပါ။ အမှန်မှာ ဝက်ဖြူတွေက ကပြားဝက်ဖြစ်ပြီး ကြီးထွားနှုန်းမြန်သည်။ သို့သော် ကရင်များ နတ်စားလျှင် ဝက်ဖြူသား ပူဇော်ရ၏။ ရိုးရာနှင့်ဆိုင်နေတော့ ဆရာမောင်တင်ထွေး အကြံမပြုရက်တော့ပါ။ ဝက်ပေါက်များကို ဥက္ကံဒေသသို့ ပြန်သယ်သွားလျှင် ကုန်ကျမည့်ကားခ၊ အစဉ်မသင့်လျှင် အသက်ပါပျောက်နိုင်သည်။ ဝက်ပွဲစားများကို ပြန်ပေးလျှင်လည်း ဘယ်ဝက်ကို ဘယ်သူရောင်းမှန်းမသိ။ ကန်ထရိုက်လည်း–

"ဆရာဝယ်တာ ဆရာ့တာဝန်"တဲ့။

ဆရာမောင်တင်ထွေး ရတက်ပွေနေတော့သည်။ ဝက်ကြီးဆိုလျှင် စည်ပင်သာယာ သားသတ်လိုင်စင်ဆီ ရောင်းလို့ရ၏။ တစ်ခုတော့ရှိသည်။ ဝက်ပေါက်ကလေးတွေ အကောင်လိုက်ကင်ရောင်းတဲ့ စားသောက်ဆိုင်ကြီးတွေရှိတဲ့ ရန်ကုန်ဆိုလျှင် အဆင်ပြေမည်ထင်၏။ သို့သော်လည်း ဝက်ပေါက်ကလေးတွေ နေရာပြောင်း၊ အစာပြောင်းဖြစ်နေ၍ပိန်နေပြီ။ ဝယ်မည်မထင်တော့ပါ။ ဒီတော့ တာဝန်ခံဆရာနှင့်တိုင်ပင်ကာ မွေးမြူသူများကို ရောင်းချရန်သဘောတူလိုက်၏။ မထွက်ကုန်ဆိုတော့ သိတဲ့အတိုင်း ပေါက်ဈေးထက် ထက်ဝက်လောက်အရှုံးခံကာ ရောင်းလိုက်ရ၏။

ဆရာမောင်တင်ထွေး ဒီတစ်ကြိမ် ဝက်သားပေါက်ပို့တာ အကျိုးမခံစားရတဲ့အပြင် ဆရာကတော်ရဲ့ မင်္ဂလာဦးဆွဲကြိုးလေး အပေါင်ဆိုင်ကို အလည်ရောက်သွားပါတော့သည်။

# ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၃၃၅၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၃၃၅၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၃၁၃၁ ဧက၊ ဖူးစားပြောင်း ဧက ၂၅၅၀ စုစုပေါင်း ၅၆၈၁ ဧက စိုက်ပျိုးရန်လျာထား ပြီး မေလ ဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၈၂၃ ဧက၊ ဖူးစားပြောင်း ဧက ၂၅၃၀ စုစုပေါင်း ၃၃၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ဧက ၅၀၀၀ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိဧက၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့ ပိုးမွှားကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်" ဟုကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ကသာခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက်အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၆၉၈ ဧက၊ ဖူးစားပြောင်း ၉၀၈ ဧက၊ အင်းတော်မြို့နယ်တွင် ဖူးစားပြောင်း ၉၅၅ ဧက၊ ထီးချိုင့်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၂၅ ဧက၊ ဖူးစားပြောင်းဧက၂၁၀၊ ဗန်းမောက်မြို့နယ်တွင် ဖူးစားပြောင်း ၄၅၇ ဧက စုစုပေါင်း ၃၃၅၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောလ်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးအသုံးပြုရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာလူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း သီးထပ်ရင်စပါး တင်းရေ ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း သီးထပ်ရင်စပါးတင်းရေ ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရွှေက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်း သီးထပ်ရင်စပါး တင်းရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း သီးထပ်ရင်စပါးတင်းရေ ၆၇၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲကို ပြီးခဲ့တဲ့ဇူလိုင်လအတွင်းက သီးထပ်ရင်စပါးတင်းရေ ၆၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ ပန်းတနော်မြို့နယ်ကနေ စပါးအပါအဝင် လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ သီးထပ်ရင်စပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီ စပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ အရောင်းအဝယ် ကောင်းတာဖြစ်ပါတယ်။ ပြည်တွင်းဆန်၊ စပါးဈေးကွက်မှာကို အဲဒီစပါးက အဝယ်လိုက်နေပါတယ်'' ဟု ပန်းတနော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရွှေက ပြောပြသည်။



ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် သီးထပ်ရင်စပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ် ကောင်းလာသည့်အတွက် တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဇီးကုန်းမြို့နယ် သစ်စင်အရှေ့စုကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းစစ်ဆေး

**ဇီးကုန်း ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်စင်အရှေ့စုကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွယ်နှင့် ဝန်ထမ်းများက သစ်စင်အရှေ့စုကျေးရွာ၌ စက်ရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

သစ်စင်အရှေ့စုကျေးရွာ၌ အကျယ် လေးလက်မခွဲ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၃၈ ဒသမ ၅ သန်းဖြင့် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ဇူလိုင်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း နတ်တလင်းခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အေးမြတ်**

## ရိုးရိုးကျင့် မြင့်မြင့်ကြံ

- ဘဝဝယ် အကောင်းအဆိုး
အမျိုးမျိုး တွေ့ကြုံမည်၊
ရှင်သန်နေ လူ့ဘဝ
လှပဖို့ရည်၊
ခွဲလုံ့လ အရင်းတည်
ပန်းတိုင်ဆီ အရောက်သွား၊
မှန်ရာဆို မှန်ရာလုပ်
ထုဆစ်လှုပ်ရှား။

- ရှုံးနိမ့်သော် စိတ်ဓာတ်အား
မြင့်တင်ထား ရှေ့ဆက်ကာ၊
မြတ်ပညာ အဖော်သဟဲနဲ့
ခွဲ ဝီရိယပါ၊
အောင်မြင်ခြင်း အကြောင်းအရာ
ရှာဖွေနေ ကြိုးစားကြ၊
စိတ်ဓာတ်ခိုင် မတွန့်မဆုတ်
အားထုတ်အစွမ်းအစ။

- အောင်မြင်သော် မာန်မာနနဲ့
အတ္တအစွဲ ချိုးနှိမ်ရန်၊
မိမိကိုယ် အသိသတိ
ထားရှိဖန်ဖန်၊
ရိုးရိုးကျင့် မြင့်မြင့်ကြံ
ရှင်သန်ကာ ရှေ့ဆက်လို့၊
လောကဓံကို ဘယ်မမှုကွယ်
အန်တုကြစို့။ ။

**ချစ်သက်(မြန်မာစာ)**

# ငပုတောမြို့နယ် ပိတ္တာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငပုတော ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပိတ္တာကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငပုတောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးရယ်လွင်နှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငပုတောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၄ ဒသမ ၄ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပိတ္တာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်း၊ ရေလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၄ ဦးကို ရန်ပုံငွေကျပ်၃၄ ဒသမ ၄သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# ဘင်္ဂလားဒေ့ရှ်၏ကာကွယ်ရေးအဆင့်မြှင့်တင်မှုအပေါ် အိန္ဒိယ၏အမြင်သဘောထား

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကာကွယ်ရေးစနစ်များ အဆင့်မြှင့်တင်ရန် အထူးသဖြင့်လေတပ်ဖွဲ့ကိုအဆင့်မြှင့်တင်ရန်ကြိုးပမ်းသည့်အချိန်တွင် အကျပ်အတည်းနှင့်ရင်ဆိုင်ရလေ့ရှိသည်။ အိန္ဒိယ၏ မဟာဗျူဟာမြောက်တားဆီးမှုများ၊ သို့တည်းမဟုတ် သံခင်းတမန်ခင်းဆိုင်ရာ အတားအဆီးများကြောင့် ဘင်္ဂလားဒေ့ရှ်၏ကြိုးပမ်းမှုများကိုနှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်နေသလားဆိုသော မေးခွန်းများထွက်ပေါ်လျက်ရှိသည်။

ထိုသို့နှောင့်နှေးကြန့်ကြာမှုများအတွက် အဖြေသည် ဒေသတွင်း၌ရှုပ်ထွေးလျက်ရှိသည့် မဟာဗျူဟာမြောက်တွက်ချက်မှုများ၊ ကာကွယ်ရေးစက်မှုလုပ်ငန်းစွမ်းဆောင်ရည် ကွာဟချက်များ၊ အိန္ဒိယ၏ပထဝီနိုင်ငံရေးဆိုင်ရာမလုံခြုံမှုများ၊ အထူးသဖြင့် တရုတ်နိုင်ငံနှင့်စပ်လျဉ်း၍ မလုံခြုံမှုများအပေါ်တွင်မူတည်လျက်ရှိသည်။

**မလုံခြုံမှုနှင့်လွှမ်းမိုးမှုများ**

အိန္ဒိယနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် တရုတ်နိုင်ငံ၏ စစ်ရေးတိုးချဲ့လာမှုများနှင့်စီးပွားရေးဆိုင်ရာတည်ရှိလာမှု၊ အထူးသဖြင့်ရပ်ဝန်းနှင့်ပိုးလမ်းမဖိုရမ်(BRI)မှတစ်ဆင့် တိုးချဲ့လာမှုအပေါ် အလွန်အမင်းနက်ရှိုင်းလာလျက်ရှိသည်။ ဘင်္ဂလားပင်လယ်အော်တွင် ဘင်္ဂလားဒေ့ရှ်၏မဟာဗျူဟာမြောက်တည်ရှိမှုသည် အိန္ဒိယနှင့်နယ်စပ်နယ်မြေသုံးခုထိစပ်လျက်ရှိပြီး သမိုင်းကြောင်းနှင့်ယဉ်ကျေးမှုဆိုင်ရာ ချစ်ကြည်ရင်းနှီးမှုတို့မျှဝေလျက်ရှိသည်။ အိန္ဒိယသည်ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ၎င်း၏လွှမ်းမိုးမှုနယ်မြေအတွင်း ကျရောက်နေသည်ဟုရှုမြင်ထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တိုက်လေယာဉ်များ၊ ဒုံးကျည်စနစ်များ၊ ရေဒါများကဲ့သို့သောအဆင့်မြင့်နည်းပညာများကို တရုတ်နိုင်ငံမှဝယ်ယူသည့်အချိန်၌ အိန္ဒိယနိုင်ငံကို စိုးရိမ်ပူပန်မှုမြင့်တက်လာစေလျက်ရှိသည်။ သို့သော် အိန္ဒိယနိုင်ငံသည် ထိရောက်သေချာသည့်ဟန့်တားမှုများ လုပ်ဆောင်ထားခြင်းမရှိသေးပေ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနိုင်ငံထံမှ ကာကွယ်ရေးပစ္စည်းများဝယ်ယူရန် ဆွေးနွေးသည့်အချိန်တွင် အတည်ပြုဆွေးနွေးမှုများ အဆုံးသတ်နိုင်ခဲ့ခြင်းမရှိပေ။ အိန္ဒိယ၏ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုကဏ္ဍသည် ကမ္ဘာ့ကာကွယ်ရေးပစ္စည်းထုတ်လုပ်သောနိုင်ငံကြီးများဖြစ်သည့် ရုရှား၊ တရုတ်နှင့်အနောက်တိုင်းနိုင်ငံများနှင့်ယှဉ်ပြိုင်ရာတွင် မှီခိုအားထားနိုင်မှု၊ တတ်နိုင်စွမ်းနှင့်တိုက်ပွဲဝင်အသင့်ဖြစ်မှုတို့တွင် ရှန်းကန်နေရဆဲပင်ဖြစ်သည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ၂၀၂၄ ခုနှစ် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများဖြစ်ပေါ်ခဲ့ပြီး အစိုးရအသစ်ဖွဲ့စည်းပြီးနောက် ဘင်္ဂလားဒေ့ရှ်-အိန္ဒိယဆက်ဆံရေးသည် သိသိသာသာယိုယွင်းဆုတ်ယုတ်လာခဲ့သည်။ ယခုနှစ်အစောပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနိုင်ငံနှင့်အမေရိကန်ဒေါ်လာ ၂၁ သန်းတန်ဖိုးရှိသော လက်နက်ဝယ်ယူရေး စာချုပ်ကိုပယ်ဖျက်ခဲ့သည်။ ယခင်အစိုးရလက်ထက်တွင် ချုပ်ဆိုခဲ့သော စာချုပ်ဖြစ်သောကြောင့် ပယ်ဖျက်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ကာကွယ်ရေးပစ္စည်းများဝယ်ယူဖြည့်ဆည်းရန် ရွေးချယ်စရာအခွင့်အလမ်းများရှိနေပြီး တရုတ်နှင့်ရုရှားတို့ထံမှ ဝယ်ယူဖြည့်တင်းသွားမည်ဖြစ်သည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏အဓိကမဟာမိတ်ဖြစ်လာခဲ့သည်။ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တရုတ်နိုင်ငံထံမှလက်နက်ဒုတိယအများဆုံးတင်သွင်းခဲ့သည်။ အိန္ဒိယလိုလားသည့်ရှိတ်ဟာဆီနာအစိုးရလက်ထက်၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၁၆ ခုနှစ်တွင်တရုတ်နိုင်ငံထံမှ Ming အတန်းအစားရေငုပ်သင်္ဘောနှစ်စင်း ဝယ်ယူခဲ့ရာ မဟာဗျူဟာမြောက် အရွေ့အပြောင်းတစ်ရပ်ဖြစ်ခဲ့ပြီး အိန္ဒိယနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်၏စစ်ဘက်ဆိုင်ရာပစ္စည်းဝယ်ယူမှုများကို စစ်ဆေးခဲ့ရသည်။

ဘင်္ဂလားဒေ့ရှ်အနေဖြင့် အဆင့်မြင့်တိုက်လေယာဉ်များဝယ်ယူရန်ကြိုးပမ်းသည့်အချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကာကွယ်ရေးအဆင့်မြှင့်တင်မှုအစီအစဉ်များအပေါ် အိန္ဒိယ၏ထောက်ပံ့ကူညီသွားလိုခြင်းမရှိသည့်ဆန္ဒကို ထင်ဟပ်လာစေလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနိုင်ငံထုတ် Tejas လေယာဉ်ကိုဝယ်ယူရန် စဉ်းစားသုံးသပ်ခဲ့သည်။ ထို့နောက် ဘင်္ဂလာဒေ့ရှ်နိုင်ငံအပေါ် အပြိုင်အဆိုင်ကမ်းလှမ်းချက်များတွင် အိန္ဒိယ၏တုံ့နှေးနေမှုကြောင့် ရုရှားနိုင်ငံထုတ် Yak-130 လေ့ကျင့်ရေးလေယာဉ်များနှင့်တရုတ်နိုင်ငံထုတ် JF-17 လေယာဉ်များကိုဝယ်ယူခဲ့ရသည်။

❖ဘင်္ဂလားဒေ့ရှ်အနေဖြင့် အဆင့်မြင့်တိုက်လေယာဉ်များ ဝယ်ယူရန်ကြိုးပမ်းသည့်အချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကာကွယ်ရေး အဆင့်မြှင့်တင်မှု အစီအစဉ်များအပေါ် အိန္ဒိယ၏ထောက်ပံ့ကူညီသွားလိုခြင်းမရှိသည့်ဆန္ဒကို ထင်ဟပ်လာစေလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနိုင်ငံထုတ် Tejas လေယာဉ်ကိုဝယ်ယူရန် စဉ်းစားသုံးသပ်ခဲ့သည်။ ထို့နောက် ဘင်္ဂလာဒေ့ရှ်နိုင်ငံအပေါ် အပြိုင်အဆိုင်ကမ်းလှမ်းချက်များတွင် အိန္ဒိယ၏တုံ့နှေးနေမှုကြောင့် ရုရှားနိုင်ငံထုတ် Yak-130 လေ့ကျင့်ရေးလေယာဉ်များနှင့်တရုတ်နိုင်ငံထုတ် JF-17 လေယာဉ်များကိုဝယ်ယူခဲ့ရသည်။ ❖

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရေတပ်အဆင့်မြှင့်တင်ရန် တရုတ်နိုင်ငံထုတ်ဖရီးဂိတ်သင်္ဘောများ၊ ရေငုပ်သင်္ဘောများ၊ တူကီယဲနိုင်ငံထုတ်ဒရုန်းများ ဝယ်ယူရန်ကြိုးပမ်းသည့်အချိန်တွင် အိန္ဒိယနိုင်ငံသည်ဒေသတွင်းဖိုရမ်များနှင့် နှစ်နိုင်ငံထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် သံခင်းတမန်ခင်းအရဖိအားပေးလုပ်ဆောင်ခဲ့သည်။ ထို့ပြင် အိန္ဒိယမီဒီယာများသည် ထိုသို့စစ်လက်နက်ပစ္စည်းဝယ်ယူမှုများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏တရားဝင်လုံခြုံရေးအာမခံချက်ထက် တောင်အာရှဒေသတွင် တရုတ်နိုင်ငံ၏ စစ်ရေးခြေကုပ်ယူမှုအဖြစ်ရှုမြင်ထားရှိသည်။

**ပြည်တွင်းကန့်သတ်ချက်များ**

ထို့ကြောင့် အိန္ဒိယနိုင်ငံသည် မတူကွဲပြားသောချဉ်းကပ်မှုပုံစံကို ချမှတ်လုပ်ဆောင်လာခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တရုတ်နိုင်ငံ၏လွှမ်းမိုးမှုကိုဆန့်ကျင်လျက်ရှိသော်လည်း ယုံကြည်အားထားရနိုင်သော ကာကွယ်ရေးမိတ်ဖက်အဖြစ် ကိုယ်တိုင်ရပ်တည်ရန် ပျက်ကွက်လျက်ရှိသည်။ အဆိုပါချဉ်းကပ်မှုသည် ကာလရှည်ကြာသက်ရောက်မှုများ ဖြစ်ပေါ်လာစေလျက်ရှိသည်။ အိန္ဒိယနိုင်ငံသည် မဟာဗျူဟာမြောက်တန်းတူရည်တူရှိမှု၊ အပြန်အလှန်လေးစားမှုကို အခြေခံသော ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ကမ်းလှမ်းသွားရမည့်အစား အိန္ဒိယနိုင်ငံသည် ပူးပေါင်းဆောင်ရွက်မှုထက် ထိန်းချုပ်ဆောင်ရွက်မှုကိုသာ ပိုမိုစိတ်အားထက်သန်လျက်ရှိသည်။

အိန္ဒိယ၏ရည်မှန်းချက်ပန်းတိုင်သည် ဒေသတွင်းကာကွယ်ရေးပစ္စည်းတင်ပို့သူဖြစ်လာရန် ဖြစ်သော်လည်း ဖွဲ့စည်းမှုပိုင်းဆိုင်ရာ ကန့်သတ်ချက်များကြောင့် အကောင်အထည်ဖော်နိုင်စွမ်းမရှိသေးပေ။ ကာကွယ်ရေးသုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (DRDO)နှင့် ဟင်ဒူစတန်လေကြောင်းအာကာသကုမ္ပဏီတို့သည် ပြည်တွင်းစစ်လက်နက်ပစ္စည်းများထုတ်လုပ်ရာတွင် အောင်မြင်မှုရရှိလျက်ရှိသော်လည်း ဂျက်တိုက်လေယာဉ်များနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်များကဲ့သို့သော အဆင့်မြင့်စစ်လက်နက်ပစ္စည်းများအတွက် ပြည်ပမှတင်သွင်းရလျက်ရှိသည်။ သာဓကအနေဖြင့် S-400 လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ရုရှားနိုင်ငံမှလည်းကောင်း၊ Barak-8 အစိတ်အပိုင်းများကို အစ္စရေးနိုင်ငံမှလည်းကောင်း တင်သွင်းလျက်ရှိသည်။ နည်းပညာပိုင်းဆိုင်ရာကွာဟချက်များ၊ ထုတ်လုပ်ရာတွင် နှောင့်နှေးကြန့်ကြာမှုများနှင့် အိန္ဒိယလေတပ်၏ တာဝန်ထမ်းဆောင်မှုဆိုင်ရာ လိုအပ်ချက်များကြောင့် အဆင့်မြင့်နည်းပညာများတင်သွင်းရန် အကြောင်းတရားများဖြစ်လာစေခဲ့သည်။

အိမ်နီးချင်းနိုင်ငံများသို့ ကာကွယ်ရေးဗဟိုပြုသည့် လွှမ်းမိုးမှုဆောင်ရွက်နိုင်ရေး အိန္ဒိယ၏ပထဝီနိုင်ငံရေးဆိုင်ရာစိတ်ဆန္ဒသည် အိန္ဒိယနိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာပြိုင်ဆိုင်မှု ပြင်းထန်သောစစ်လက်နက်စနစ်များ၌ စစ်လက်နက်တင်ပို့သူ ဖြစ်လာသည့်အချိန်ထိ လစ်ဟာနေဦးမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံအနေဖြင့် ပြည်တွင်းနည်းပညာဖြင့် ကိုယ်ပိုင်စစ်ဘက်ဆိုင်ရာ ထောက်ပံ့နိုင်စွမ်းမရှိလျှင် ဘင်္ဂလားဒေ့ရှ်၏ကာကွယ်ရေးတွင် ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်ရေးအတွက် မိတ်ဖက်နိုင်ငံအဖြစ် ရပ်တည်ရန်ခက်ခဲမည်ဖြစ်သည်။

ကာကွယ်ရေးပစ္စည်းဝယ်ယူမှုအတွက် အာမခံချက်ပေးရန် အိန္ဒိယ၏ကြန့်ကြာနေမှုသည် ဘင်္ဂလားဒေ့ရှ်၏စွမ်းဆောင်ရည်နှင့်စပ်လျဉ်း၍ အိန္ဒိယအပေါ် မှီခိုရန်ကန့်သတ်ချက်များ ပိုမိုဖြစ်ပေါ်စေမည်ဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၅၀၀ တန်ဖိုးရှိသော ကာကွယ်ရေးပစ္စည်းရောင်းချပေးရန် အိန္ဒိယနိုင်ငံက ကတိကဝတ်ပြုခဲ့သော်လည်း အခြေအနေများဆိုးရွားလာမှုနှင့် ဗျူရိုကရေစီအတားအဆီးများကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုကာကွယ်ရေးပစ္စည်းရောင်းချမည့် တခြားသောနိုင်ငံများနှင့် တရုတ်နိုင်ငံဘက်သို့ရွေ့ပြောင်းစေခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများ၊ ပင်လယ်ဓားပြမှုများ၊ ဝေဟင်ခြိမ်းခြောက်မှုများ၊ အင်ဒို-ပစိဖိတ်ဒေသတွင် အင်အားကြီးနိုင်ငံများနှင့် မဟာဗျူဟာမြောက်ယှဉ်ပြိုင်မှုများ၏ဖိအားများကြောင့် စောင့်ဆိုင်းနိုင်စွမ်းမရှိတော့ပေ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက်မူ ကာကွယ်ရေးဆိုင်ရာခေတ်မီအဆင့်မြှင့်တင်ခြင်းသည် အရေးပေါ်လိုအပ်ချက်ပင်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စစ်ဘက်ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်မှုသည် အိန္ဒိယကိုခြိမ်းခြောက်ရန် ရည်မှန်းထားခြင်းမဟုတ်သော်လည်း ဘင်္ဂလားပင်လယ်အော်တွင် တင်းမာမှုများမြင့်တက်လာလျက်ရှိသည့်အပြင် အင်ဒို-ပစိဖိတ်ဒေသတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကိုယ်ပိုင်လုံခြုံရေးခိုင်မာသေချာစေရန်ပင်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်သည် မည်သည့်နိုင်ငံနှင့်မျှရန်မလိုဘဲနိုင်ငံအားလုံးနှင့် မိတ်ဆွေဖြစ်ရေးဆိုသည့်သမားရိုးကျနိုင်ငံခြားရေးမူဝါဒ မူဘောင်အောက်တွင် ဟန်ချက်ညီသောချဉ်းကပ်မှုကိုကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်သည် အိန္ဒိယ၊ တရုတ်တို့နှင့် ဆက်ဆံရေးထိန်းသိမ်းနေစဉ်မှာပင် တူကီယဲ၊ တောင်ကိုရီးယား၊ ဥရောပနိုင်ငံများနှင့်ကာကွယ်ရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးကို တက်ကြွစွာတည်ဆောက်လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အခြားသောအင်အားကြီးနိုင်ငံများနှင့် ဒေသတွင်းအင်အားကြီးနိုင်ငံများအပေါ် မှီခိုအားထားမှုကို အိန္ဒိယနိုင်ငံကဖိအားပေးမှုများ လုပ်ဆောင်ခြင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို လက်တွေ့ကျသောကမ်းလှမ်းမှုများ လုပ်ဆောင်လာစေလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်မှုသည် မဟာဗျူဟာမြောက်လုပ်ပိုင်ခွင့်အတွက် တောင်အာရှဒေသ၏အလားအလာကို ဆုတ်ယုတ်လာစေလျက်ရှိသည်။ ယှဉ်ပြိုင်မှုရှိသော ဒေသတွင်းလုံခြုံရေးမူဘောင်မြှင့်တင်မှုအစား အိန္ဒိယ၏လှုပ်ရှားဆောင်ရွက်မှုများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများကြား သံသယများကြီးထွားလာစေမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် စစ်မှန်တည်ငြိမ်သော တောင်အာရှဒေသဖြစ်တည်လာစေရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကာကွယ်ရေးလိုအပ်ချက်များကို ယှဉ်ပြိုင်မှုရှိသောချဉ်းကပ်မှုများလုပ်ဆောင်သွားရန် လိုအပ်နေပြီဖြစ်သည်။ အိန္ဒိယသည် Make in India၊ Made in Bangladesh မူဘောင်များနှင့်အညီ လေယာဉ်များ၊ ကင်းထောက်စနစ်များနှင့်ဒရုန်းများ ပူးတွဲထုတ်လုပ်ခြင်းကဲ့သို့သော ပူးတွဲလုပ်ငန်းများတွင် လက်တွေ့ကျကျချဉ်းကပ်ဆောင်ရွက်သည်ထက် ဘင်္ဂလားဒေ့ရှ်၏ စစ်ဘက်ခေတ်မီအဆင့်မြှင့်တင်မှုလုပ်ငန်းများကို သံသယများဖြင့် ချဉ်းကပ်ဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကြားအဖွဲ့အစည်းပိုင်းဆိုင်ရာဆွေးနွေးမှုများသည် အပြန်အလှန်အကျိုးစီးပွားများနှင့် လိုအပ်ချက်များကိုခွဲခြားသတ်မှတ်နိုင်မည့်အပြင် အပြန်အလှန်သံသယကြီးထွားမှုများကိုလည်း လျှော့ချရာတွင်လည်းများစွာအရေးပါလျက်ရှိသည်။ အပြန်အလှန်နှင့်ပွင့်လင်းမြင်သာမှုရှိသော စစ်ဘက်ဆိုင်ရာ အပြန်အလှန်ဖလှယ်ဆောင်ရွက်မှုများသည် များစွာအရေးပါလျက်ရှိသည်။ သို့သော် အိန္ဒိယနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာ ကိုယ်ပိုင်ရပ်တည်ဆုံးဖြတ်မှုကို ကြန့်ကြာစေရန် ဆက်လက်လုပ်ဆောင်နေမည်ဆိုလျှင် ဘင်္ဂလားဒေ့ရှ်အနေဖြင့် ၎င်း၏လုံခြုံရေးအတွက် သမားရိုးကျမိတ်ဖက်များထက် ကောင်းမွန်သည့်နိုင်ငံများကို ဆက်လက်ရှာဖွေသွားမည်မှာ အသေအချာပင်ဖြစ်ပေသည်။

**ကိုးကား**

- India's Opposition to Bangladesh's Defense Modernization Is a Self-Defeating Strategy By The Diplomat.

**ဝင်းဇင်(သုတေသန)**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နွေစပါးကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ကန့်ဘလူ ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သည့် နွေစပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၂၂၆၅၄ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများကို ယခုနှစ်ဇွန်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၄ ဒသမ ၇ တင်း ထွက်ရှိကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ်မှာ ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီက နွေစပါး ၂၂၆၅၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နွေစပါးခင်းတွေ လက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာတွေ၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာတွေ၊ သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိစေဖို့နဲ့ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက်အချိန်မီရောက်ရှိရေး အသိပညာတွေ ပေးခဲ့ပါတယ်" ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် နွေစပါးများ တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးခြင်း၊ နည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေး သင်တန်းများ ဖွင့်လှစ်ခြင်း လုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။ (၂၀၆)

# ပွင့်ဖြူမြို့နယ် ငွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းဇောင်းကျေးရွာအုပ်စု ငွေ့ကျေးရွာ၌ ဒသမအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မီမီသိုက်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ရန်ပုံငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်မီမီသိုက်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၀ ဒသမ ၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ငွေ့ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၅၀ ကို ငွေကျပ် ၂၉ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၁၈ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၀ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ဟသ်ာတမြို့နယ်တွင် ငါးပုတ်သင်များ အရောင်းအဝယ်ကောင်းမွန်နေ

**ဟသ်ာတ ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ငါးပုတ်သင်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာလင်းက ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ်မှ ထွက်ရှိသည့် ငါးပုတ်သင်များကို ဩဂုတ်လ ပထမပတ်မှ ယနေ့ထိ ဝယ်ယူမှု အားကောင်းနေသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးပုတ်သင်များကို တစ်ရက်လျှင် ပိဿာချိန် ၅၀၀၀ ထိအရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဟသ်ာတမြို့နယ်က ထွက်ရှိတဲ့ ရေထွက်ကုန်တွေထဲမှာ ငါးပုတ်သင်တွေ ပိုမိုအရောင်းအဝယ်ဖြစ်နေပါတယ်။ ငါးပုတ်သင်ကို စားသုံးတဲ့သူ များလာတာကြောင့် အခုလို အရောင်းအဝယ်ကောင်းမွန်နေတာဖြစ်ပါတယ်။ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေပါတယ်။ အဓိကကတော့ ရန်ကုန်ဈေးကွက်က ဒီဘက်က တင်ပို့ရောင်းချတဲ့ ငါးပုတ်သင်တွေ အဝယ်လိုက်နေပါတယ်။ ဒေသပွဲရုံတွေဆီငါးပုတ်သင်တွေပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီဝင်လာတဲ့ ငါးတွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ငါးပုတ်သင်တင်ပို့အား တက်လာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေပါတယ်"ဟု ဟသ်ာတမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာလင်းက ပြောပြသည်။



ဟသ်ာတမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးပုတ်သင်အပါအဝင် ဒေသထွက်ရေထွက်ကုန်များကို ဝယ်ယူပြီး စနစ်တကျစစ်ဆေးသန့်စင်ကာ ဝယ်ယူသည့်ဒေသများသို့ ဖြန့်ဖြူးတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပုတ်သင် တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ မှ ၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ပေါင်းတည်မြို့နယ် ဝက်မြေလူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါင်းတည် ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝက်မြေလူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၈ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်နှင့်ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၃ ဒသမ ၂၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဝက်မြေလူးကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၉ ဦးကို ရန်ပုံငွေကျပ် ၅၃ ဒသမ ၂၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သုတ



# စလင်းမြို့နယ် ကူတို(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီးမင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေ တိုးပွားစေရေး၊ ကျေးလက်နှင့် မြို့ပြကွာဟမှုကို လျှော့ချနိုင်ရေးအတွက် မကျီးပင်ပုကျေးရွာအုပ်စု ကူတို(မ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသောလုပ်ငန်းများကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကူတို(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၂သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်း စည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ ကူတို(မ)ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၄ ဦးကို ရန်ပုံငွေကျပ် ၃၄ ဒသမ ၂ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

သန်းသန်းစိုး

# ချစ်စရာအရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## ခွန်အားကိုယ်စီ

လခြမ်းကလေးက တိမ်ဆိုင်ကြားက ထိုးထွက်လာတယ်။ အိမ်ရှေ့ ကုက္ကိုပင်ခြေရင်းရှိ ကွပ်ပျစ်ပေါ်မှာ ဘိုးဘိုးမြ ရေနွေးကြမ်းသောက်နေတယ်။

"ဘိုးမြရေ တော့်မြေးတွေ မလာပါလား"

"လာမှာပေ့ါ ဘွားကြင်၊ စောသေးတယ်လေ"

"မြေးတွေအတွက် စားစရာဘာလုပ်ထားလဲ"

"မြေပဲလေး ပြုတ်ပေးထားတယ် ဘိုးမြရေ၊ အခုက မြေပဲနုတ်ချိန် ဦးဦးဖျားဖျား စားရမှာ"

"ကောင်းတယ် ဘွားကြင်ရေ"

"ဘိုးဘိုးမြ"

"ဟော လာပါပြီ၊ လာကြ လာကြမြေးတို့ရေ၊ မြေးတို့ကို ဘွားကြင်က မျှော်နေတာ"

မောင်ပြေသုတို့ သူငယ်ချင်းတွေ ဘိုးဘိုးမြ အနားမှာ တန်းစီထိုင်လိုက်ကြလေတယ်။

"ဘိုးဘိုးမြ ဒီည ဘာပုံပြင်ပြောမှာလဲ"

"ဒီည ဘိုးဘိုးပြောပြမဲ့ပုံပြင်လေးက ခွန်အားကိုယ်စီဆိုတဲ့ ပုံပြင်လေးပါ မြေးတို့ရေ"

ဟိုးရှေးရှေးတုန်းကပေ့ါကွယ်။ တောကြီးတစ်ခုအတွင်းမှာ သမင်တစ်ကောင်ရှိသတဲ့ကွယ်။ တစ်နေ့မှာ တောထဲကို အစာရှာထွက်ရင်းနဲ့ ယုန်ကလေးတွေ တန်းစီပြီး ခုန်ပေါက်သွားလာနေကြတာကို တွေ့လိုက်သတဲ့။ အဲဒါနဲ့ "အဘယ်ကြောင့် တန်းစီပြီး ခုန်ပေါက်သွားလာနေတာလဲ"လို့ သမင်က မေးလိုက်သတဲ့ကွယ်။

"ဒီနေ့က ကျွန်တော်တို့ဘုရင်ကြီးရဲ့ မင်္ဂလာပွဲပါ။ ဒါကြောင့် သတို့သမီးအိမ်ဆီ ဘုရင်ကြီးကိုလိုက်ပို့ပေးနေကြတာပါ"လို့ ယုန်ကလေးတွေက ပြန်ဖြေလိုက်ကြသတဲ့ကွယ်။

အဲဒီအခါမှာ သမင်က "မင်းတို့ ဘုရင်ကြီးက ဘယ်မှာလဲ"လို့ မေးလိုက်ပြန်သတဲ့ကွယ်။

"ကျွန်တော်တို့ရဲ့ အလယ်မှာရှိတဲ့ ယုန်ကြီးက ကျွန်တော်တို့ဘုရင် ယုန်မင်းကြီးပါပဲ"လို့ ယုန်ကလေးတွေက ပြန်ဖြေလိုက်ကြသတဲ့ကွယ်။

ယုန်တွေရဲ့စကားကို ကြားရတဲ့အခါမှာ သမင်က တဟားဟား ရယ်မောနေသတဲ့ကွယ်။ ပြီးတော့မှ "အံ့သြပါ့ကွာ၊ မင်းတို့ ယုန်ဘုရင်ကလဲ ချည့်နဲ့ပြီး အားမရှိလိုက်တာ။ ဘုရင်နဲ့လဲမတူဘူး။ ရုပ်ကလဲ ဆိုးလိုက်တာကွာ"လို့ အထင်သေးစကားဆိုလိုက်သတဲ့ကွယ်။

သမင်ရဲ့ စကားကို ယုန်ဘုရင်ကြီးကြားတဲ့အခါမှာ "ဒီမှာမိတ်ဆွေသမင်၊ တို့အားလုံးရဲ့ပုံစံတွေက ကွဲပြားကြတာ လက်ခံပြီးသားပါ။ ငါတို့ကရုပ်ဆိုးပေမဲ့ သမင်လိုတော့ စကားပြောမရိုင်းကြပါဘူး။ ယဉ်ကျေးသိမ်မွေ့ကြတယ်။ ကူညီတတ်ကြပါတယ်"လို့ ယဉ်ကျေးချိုသာစွာ ပြန်ပြောလိုက်သတဲ့ကွယ်။

ယုန်ဘုရင်ကြီးစကားကို ကြားလိုက်တဲ့အခါ



သမင်က စိတ်ဆိုးဒေါသထွက်ပြီး"အကောင်သေးပြီး စကားကြီးစကားကျယ်ပြောတဲ့ကောင်၊ ငါ့ဦးချိုနဲ့ ထိုးပြီးသတ်ပစ်လိုက်တော့မယ်"လို့ ဒေါသနဲ့ပြောဆိုလိုက်သတဲ့ကွယ်။

အဲဒီအခါမှာ ယုန်ဘုရင်ကြီးက "အသင် သမင် ကျုပ်ကိုသတ်ရဲရင် သတ်ကြည့်လိုက်လေ။ ယုန်အပေါင်းက အသင်သမင်ကို စုပေါင်းတိုက်ခိုက်ကြလိမ့်မယ်"လို့ ပြန်ပြောလိုက်သတဲ့ကွယ်။

ယုန်ဘုရင်ရဲ့စကားကိုကြားရတဲ့အခါမှာ သမင်က တဟားဟားရယ်မောလိုက်သတဲ့ကွယ်။ "မင်းတို့လို အကောင်သေးသေးနဲ့ တိုက်ခိုက်စရာ ဘာမှမရှိတဲ့ကောင်တွေက ငါ့ကိုပြန်တိုက်မယ်ဟုတ်လား၊ ရယ်စရာပဲကွာ"လို့ သမင်က လှောင်ပြောင်ပြောဆိုလိုက်သတဲ့ကွယ်။

အဲဒီအခါမှာ ယုန်ဘုရင်ကြီးက "ကျုပ်တို့ကို အချိန်ခုနစ်ရက်ပေးပါ။ ခုနစ်ရက်ပြည့်တဲ့အခါ တိုက်ပွဲဆင်နွှဲကြတာပေ့ါဗျာ"လို့ ပြန်ပြောလိုက်သတဲ့ကွယ်။ ယုန်ဘုရင်ရဲ့စကားကိုကြားတဲ့အခါ သမင်လဲ ဒေါသထွက်သွားသတဲ့ကွယ်။ "မင်းတို့ကို ခုနစ်ရက်မဟုတ်ဘူး။ ခုနစ်လအချိန်ပေးတယ်"လို့ ခပ်ကြွားကြွားပြောဆိုကာ ထွက်သွားသတဲ့ကွယ်။

အဲဒီလိုနဲ့ ယုန်ဘုရင်ကြီးက ယုန်အပေါင်းကို အစည်းအဝေးခေါ်ပြီး တိုင်ပင်သတဲ့ကွယ်။ ယုန်တွေကစုပေါင်းပြီး လယ်ကွင်းထဲမှာ ကျင်းကြီးတစ်ခုကို တူးလိုက်ကြသတဲ့ကွယ်။ ခြောက်ရက်တိုင်တိုင်မနားမနေတူးလိုက်ကြတဲ့အခါမှာ အလွန်ကြီးမားတဲ့ ကျင်းကြီးတစ်ခုရလာသတဲ့ကွယ်။ ယုန်ဘုရင်ကြီးက ကျင်းကြီးကို ကြည့်ကာ "ကဲ...ငါ့ရဲ့အပေါင်းအဖော်တို့ ဒီလောက်ဆိုရလောက်ပါပြီ။ ဒီကျင်းကြီးထဲကို သမင်ပြုတ်ကျရင် ပြန်တက်နိုင်မှာ မဟုတ်လောက်ဘူး"လို့ ပြောလိုက်သတဲ့ကွယ်။

ဒီလိုနဲ့ ခုနစ်ရက်မြောက်ကို ရောက်လာတာပေ့ါကွယ်။ ယုန်နဲ့သမင်တို့ရဲ့ပြိုင်ပွဲကို လာရောက်ကြည့်ရှုကြတဲ့ တိရစ္ဆာန်အပေါင်းကလဲ စည်ကားနေသတဲ့ကွယ်။ ပြိုင်ပွဲဆီကို သမင်က အရင်ရောက်လာကာ "ငါ့ဦးချိုနဲ့ထိုးပြီး အနိုင်ယူပြမယ်ကွ"လို့ ကြုံးဝါးလိုက်သတဲ့ကွယ်။ အဲဒီအခါ ယုန်ဘုရင်ကြီးနဲ့ သူ့ရဲ့အပေါင်းအဖော်တွေ ရောက်လာကြသတဲ့ကွယ်။

သမင်လဲ ယုန်ဘုရင်ကြီးထံပြေးပြီး သူ့ရဲ့ဦးချိုနဲ့ တိုးဝှေ့သတဲ့ကွယ်။ ယုန်ဘုရင်ကြီးလဲ ခုန်ပြီး ရှောင်လိုက်သတဲ့ကွယ်။ အဲဒီအခါမှာ သမင်က ဒေါသထွက်ပြီး ပြေးဝှေ့ပြန်သတဲ့ကွယ်။ ယုန်ကလဲ ရှောင်လိုက်ပြန်သတဲ့ကွယ်။ တဖြည်းဖြည်းနဲ့ ယုန်တွေတူးထားတဲ့ ကျင်းကြီးအနားကို ရောက်လာသတဲ့ကွယ်။ နောက်ဆုံးမှာ သမင်လဲ ဒေါသတကြီးနဲ့ပြေးပြီး ယုန်ကိုပြေးဝှေ့လိုက်တဲ့အခါမှာ ကျင်းကြီးထဲကို လိမ့်ကျသွားတာပေ့ါကွယ်။ ကျင်းကြီးထဲကနေ "ကယ်ပါကယ်ကြပါ"လို့ အော်နေရသတဲ့ကွယ်။

အဲဒီအခါမှာ မျောက်ကြီးက "သမင်နဲ့ယုန်ရဲ့ ပြိုင်ပွဲမှာ ယုန်က အနိုင်ရသွားပါပြီ။ ယုန်တွေက နုံးညံ့တယ်၊ အကောင်သေးတယ်ဆိုပေမဲ့ ဉာဏ်အမြော်အမြင်ကြီးမားပြီး လိမ္မာပါးနပ်မှုရှိကြတယ်။ သမင်ကတော့ တစ်ပါးသူကိုအထင်သေးပြီး သူ့ကိုယ်သူ အထင်ကြီးတာကြောင့် အရှုံးနဲ့ရင်ဆိုင်ရတာပဲ"လို့ တိရစ္ဆာန်အားလုံးကြားအောင် အော်ပြောလိုက်သတဲ့ကွယ်။

ကဲ...ကလေးတို့ရေ ပုံပြင်လေးကတော့ ဒီလောက်ပါပဲကွယ်။ မြေးလေးတို့လဲ ကိုယ့်ထက် ဘယ်လောက်သေးငယ်နေကြပါစေ အထင်မသေးရဘူးနော်။ လောကမှာ ဘယ်သူမဆို ခွန်အားကိုယ်စီရှိပြီး ဉာဏ်အမြော်အမြင်ရှိကြတယ်၊ လိမ္မာပါးနပ်ကြတယ်လို့ တွေးကြရမယ်နော်။ ဒေါသလဲမကြီးရဘူးနော်။ ဒေါသကြီးတဲ့သူတွေဟာ အမှားတွေလဲ ကြုံရတတ်တယ်ကွဲ့။ ဒါကြောင့် ကလေးတို့အနေနဲ့ မိမိရဲ့မိတ်ဆွေသူငယ်ချင်းတွေနဲ့ ချစ်ချစ်ခင်ခင်နေထိုင်ကြပါလို့ ဘိုးဘိုးမြက တိုက်တွန်းလိုက်ပါတယ်ကွယ်။

**မောင်ကြည်လင်(ရွှေကြိုးကြာ)**

## စာဖတ်ခြင်းရဲ့ရလဒ်များ



♦ စာအုပ်ချစ်တဲ့ ကလေးငယ်
ဗဟုသုတကြွယ်။

♦ ဉာဏ်ရည်ပြည့်လွယ် နှလုံးသား
နူးညံ့ဖြူတကား။

♦ ကိုယ်နှင့်ယှဉ်ထား အများကို
မေတ္တာကရုဏာပို။

♦ မုဒိတာဆို ပြဟ္မစိုရ်တရား
စာဖတ်ခြင်းရဲ့ ရလဒ်များ
ဖတ်မှတ်ကြစေသား။ ။

**သုတလင်း(ဆင်ပေါင်ဝဲ)**

## အလှရောင်ပြန်

♦ ဥယျာဉ်ထဲမှာ ပန်းစုံစွာ
သင်းပျံ့ ဝေဝေဆာ။

♦ ပိတုန်း လိပ်ပြာ ဝဲပျံမြူး
လှည့်လည် ဝတ်မှုန်ကူး။

♦ ကြိုင်လှိုင် ပွင့်ဖူး မွှေးထုံလွင်
မြင်သူ ချမ်းမြေ့ရွှင်။

♦ ပန်းနှင့်တူယှဉ် ရောင်ပြန်ဝင်
ပိတုန်း လိပ်ပြာ လှဂုဏ်ဆင့်
ပွဲလယ်တင့်ရင်း တင့်။ ။



**ခိုင်ခိုင်နွယ် (ပညာရေး)**

# အခွံမာရေသတ္တဝါ ပင့်ကူကဏန်း၏ သဘာဝနှင့်အသုံးဝင်ပုံ

နှင်းအိ(ရာမညမြေ)

ကဏန်းမျိုးစိတ်များသည် ကမ္ဘာ့သမုဒ္ဒရာရေပြင်၊ ရေချိုပိုင်းနှင့် ကုန်းတွင်းပိုင်းတို့တွင် နေထိုင်လေ့ရှိကြပြီး ကမ္ဘာအနှံ့အပြားတွင် ကဏန်းမျိုးစိတ်ပေါင်း ၇၀၀၀ ခန့်ရှိကြကာ ကဏန်းအုပ်စုပေါင်း ၉၆ စုခန့်ရှိကြောင်း မှတ်တမ်းများအရ သိရသည်။ ကဏန်းသည် ကိုယ်ထည်ဝိုင်းလုနီးရှိ၍ ခြေလက်ရှစ်ချောင်းနှင့် လက်မနှစ်ချောင်းရှိပြီး ဘေးတိုက်တွားသွားတတ်သောသတ္တဝါမျိုးဖြစ်သည်။ ရေထဲတွင်နေ၍ကုန်းပေါ်၌ အတန်ကြာအသက်ရှင်ကာ သွားလာနိုင်သည်။

**ကဏန်းသဘာဝ**

ကဏန်းတွင် ထူးခြားစွာခြေထောက် ၁၀ ချောင်းပါရှိ သည်ကို တွေ့ရသည်။ ၎င်းတို့အနက် ရှစ်ချောင်းကိုသာ လမ်းလျှောက်သွားလာရန်အသုံးချ၍ ကဏန်းလက်မခေါ် ကြီးမားသန်စွမ်းသည့်ပထမအစုံကိုမူ လက်သဖွယ်အသုံးချသည်။ ထိုလက်မကြီးများသည် ကဏန်းအတွက် အကာအကွယ်လက်နက်လည်းဖြစ်၏။ ကဏန်း၏ကျောကုန်းမှာ မာကျောသောအခွံထူဖြစ်၍ ၎င်းအခွံကြီးက ကိုယ်ခန္ဓာကို ကာကွယ်ထားသည်။ ကိုယ်အရှေ့ပိုင်းတွင် ရင်အုပ်ကာသံချပ်သဖွယ် အကာအကွယ်ပါရှိ၍ ခြေထောက် ၁၀ ချောင်းစလုံးမှာလည်း မာကျောသောအခွံများဖြင့် အသီးသီးဖုံးအုပ်လျက်ရှိပေသည်။

ကဏန်းတွင် အမျိုးပေါင်းများစွာရှိ၍ အသေးငယ်ဆုံးသောကဏန်းကလေးမျိုးမှာ ခရုခွံ၊ ကမာခွံထဲတွင် ဝင်နေနိုင်လောက်အောင် သေးငယ်သည်။ ဂျပန်ပင်လယ်၌ အများဆုံးတွေ့ရသောပင့်ကူကဏန်းကြီးများမှာမူ ကိုယ်အရှည် ၁၈ လက်မ၊ ကိုယ်ထည်အကျယ် ၁၂ လက်မခန့်ထိပင် ရှိတတ်သည်။ ကုန်းပေါ်၌နေထိုင်ကျက်စားသော ကုန်းကဏန်းများသည် ဥဥချိန်တွင် ပင်လယ်သို့လာကြသည်။ ရေနေကဏန်းမျိုးသည် အသက်ရှူရန် အဆုတ်နှင့်တူသော အင်္ဂါတစ်မျိုးပါရှိသည်။ အချို့ကဏန်းမျိုးမှာမူ ကုန်း၊ ရေ နှစ်ဌာနစလုံးမှာပင် လွယ်ကူစွာနေနိုင်ကြသည်။ ကဏန်းများသည် ၎င်းတို့၏ ခြေ၊ လက်တို့တွင် ဒဏ်ရာရပါက ထိုခြေလက်တစ်ခုလုံးကို ဖြုတ်ပစ်လိုက်၍ ထိုနေရာတွင် မကြာမီပင် ခြေလက်အသစ်ပေါက်လာသည်။

**ကဏန်း အထီး၊ အမ ခွဲခြားခြင်း**

ကဏန်း အထီး၊ အမများကို ခွဲခြားရန်အတွက် ဝမ်းဗိုက်ပိုင်းဘက်ကို လှန်ကြည့်ခြင်းအားဖြင့် ရင်ဘတ်အဖုံး၏ အနေအထားကိုကြည့်၍ လွယ်ကူစွာခွဲခြားနိုင်သည်။ ကဏန်းအမမှာ ဝမ်းဗိုက်ပြည့်လုနီးပါး ဂပုံသဏ္ဌာန်ရင်ဘတ်အဖုံးပါရှိပြီး အထီးသည် ထိပ်ချွန်ချွန်တြိဂံပုံ ရင်ဘတ်အဖုံးပါရှိသည်။

**ပင့်ကူကဏန်း**

ကဏန်းမျိုးစိတ်များတွင် ဂျပန်ပင့်ကူကဏန်းသည် အကြီးဆုံးဖြစ်ပြီး ဂျပန်နိုင်ငံအနီးရှိ ပင်လယ်နက်ပိုင်းတွင်ကျက်စားသော ကဏန်းမျိုးစိတ်တစ်ခုလည်းဖြစ်သည်။ ထိုကဏန်းမျိုးစိတ်များသည် ပင့်ကူများနှင့်ဆင်တူပြီး အလွန်ရှည်လျားသောခြေတံလက်တံ ၁၀ ချောင်းမျှပါရှိသည်။ အဆိုပါ ပင့်ကူကဏန်း၏ဂျပန်အမည်မှာ Taka-Ashi-Gani ဖြစ်ပြီး မြန်မာလို "အရပ်ရှည်သောကဏန်း"ဟု အဓိပ္ပာယ်ရသည်။ ၎င်းတို့သည် ရေအနက်ပေ ၁၆၀ မှ ပေ ၂၀၀၀ အတွင်းရှိ သမုဒ္ဒရာကြမ်းပြင်တွင် နေထိုင်ကျက်စားပြီး ခန့်မှန်းခြေအားဖြင့် ရေအပူချိန် ၅၀ ဒီဂရီစင်တီဂရိတ်လောက်တွင် ရှင်သန်နိုင်ကြသည်။ ပင့်ကူကဏန်းများသည် အခွံမာရေသတ္တဝါမျိုးစိတ်ပေါင်း ၆၀၀၀၀ တွင် အကြီးဆုံးမျိုးစိတ်တစ်မျိုးဖြစ်သည်။ ရေနက်ပိုင်းတွင် ကောင်းစွာရှင်သန်နေထိုင်နိုင်သည်။

**ပင့်ကူကဏန်း၏ သွင်ပြင်လက္ခဏာ**

ပင့်ကူကဏန်းသည် ထူးခြားမာကျောသောပြင်ပအခွံမာအဖွဲ့အစည်းများကိုပိုင်ဆိုင်ထားပြီး လိုအပ်ပါက အပြင်အခွံဟောင်းများကိုစွန့်ကာ အခွံအသစ်ပြန်လည်တည်ဆောက်တတ်ကြသည်။ ထိုကဲ့သို့တည်ဆောက်ရာတွင်လည်း အသစ်ဖွဲ့စည်းလိုက်သောအခွံသည် အနည်းငယ်ပိုမိုပျော့ပျောင်းကာ နှစ်ပတ်အတွင်းမှာပင် ပြန်လည်သန်မာလာကြသည်။ ထိုကဲ့သို့ အခွံသစ်တည်ဆောက်ခြင်းလုပ်ငန်းစဉ်သည် ပင့်ကူကဏန်းများအတွက် အချိန်ကြာမြင့်စွာလုပ်ဆောင်ရသော ခက်ခဲသည့်လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။

ကမ္ဘာပေါ်ရှိ ကဏန်းမျိုးစိတ်များတွင် ပင့်ကူကဏန်းသည် အကြီးဆုံးဖြစ်သည်။ ၎င်းတို့ကို ဂျပန်နှင့်တရုတ်(တိုင်ပေ)တို့တွင် အများဆုံးတွေ့ရသည်။ ဂျပန်နိုင်ငံတွင်တွေ့ရသော ပင့်ကူကဏန်းသည် ကမ္ဘာပေါ်တွင် အကြီးဆုံးအချင်းရှိသော ခြေချောင်းရှိသတ္တဝါအဖြစ် မှတ်တမ်းဝင်ထားပြီး ခြေလက်များမှာ ၁၂ ဒသမ ၅ ပေထိ ရှည်လျားကာ ကိုယ်ထည်အကျယ်မှာ ၁၆ လက်မ၊ အလေးချိန်မှာ ၄၂ ပေါင်ထိရှိနိုင်သည်။



ဂျပန်ပင့်ကူကဏန်းများသည် ပုံမှန်အားဖြင့် လိမ္မော်ရောင်ဖြစ်ပြီး ၎င်းတို့၏ ခြေထောက်များတွင် လိမ္မော်ရောင်နှင့် အဖြူကွက်များရှိသည်။ ၎င်းတို့တွင် လိမ္မော်ရောင်၊ နီညိုရောင် ကိုယ်လုံးကိုယ်ထည်ရှိပြီး အောက်နားသည် နို့နှစ်ရောင်ရှိသည်။ ရန်သူ၏အန္တရာယ်မှ ရှောင်ရှားရန်အတွက် ၎င်းတို့၏ကိုယ်ကို ရေညှိများ၊ ရေမြုပ်များဖြင့် ဖုံးကွယ်ထားတတ်သည်။

ပင့်ကူကဏန်းသည် သက်တမ်းရှည်နေထိုင်နိုင်သောမျိုးစိတ်ဖြစ်ပြီး ပင့်ကူကဏန်းများ၏သက်တမ်းသည် နှစ်ပေါင်း ၁၀၀ နီးပါး ရှင်သန်နေထိုင်နိုင်ကြကြောင်း သိရသည်။

**သားပေါက်ရာသီ**

ပင့်ကူကဏန်း၏ သားပေါက်ရာသီမှာ ဇန်နဝါရီလမှ ဧပြီလအတွင်းဖြစ်ပြီး ရေတိမ်ပိုင်းတွင် ကောင်းစွာ နေထိုင်ပေါက်ဖွားကြသည်။

**သားပေါက်ကောင်ရေ**

ပင့်ကူကဏန်းအမများသည် ဥများကို ၎င်းတို့၏ဝမ်းဗိုက်တွင် သားလောင်းများပေါက်သည်ထိ သယ်ဆောင်ကြသည်။ ကဏန်းအမများသည် တစ်ရာသီလျှင် ဥ ၁ ဒသမ ၅ သန်းထိ ပေါက်နိုင်ပြီး ၎င်းဥများသည် ပျမ်းမျှအားဖြင့် ၁၀ ရက်အတွင်း သားပေါက်ကြသည်။

**အစာရှာဖွေသည့်အလေ့အထ**

ဂျပန်ပင့်ကူကဏန်းများသည် ညအချိန်တွင် အစာရှာဖွေကြသည်။ ရေသတ္တဝါငယ်ကလေးများကို ဖမ်းဆီးရာတွင်လည်းကောင်း၊ ၎င်းတို့ကိုအန္တရာယ်ပြုမည့် သားကောင်များ၏အန္တရာယ်ကို ကာကွယ်ရာတွင်လည်းကောင်း ကိုယ်ကိုရုပ်ဖျက်ရန်ကြိုးစားမည့်အစား ညဘက်တွင် ၎င်းတို့ကိုအန္တရာယ်ပြုမည့်သားကောင်များကို ရှောင်ရှားရန်သာ ကြိုးစားကြသည်။

**အစာစားသည့်အလေ့အထ**

ပင့်ကူကဏန်းများသည် ရေသတ္တဝါအသေကောင်များ၊ ပင်လယ်ရေအောက်ကြမ်းပြင်ရှိ အပင်များ၊ ရေညှိများကို စားသောက်ကြပြီး အချို့မှာ ခရုခွံများနှင့် ရေသတ္တဝါတို့၏ သေးငယ်သောအခွံများကိုလည်း စားကြသည်။ ၎င်းတို့၏ရန်သူမှာ ငါးကြီးများ၊ ရေဘဝဲများဖြစ်သည်။ ပင့်ကူကဏန်းများသည် ၎င်းတို့၏အနီးအနားသို့ တစ်ခါတစ်ရံရောက်လာသော ငါးများကိုလည်း ဖမ်းယူစားသောက်ကြသည်။

**ပင့်ကူကဏန်းစားဖွယ်စုံ**

ပင့်ကူကဏန်းတွင် ခြေထောက်များကို အဓိကထား စားသုံးကြပြီး ၎င်းကိုပေါင်း၍ အသားထုတ်ယူကာ ဆူရှီ၊ ကဏန်းခြေထောက်ဟင်းလျာအဖြစ် ချက်ပြုတ်လေ့ရှိကြသည်။ အထူးသဖြင့် ကဏန်း၏အသားသည် သာမန်ကဏန်းများထက် ပိုမိုနူးညံ့ပြီး ချိုသောအရသာရှိသည်ဟု ဂျပန်အစားအစာပညာရှင်များက အသိအမှတ်ပြုထားသည်။ ဂျပန်နိုင်ငံရှိ အဆင့်မြင့်စားသောက်ဆိုင်များတွင် အထူးဟင်းလျာအဖြစ် တည်ခင်းလေ့ရှိပြီး ပင်လယ်စာအထူးအမျိုးအစားတစ်ခုအနေဖြင့် တွေ့ရှိနိုင်သည်။

**ပင့်ကူကဏန်းတွင်ပါဝင်သော အာဟာရဓာတ်များ**

ပင့်ကူကဏန်းတွင် ခန္ဓာကိုယ်ဖွံ့ဖြိုးစေသောဓာတ်များပါဝင်သောကြောင့် ပုံမှန်စားသုံးပေးခြင်းဖြင့် ခန္ဓာကိုယ်ရှိဆဲလ်များ၏ လုပ်ဆောင်ရည် ပိုမိုကောင်းမွန်လာခြင်း၊ သွေးနီဥများ၏ စွမ်းဆောင်ရည်ကောင်းလာခြင်း၊ အရိုးအဆစ်များသန်မာလာခြင်းစသည့်အကျိုးကျေးဇူးများရရှိနိုင်သည်။

အရသာရှိ၍ အသားဓာတ်ပါသောအစားအစာကို စားလိုသူများအနေဖြင့် ပင့်ကူကဏန်းဟင်းလျာသည် အသင့်တော်ဆုံးဖြစ်သည်။ ကျန်းမာသောကြွက်သားများကိုတည်ဆောက်နိုင်ရန် အသားဓာတ်ကို အမျိုးသားများသာမက အမျိုးသမီးပါ လိုအပ်သည်။ လူတစ်ဦး၏ တစ်နေ့တာလိုအပ်ချက်မှာ အမျိုးသားတွင် ၅၆ ဂရမ်ရှိပြီး အမျိုးသမီးတွင် ၄၆ ဂရမ်ဖြစ်သည်။ ကဏန်းသား သုံးအောင်စတွင် ပရိုတင်း ၁၆ ဒသမ ၅ ဂရမ်ကျော်ပါဝင်ပြီး ပရိုတင်းအသစ်များထုတ်လုပ်ရန်အတွက် လိုအပ်သော အမိုင်နိုအက်ဆစ် ၂၀ ကျော် ပါဝင်သောကြောင့် အသားဓာတ်ဖြည့်တင်းရန်အတွက် ပြီးပြည့်စုံသော အစားအစာဟုပင် ဆိုရပေမည်။

**ပင့်ကူကဏန်းစားခြင်း၏ ကျန်းမာရေးအကျိုးကျေးဇူးများ**

ပင့်ကူကဏန်းကို စားသုံးခြင်းအားဖြင့် ကြွက်သား၊ အရေပြားနှင့် ကိုယ်တွင်းအင်္ဂါဆိုသည့် ခန္ဓာကိုယ်၏တစ်ရှူးများ ကြီးထွားရန်အတွက် လိုအပ်သောအရည်အသွေးမြင့်ပရိုတင်းဓာတ်များကို ကဏန်းမှ ရရှိနိုင်သည်။ ပင့်ကူကဏန်း၏ အသားသည် အခြားအသားများနှင့်ယှဉ်ကြည့်လျှင် အဆီဓာတ်ပါဝင်မှုနည်းပါးသောကြောင့် အခြားအသားစားခြင်းထက် ကျန်းမာရေးနှင့် ပိုပြီးညီညွတ်စေသည်။ ပင့်ကူကဏန်းသည် အချို့သောပင်လယ်စာများထက် အဆိပ်သင့်စေသော ပြဒါးဓာတ်ပါဝင်မှုပမာဏ အလွန်နည်းသည့်အတွက် ရွေးချယ်စားသောက်သင့်သည်။

**အရိုးအဆစ်များသန်မာစေခြင်း**

ပင့်ကူကဏန်းထဲတွင် ကြွယ်ဝစွာပါဝင်သော ဖော့စဖရတ်သည် အရိုးနှင့်သွားများကို သန်မာစေသည်။ အရိုးပွရောဂါ ခံစားရနိုင်ခြေရှိသောလူများသည် ကယ်လ်စီယမ်ဓာတ်နှင့် ဖော့စဖရတ်တို့ ကြွယ်ဝစွာပါဝင်သော ပင့်ကူကဏန်းကို စားသုံးပေးသင့်သည်။

**အာရုံကြောအားကောင်းစေခြင်း**

ပင့်ကူကဏန်းထဲတွင် ဗီတာမင်ဘီ-၂၊ အိုမီဂါသရီးဖက်တီးအက်စစ်တို့ ကြွယ်ဝစွာပါဝင်သည်။ ထိုဓာတ်များ ပေါင်းစည်းလိုက်သောအခါတွင် မှတ်ဉာဏ်စွမ်းအားကောင်းမွန်ခြင်း၊ ရောင်ရမ်းမှုကို လျှော့ချပေးခြင်း စသည့်အကျိုးကျေးဇူးများကိုခံစားရနိုင်သည်။

**နှလုံးကျန်းမာရေးအတွက် အထောက်အကူပြုခြင်း**

ပင့်ကူကဏန်းတွင် အိုမီဂါသရီး ပါဝင်သည့်အတွက်ကြောင့် ခန္ဓာကိုယ်တွင်းရှိ ကိုလက်စထရောဓာတ်ကို ထိန်းညှိပေးသည့်အပြင် သွေးပေါင်ချိန်ကိုလည်း ထိန်းညှိပေးသည်။

**ခုခံစွမ်းအားကိုမြှင့်တင်ပေးခြင်း**

လေ့လာချက်များအရ ကဏန်းတွင်ပါဝင်သော ဆယ်လီနီယမ်ဓာတ်သည် ခုခံစွမ်းအားကို မြင့်မားစေရန်အတွက် လှုံ့ဆော်ပေးသောဓာတ်တစ်မျိုးဖြစ်ပြီး တစ်ခါတစ်ရံတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ်ပြောင်းလဲပြီး နှလုံးရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ပေးပါသည်။

**ခန္ဓာကိုယ်ရှိအဆိပ်အတောက်များဖယ်ရှားပေးခြင်း**

ပင့်ကူကဏန်းတွင်ပါဝင်သော ဖော့စဖရတ်ဓာတ်သည် ကျောက်ကပ်၏ အလုပ်လုပ်နိုင်စွမ်းကို တိုးမြှင့်ပေးပြီး ခန္ဓာကိုယ် ရှိအဆိပ်အတောက်များကို ပုံမှန်ထက်ပိုပြီး လျင်မြန် စွာ ဖယ်ရှားပေးနိုင်သည်။

သတိပြုရန်အနေဖြင့် ပင့်ကူကဏန်းတွင် ကိုလက်စထရောပါဝင်မှုမြင့်မားသည့်အတွက် အစားများလွန်းလျှင် နှလုံးကျန်းမာရေးကို ထိခိုက်စေသည်။ ပင်လယ်စာနှင့်ဓာတ်မတည့်သူများအနေဖြင့် ပင့်ကူကဏန်းစားခြင်းသည် ဓာတ်မတည့်မှုဖြစ်စေနိုင်သည်။ ပင့်ကူကဏန်းအပါအဝင် ကဏန်းများတွင် သဘာဝအတိုင်း ဆိုဒီယမ်ဓာတ်လည်း မြင့်မားစွာပါဝင်သည့်အတွက် သွေးပေါင်ချိန်တိုးစေနိုင်သောကြောင့် သွေးတိုးရှိသူများ သတိပြုစားသောက်သင့်သည်။ ပင့်ကူကဏန်းအပါအဝင် ကဏန်းများကို ချက်ပြုတ်သည့်အခါ မကျက်လျှင် သို့မဟုတ် မသန့်သည့်အခါ အစာအဆိပ်သင့်ခြင်းကဲ့သို့ ဝမ်းပျက်၊ ဝမ်းကိုက်ခြင်း၊ အော့အန်ခြင်းများ ဖြစ်တတ်သည်။

အချုပ်အားဖြင့်ဆိုရသော် အခွံမာရေသတ္တဝါ ပင့်ကူကဏန်းများသည် သဘာဝအားဖြင့် အရွယ်အစားကြီးမားလှသကဲ့သို့ အရသာလည်း ထူးခြားကောင်းမွန်လှသည်။ ထို့ပြင် ကျန်းမာရေးအကျိုးကျေးဇူးလည်း အမြောက်အမြားရရှိနိုင်သောကြောင့် စားပေးသင့်သည့် ပင်လယ်စာဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**

(1) မြန်မာ့စွယ်စုံကျမ်း၊အတွဲ(၇)
(2) ငါးလုပ်ငန်းစာစဉ်အတွဲ(၁)၊ အမှတ်(၄)
(3) Fish Base of Myanmar
(4) Inland Fisheries of Myanmar

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ ဦးမြင့်ဆွေ**
**ယာယီသမ္မတ**
**အသက် ( ၇၅ ) နှစ်**

နေပြည်တော်ကောင်စီနယ်မြေနေ၊ ဒေါ်ခင်သက်ဌေး၏ ချစ်လှစွာသောခင်ပွန်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက် (ကြာသပတေးနေ့) နံနက် ၀၈:၂၈ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်း

**ဝမ်းနည်းကြေကွဲခြင်း**
**ယာယီသမ္မတ ဦးမြင့်ဆွေ**
**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅(ကြာသပတေးနေ့)နံနက် ၈ နာရီ ၂၈မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်သန်းအောင်၊ ကျန်းမာရေးဝန်ကြီး(ငြိမ်း)နှင့်
ဇနီး ပါမောက္ခ ဒေါက်တာ ဒေါ်ဝင်းဝင်းမြ မိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
**ယာယီသမ္မတ ဦးမြင့်ဆွေ**
**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ရက်နေ့ နံနက် ၈ နာရီ ၂၈မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီးခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသန်းဌေး[ပြည်ထောင်စုဝန်ကြီး(ငြိမ်း)]+ဒေါ်စိုးဝတ်ရည်
မိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
**ယာယီသမ္မတ ဦးမြင့်ဆွေ**
**အသက်(၇၅)နှစ်**

မြန်မာနိုင်ငံဆေးဝါးပညာရှင်များအသင်းမှ ဆေးဝါးပညာရှင် ဒေါ်ခင်သက်ထားဆွေ၏ဖခင် ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံဆေးဝါးပညာရှင်များအသင်း

**ဝမ်းနည်းကြေကွဲခြင်း**
**ယာယီသမ္မတ ဦးမြင့်ဆွေ**
**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်(ကြာသပတေးနေ့)နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း လေးစားစွာဖြင့် ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာတာမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

**ဝမ်းနည်းကြေကွဲခြင်း**
**ယာယီသမ္မတ ဦးမြင့်ဆွေ**
**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊
ဝန်ထမ်းမိသားစုများ
နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂)

**ဝမ်းနည်းကြေကွဲခြင်း**
**ယာယီသမ္မတ ဦးမြင့်ဆွေ**
**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

အထူးဒေသ(၆)၊ PNO ပအိုဝ်းငြိမ်းချမ်းရေးအသွင်ပြောင်း
ပြည်သူ့စစ်(ဌာနေ)အဖွဲ့၊ ပအိုဝ်းအမျိုးသားခေါင်းဆောင်၊
အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဝဏ္ဏကျော်ထင်၊
ဦးအောင်ခမ်းထီနှင့် ဗဟိုကော်မတီဝင်၊ အဖွဲ့ဝင်များအားလုံး

**ဝမ်းနည်းကြေကွဲခြင်း**
**ယာယီသမ္မတ ဦးမြင့်ဆွေ**
**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်(ကြာသပတေးနေ့)နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

လက်ကိုဆပ်ပြာ (သို့မဟုတ်) Alcohol ၆၀ ရာခိုင်နှုန်းပါဝင်သော လက်သန့်ဆေးရည်ဖြင့် မကြာခဏစနစ်တကျဆေးကြောပါ။



# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၅၆၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မင်းကင်း ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီးကလေးခရိုင် မင်းကင်းမြို့နယ်တွင်ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၅၆၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် ပဲတီစိမ်း ၅၄၆၄ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၅၆၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ပဲတီစိမ်းဧက ၅၀၀၀ကျော်စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၅၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိတယ်၊အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲတီစိမ်း အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# နမ့်စန်မြို့နယ် ခါနန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ထုတ်ချေး

**နမ့်စန် ဩဂုတ် ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခါနန်ကျေးရွာ၌ ပဥ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ထုတ်ချေးခြင်းကို ဩဂုတ် ၈ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နန့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြိုးဖြိုးအောင်က ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၇ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ခါနန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ၂၀ ကို ငွေကျပ်၃၂ ဒသမ ၅သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၆ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၅ ဒသမ ၇ သန်း၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် ၃ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၆ဦးကို ငွေကျပ် ၄၇ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

ပြင်ဦးလွင်

# နန်းမြိုင်ကော်ဖီ






ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၀၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

100% PURE ARABICA COFFEE



ကုန်ဆုံးသွားသော စွမ်းအားများ

# DAGON Malta Fresh

နဲ့ ဖြည့်စွမ်းထား




ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



5 Digits
အောင်ဘာလေအွန်လိုင်းထီ

(၂၀)ကြိမ်မြောက် 5 Digits
အောင်ဘာလေအွန်လိုင်းထီ လက်မှတ်များကို
ဩဂုတ်လ(၁)ရက်နေ့မှ (၁၅) ရက်နေ့အထိ
စိတ်ကြိုက်ရွေးချယ် ကံစမ်းနိုင်ပါပြီ!



A,B,C က,ခ,ဂ
F,G,H ဓ,ဆ,ဇ
Z,RA,LA ယ,ရ,လ
U,V,Y ပ,ဗ,မ
TH,HA သ,ဟ
P,Q,T တ,ထ,န
AH အ

Call Center 777 (or)
09 677 000 777
Scan Me

*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။


## ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်၊ သံလျှက်မှော်အရှေ့ရပ်ကွက်(၄၃၂)နေ မဝင်းပပ (ဘ) ဦးကျော်တင့် (၉/မဟမ(နိုင်)၀၀၃၈၅၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-615961)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-259230988

## ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံအကွက်(၄၁၅)နေ မောင်ညီညီထွေး (ဘ) ဦးတင်အောင်(၉/အမဇ(နိုင်)၀၁၅၄၄၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-207948)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-776909116

## ပျောက်ဆုံးကြောင်း

ရန်ကင်းမြို့နယ်၊ မဥ္ဇူလမ်း၊ ဇင်ဇင်မြင့် (ဘ) ဦးရင်ဖျင့်(၁၃/လရန(နိုင်)၂၆၇၆၆၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-352816)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-259658198

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ထွဋ်ခေါင်မြန်မာ ကိုယ်ပိုင်ကျောင်း၊ Grade-7 တွင် ပညာသင်ကြားနေသောမဟေမာန်ဆောင်း၏ ဖခင်အမည်မှန်မှာအိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်သူလင်းဖြစ်ပါကြောင်း။ ဦးကျော်သူလင်း(၅/မမန(နိုင်)၀၈၃၄၁၃)


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။




"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၉၊
Email Address - accm@accm.gov.mm။
Website Address - http://www.accm.gov.mm

- ❖ ပို့ကုန်များ တိုးမြှင့်ရရှိရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်ရန်လို...
- ❖ ပန်းတိုင်ရည်မှန်းချက်ပြည့်မီပြီး အထွက်နှုန်းကောင်းမွန်မှသာလျှင် ပြည်ပပို့ကုန်များလည်း တိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၁၅ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Asia World Port Terminal–AWPT ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ကုန်သွယ်မှုဆိုင်ရာအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

- ❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြား ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်


နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များ သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများကို တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်း ၂၆ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် ၁၆ ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့၍ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်း ၄၂ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင်လည်း ကျောင်းသား၊ ကျောင်းသူ ၁၁၄၁ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်းကျောင်းသား၊ကျောင်းသူ ၅၅၅၁ ဦး အေးချမ်းပျော်ရွှင်စွာတက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ်ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၆၇ ဦးတို့ကို ငှက်ဖျားရောဂါ၊ စာမျက်နှာ ၁၇ ကော်လံ ၁ ☆

# National Bank Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဘင်ရှယ်လ်တန် ဆွတ်ခူး

**တိုရွန်တို ဩဂုတ် ၉**

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ကျင်းပခဲ့သည့် National Bank Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အမေရိကန်တင်းနစ်ကစားသမား ဘင်ရှယ်လ်တန်နှင့် ရုရှားတင်းနစ်ကစားသမား ကာချန်နော့ဗ်တို့ယှဉ်ပြိုင်ကစားခဲ့ရာ ဘင်ရှယ်လ်တန်က (၆-၇၊ ၆-၄၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဘင်ရှယ်လ်တန်သည် Masters 1000 တင်းနစ်ပြိုင်ပွဲအမျိုးအစား၌ ၂၀၀၄ ခုနှစ်က ရော့ဒစ်နောက်ပိုင်း ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးသော အမေရိကန်တင်းနစ်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည့် အသက် ၂၂ နှစ်အရွယ် ဘင်ရှယ်လ်တန်က "ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တာဟာ ကျွန်တော့်အတွက် အရမ်းကို ကောင်းမွန်တဲ့ ခံစားချက်ကို ဖြစ်ပေါ်စေပါတယ်။

စာမျက်နှာ ၁၆ ကော်လံ ၃ ❖



**နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့**

ဆောင်းပါး စာမျက်နှာ- ၄

**တရားမဝင် လုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန် ပစ္စည်း၊ လိုင်စင်မဲ့ မော်တော်ယာဉ်၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ**

စာမျက်နှာ- ၂၂